

ဂျာနယ်ကျော်
မမလေး
လောကီရတနာ







စေတနာစာပေ

# ဂျာနယ်ကျော် မမလေး

လောကီရတနာ

မှောင်လွန်းရသည့်အထဲ ပတ်ဝန်းကျင်တစ်ရပ်လုံး ဆိတ်သုဉ်းနေလေ၏။

ခြံစည်းရိုးတစ်လျှောက် ပိန္နဲပင်ကြီးများဖြင့် လေးဘက် လေးတန်စလုံး ပိတ်ဖုံးနေသော မေဗိနီ တောရကျောင်းဝင်းကြီးတစ်ဝင်းလုံး အမှောင်ထုထဲ၌ အတိုင်းမသိ ငြိမ်သက်လျက် ရှိနေသည်။

သစ်ပင်သစ်ရွက်များ အုပ်ကွယ်ထား၍ ကျောင်းဝင်းအတွင်းရှိ အဆောက်အအုံများကို ကြယ်ရောင်ကလေးများဖြင့်သာ ... တိုးဝါးတား မြင်ရသည်။



ကျောင်းဝင်းပေါက်ဝမှ ကားဝင်သွားသည့်အခါ ညဉ့်ငှက်များလန့်၍ ဆူညံပျံသန်းကြသည့်အသံများသည် မှောင်မိုက်တိတ်ဆိတ်နေသော ညကြီး၌ ရင်ဖိုစရာကောင်းသည်။

ကားကို ပိန္နဲပင်ကြီး အောက် ၌ ထိုး ရပ် လိုက် ပြီး နောက် ကျောင်းခွေးများကို ကြောက်ကြောက်နှင့် ခြေသံမထွက်အောင် ချွတ်နင်း နင်းလျက်လျှောက်ခဲ့သည်။

ခပ်လှမ်းလှမ်းမှ မီးရောင်ကလေး မြင်ရ၍ ဆွမ်းစားဇရပ်ဆီသို့ အသံမကြားအောင် ပြေးသွားရသည်။

ဆွမ်းစားဇရပ် မျက်နှာစာတွင် ကြက် ထူး ခွေး တန်း ကွက် အပေါက်များရှိ၍ ဇရပ်ထဲသို့ လှမ်းကြည့်လိုက်သည်။

မိန်းမ သုံးလေးဦးသည် ကျောင်းကပြင်၌ ခေါင်းချင်းဆိုင်ကာ စုဝေးထိုင်နေကြရာမှ မှောင်ထဲတွင် မမြင်မစမ်းပြေးလာသော ကျွန်မကို ငေးကြည့်နေကြသည်။

ကျွန်မမှန်း သိလျှင် တစ်ဦးက ထ၍ လှေကားပေါက်မှ ဆီးရပ်ကြိုသည်။

"ခုနကမှ အိမ်ပြန်ရောက်လို့ စာတွေ့ရတယ်၊ ကြီးကြီးခင် ဘယ်လိုနေသေးသလဲ ခင်ခင်စု"



မီးရောင်ကို ကျောခိုင်းကာ ထွက်ရပ် ကြို ဆို နေ သော သူကို ခင်ခင်စုဖြစ်မှန်း အနားကပ်မှ သိရသည်။

ကျွန်မက လှေကားမတက်မီ လှမ်းမေးလိုက်သည်။

"ဆုံးပြီ.... ခုနကပဲ"

အံ့ဩလွန်း၍ ကျွန်မမှာ ကြက်သေကြီးသေလျက် လှေကားထစ်၌ ကျောက်ရုပ်ကြီးလို ဖြစ်နေသည်။

"မမကို လိုက်ရှာကြတာအန္တိပဲ၊ မြို့ထဲတောင် ရောက်သေးတယ်၊ ခုနကလေးကမှ အသက်ထွက်သွားတာ"

"ဟင်"ဟု ကျွန်မနုတ်မှထွက်သွားကာ ခေါင်းငိုက်ကျသွားသည်။

ယနေ့ည မြို့ထဲမှ ရုပ်ရှင်ကြည့်ပြီး အိမ်သို့ ရောက်သည့်အခါ 'ကြီးကြီးခင် မူးနေတယ်။ မမလာခဲ့ပါ' ဟူသော ခင်ခင်စု၏ စာကလေးကို စားပွဲပေါ်၌တွေ့တွေ့ချင်း 'ဟိုက်' ဟု အလန့်တကြား အော်လိုက်ကာ ပျာရိပျာယာ ထွက်လာခဲ့သည်။

ကြီးကြီးခင် နေထိုင်မကောင်းဘူးဟု တစ်ခါမှ မကြားဖူး... အံ့ဩလာခဲ့သည်။

ကြီးကြီးခင်အတွက် စိုးရိမ်မကင်း ဖြစ်မိသော်လည်း ရုတ်တရက် သေလိမ့်မည်ဟု မထင်။

ရုတ်တရက် သေဆုံးပုံကို ကြားသိရခြင်းသည် ကျွန်မအား ထိုနေရာမှ မရွေ့နိုင်လောက်အောင် ဇာဝီနှင့် စုတ်သားသကဲ့သို့ ဖြစ်နေသည်။

"ညနေကအကောင်းပဲ မမ၊ ရေပါချိုးပြီး မနက် ဆွမ်းဟင်းအတွက် ဈေးသွားဝယ်မလို့ ကျောင်းက အထွက် မူးလိုက်ထာပြောပြီး ထိုင်ချတာပဲ၊ အဲဒါနဲ့ ကျောင်းပေါ် ပြန်ပွေ့ တင်လာကြရတယ်၊ မမလိုက်ရှာကြတာ ရှာမတွေ့တာနဲ့ ဆရာဝန် ခေါ်ရတယ်၊ အသက်အောထွက်ရော စကားတစ်ခွန်းမှ မပြောနိုင်ဘူး၊ သတိလဲ မရဘူး"

ခင်ခင်စုပြောပြနေစဉ် မမြစိန် အနားသို့ ရောက်လာသည်။

သူတို့မှာ ကြီးကြီးခင် အသက်မထွက်ခင် ကျောင်းသို့အချိန်မီ ရောက်နှင့်နေကြသည်။

ကြီးကြီးခင် သေပြီဟူသောအသိဖြင့် ပုတ်လောက်ကြီးသွားသော ကျွန်မခေါင်းကို အနိုင်နိုင်ပင့်ထောင်ရကာ ပြည့်ဝေနေသော မျက်ရည်တွေနှင့် ဇရပ်ထဲသို့ အားယူကြည့်ရလေသည်။



ဇရပ်ထဲ၌ ရှင်းနေသည်။

ဆွမ်းစားကျောင်းဖြစ်၍ ခန်းမဆောင်ကြီး၌ သံဃာတော်များ ဆွမ်းစားကြသည့် စားပွဲခုံများ၊ ဒန်ရေချိုင့်ခွက်များမှာ နံရံ၌ မှီစီထားသည်။

ဆွမ်းစားကျောင်းခန်းမကြီး၏ အနောက်ဘက် အဆောင်တံခါးဝ၌ ဦးပဉ္ဇင်းနှစ်ပါး ရပ်နေကြကာ အထဲသို့ လှမ်းကြည့်နေကြသည်။

ဇရပ်ထဲ၌ ခေတ်မီးရောင်မှာ ထိန်နေအောင် မလင်းလှဘဲ အားနည်းကာ အရောင်ဖျော့မှိန်နေသည်။

ခန်းမကြီးအလယ်ပေါက်တွင် အနီးအနားမှ သတင်းမေးလာကြသည့် ဧည့်သည်တစ်စု ထိုင်နေကြသည်။

ကျွန်မမှာ မည်သူတွေမှန်း သေသေချာချာ မကြည့်နိုင်ဘဲ ခင်ခင်စုနှင့် မမြစိန်ခေါ်ရာနောက်သို့ လေးလံစွာလျှောက်လိုက်သွားရသည်။

ဇရပ်နောက်ဖေး အဆောင်ကလေးဆီသို့လာခဲ့ကြရာ အခန်းဝ၌ ပိတ်ရပ်နေကြသော ဦးပဉ္ဇင်းနှစ်ပါးက လှမ်းဖယ် ပေးကြသည်။



မီးဖိုနှင့်ကပ်လျက် စားသောက်စရာ ကြောင်အိမ်၊ ဗီရို၊ ထုံခွက်ပန်းကန်များထားရာ စားဖိုဆောင်အခန်းထဲ၌ ကြီးကြီးခ၏ အလောင်းကို ဘွားခနဲ မြင်လိုက်ရသည်။

ကျွန်မ၏မျက်လုံးတွေမှာ ပြာသွားကာ ရင်ထဲ၌ နာသွားလေသည်။

ကြီးကြီးခင်၏အလောင်းကို မီးဖိုဆောင်ထဲ၌ တွေ့ရတာမျှလောက် ရင်ထဲ နာသည် မရှိ။

နောက်နောက်က ကြီးကြီးခင်ကို မီးဖိုဆောင်ထဲ၌ အသက်ပျောက်လိမ့်မည်ဟု ကြိုတင်၍ မသိမမြင်ခဲ့သော်လည်း ကြီးကြီးခင်ကို 'ဒီနေရာဟာ ကြီးကြီးခင်နေရာမဟုတ်ဘူး'ဟု ပြောဖူးခဲ့သော အတိတ်ကြောင့် ရင်ထဲ၌ မခံမရပ်နိုင်အောင် နာသွားခြင်း ဖြစ်သည်။

အသက် ၆၀-ခန့်ရှိအမယ်ကြီးတစ်ယောက်မှာ ကြီးကြီးခင်၏ အလောင်းဘေး၌ ထိုင်နေသည်။

အလောင်းခြေရင်းဘက်၌ အဘိုးကြီးတစ်ယောက် ကြောင်အိမ်ကို ကျောမှီကာ လက်ပိုက်လျက် အလောင်းကို ရပ်ကြည့်နေသည်။



ဦးပဉ္ဇင်းတစ်ပါးနှင့် ကံဘဲ့မှ အမြှုပ်တော်ခွန် ဝန်ထောက်ကဒတ် ခေါ်ပြုံးတို့လည်း အနားတွင် ရှိကြသည်။

ကြီးကြီးခင်သည် ခေါင်းအုံးပေါ်၌ဘီးဆံပတ်ကြီးနှင့် အညာစောင်အနီကို တစ်ကိုယ်လုံး ခြုံထားကာ အိပ်နေသည့်အတိုင်း ခြေဆန့်လက်ဆန့် အသက်ပျောက်နေရှာသည်။

အလောင်းခြေရင်း၌ ကျွန်မထိုင်ချလိုက်သည်။

စောင်ဖုံးထားသော ခြေထောက်ကို လက်နှစ်ဖက်ဖြင့် ခြေဖဝါးမှ တင်းကျပ်စွာ ဆုပ်ကိုင်ထားကာ တစိမ့်စိမ့်ထိုင်၍ ကြည့်လျက် နေစဉ်အတွင်း ကျွန်မ၏ စိတ်ကို ထိန်းချုပ်၍ မရသလောက် လှုင့်ချင်ရာ လှုင့်နေသည်။

ကျောင်းသို့ လာလှူဒါန်းကြသော မုန့်သေတ္တာ၊ နို့ဆီ၊ ငါးသေတ္တာဘူးများ သိုလှောင်ထားရာ ဗီရိုကြီးနှင့် တစ်ဖက်က ပန်းကန်ခွက်ယောက်ထားရာ ဗီရို ကြောင်အိမ် နှစ်လုံးကြား၌ အသက်ပျောက်နေသော ကြီးကြီးခင်၊ သူ့ခြေရင်းက ကျွန်မ၊ တစ်ယောက်နှင့်တစ်ယောက် အဘယ်ပုံသိခဲ့ကြသနည်း။

*       *       *

# ၂

ကြီးကြီးခင်ကို ကျွန်မချောင်းနေသည်။

နှစ်ယောက်တည်း တွေ့နိုင်အောင် အလစ်ကို ချောင်းနေသော်လည်း တော်တော်နှင့် ခွင့်မသာနိုင်ဘဲ ဖြစ်နေသည်။

ဂျပန်ခေတ်အတွင်း ပိုလ်လကျ်ာအိမ်မှ ရွှေ့ခဲ့ကြကာ ကံဘဲ ဒေါ်ဒေါ်သိန်းတို့အိမ်သို့ ပြောင်းရွှေ့လာကြမှ ဒေါ်ဒေါ် အစ်မ ကြီးကြီးခင်နှင့် ကျွန်မတွေ့ကြရသည်။

ပြောင်းသည့်နေ့က နေ့လည် ၁၂-နာရီလောက်ရောက်သွားကြသည်။



ရောက်ရောက်ချင်း ကျွန်မတို့ကို ဒေါ်ဒေါ်တို့က ထမင်းမြင်ကျွေးသည်။

ထမင်းပွဲမထိုင်မီ ကျွန်မက ဒေါ်ဒေါ်နှင့် ကြီးကြီးခင်ကို ကျွန်မတို့နှင့်အတူ ဝင်စားကြရန် ခေါ်သည်။

"ဒေါ်ဒေါ်စားပြီးပြီ စားစား။ သူကတော့ဥပုသ်စောင့်နေတယ်"

ထမင်းစားပွဲသို့ဝင်ထိုင်ကာ"ဒီနေ့ဥပုသ်နေ့လားဒေါ်ဒေါ်" ဟု ကျွန်မက ဒေါ်ဒေါ်သိန်းကို မေးလိုက်သည်။

"ဒီနေ့ ဥပုသ်နေ့မဟုတ်ပါဘူး၊ သူ့ဥပုသ်က တစ်သက်လုံး စောင့်လာခဲ့တဲ့ဥပုသ်၊ သေတဲ့နေ့အထိ စောင့်မယ့်ဥပုသ်"

ဒေါ်ဒေါ်က ပြောပြီး၊ ရယ်မောလိုက်သည်။

ကျွန်မ၏မျက်လုံးများသည် ကြီးကြီးခင်ဆီသို့ ရောက်သွားသည်။

ရုံးစိုက်စွာ ကြည့်လိုက်မိသည်။

ဘီးဆံပတ်ကြီးကို ပြောင်ပြောင် ပတ်ထားလျက် ဗိုဘီကျပခုံမှာအကျီ၊ တိုဘရက်ကိုး နက်ပြာရောင်လုံချည်နှင့် နံ့သာမထိသော မျက်နှာပြောင်တင်းတင်းသည် ဥပုသ်သည်ရုပ် ပေါက်ပါ၏။

နုဖူးကျယ်ကာ မျက်နှာဝိုင်းဝိုင်း ပါးနှစ်ဖက် ဖောင်းမို့လျက် သိမ်မွေ့စွာ ပြုံး၍ ကြည့်နေသော ကြီးကြီးခင်၏ မျက်လုံးအကြည့်သည် အကြည်ဓာတ်နည်းပါးနေကာ လောကီကို လစ်လျူရှုဟန် သူ့ဘဝကိုသူ အစဉ်သဖြင့် မမေ့မလျော့ သတိချပ်လေးနက်လျက်ရှိဟန် ဤအသွင်သည် မျက်နှာပေါ်၌ထင်ရှားစွာ ပေါ်နေသည်။

ထိုမျက်နှာမှာ လူဝတ်ကြောင်နှင့် တစ်စက်မှမလိုက်ဘဲ မယ်သီလရှင် မျက်နှာမျိုးနှင့် တူလှလေခြင်းဟု ကျွန်မစိတ်၌ အောက်မေ့မိလိုက်သည်။

ညဘက် ဒေါ်ဒေါ်နှင့် စကားကောင်းနေကြ၍ ညတစ်ချက်တီးမှ အိပ်ရာဝင်ကြသည်။

ကျွန်မမှာ အိပ်ရာထဲ၌ အိုက်လှ၍ အိပ်မပျော်နိုင်ဘဲရှိနေစဉ် စားခန်းဆီးအပြင်ဘက်မှ မီးထွန်းထားသော ဖယောင်းတိုင်ကို ကိုင်မြှောက်ထားသည့် လက်ကြီးတစ်ဖက် မြင်လိုက်ရ၍ လန့်သွားသည်။

ကျွန်မတို့ အိပ်ခန်း၏ အပြင်ဘက် ဧည့်ခန်း၌ အိပ်နေသော ဒေါ်ဒေါ်က....

"ဟဲ့....ဘယ်သူတုံး" ဟု မေးလိုက်သော အသံ ထွက်လာသည်။

မှောင်ထဲ၌ အားနည်းစွာ ရှိသော ဖယောင်းတိုင် မီးကလေးသည် ယိမ်းထိုးလျက် ကစားနေ၏။

"ငါပါ....နာရီကြည့်တာပါ"

ကြီးကြီးခင်၏ ခပ်အုပ်အုပ်အသံလေးကို ကြားရမှ ကျွန်မမှာ အလန့်ပြေသွားကာ မီးရောင်ပြရာ ဇာခန်းဆီးပေါက်သို့ စိုက်လျက် ကြည့်နေသည်။

"ဘယ်အချိန် ရှိသေးလို့လဲ၊ အခုမှ ၂-ချက် ထိုးသေးတယ်၊ သွားအိပ်ချေဦး"၊

ဒေါ်ဒေါ်၏ အသံမှာ ငေါက် ပြော သော အ သံ ပါနေသည်။

ဖယောင်းတိုင်မီးသည် ယိမ်းထိုးလျက် နောက်ပြန်ဆုတ်သွားကာ တစ်မုဟုတ်ချည်း ပြန်မှောင် သွားလေသည်။

အသံများလည်း ပျောက်ကုန်သည်။

ကျွန်မမှာ ဆက်လက်၍ အိပ်မရဘဲ ဖြစ်နေ၏။



"သူကတော့တစ်သက်လုံးစောင့်လာတဲ့ဥပုသ်၊သေတဲ့နေ့အထိ စောင့်ရမှာ"ဟု နေ့ခင်းက ဒေါ်ဒေါ်ပြောသော စကားကို သွား၍ သတိရကာ တောင်စဉ်းစား မြောက်စဉ်းစားနှင့် တော်တော်နှင့် မပြီးနိုင်အောင် စဉ်းစားမိသည်။

"အပျိုလဲ အပျိုကြီး....ဘာ့ကြောင့် လူ့ဘဝနှယ် သူက တစ်သက်လုံး ဥပုသ်စောင့်နေတာပါလိမ့်"

ကြီးကြီးခင်၏ အကြောင်းကို စဉ်းစား နေရင်း လျှို့ဝှက်သော သွင်ပြင် လက္ခဏာတို့သည် ကျွန်မ မျက်စိထဲတွင် ပေါ်လာကာ ထူးသလိုလို ထင်လာသည်။

ထူးပုံကို ပေါ်ပေါက် ရှာရှာ တွေးတော စဉ်းစား ကြည့်နေသဖြင့် မျက်လုံး ကျယ်ကာ ပြန့်၍ အိပ် မ ရ အောင် ဖြစ်နေသည်။

တစ်နာရီလောက်ကြာလျှင် လှုပ်ရှားသံဟူ၍ လုံးဝမရှိဘဲနှင့် ရှဲခနဲ ခြစ်လိုက်သော မီးခြစ်သံ ထွက်လာသည်။

အတိတ်ကြီးတိတ်လျက် ရှိနေခိုက် ရှဲခနဲ အသံသည် အလွန်ကျယ်လောင်သွားသည်။

ကျွန်မ၏မျက်လုံးများသည် ဇတ်ခနဲ ပွင့်သွားသည်။





ပြင်ထောင်ပေါ်က မျက်နှာကြက်တွင် အလင်းရောင်ကလေး ဖျော့ဖျော့ မြင်ရ၍ ကြီးကြီးခင်၏ အခန်းမှ မီးခြစ် လိုက်မှန်း သိရသည်။

ဖယောင်းတိုင် မီးရောင်သည် လင်းသထက် လင်းလာမှပင် ဖယောင်းတိုင်များ ထွန်းညှိလျက် ဘုရားမီး ပူဇော်နေမှန်း သိရသည်။

မီးရောင်သာ ပေါ်လာသော်လည်း အသံမရှိဘဲ ငြိမ်သက်တိတ်ဆိတ်လျက် ရှိနေသည်၊

ထိုအခိုက် ခြေသံဟူ၍ မကြားရဘဲ မီးဖိုဘက်ဆီမှ မီးဖိုတံခါးဖွင့်သံ ထွက်လာပြန်သည်။

ထိုနောက် နောက်ဖေး ရေချိုးခန်း တံခါးဖွင့်သံ ပေါ်လာပြန်သည်။

ကြီးကြီးခင်သည် ည ၃-နာရီလောက် ချတ်နှင်း နှင်းကာ မှောင်ထဲ၌ တစ်အိမ်လုံး အနှံ့အပြား သွားနေပုံ ရှိသည်။

အသက် ၆၀-ခန့်ရှိသည့်တိုင်အောင် လူငယ်များထက် ဖျတ်လတ် ပေါ့ပါးလှပုံကို နေ့လည်ကပင် အကဲခတ်မိထားသည်။



တစ်ထပ်အိမ်ကလေးဖြစ်၍ မှောင်ကြီးထဲ၌ ကြီးကြီးခင် ဘယ်ရောက်သွားပြီ၊ ဘယ်ရောက်လာပြီ၊ သူ့ခြေသံကို မကြားရသည့်တိုင်အောင် သူရောက်သွားရာနေရာက တစ်ချက်တစ်ချက် ထွက်လာသော အသံများဖြင့် မှန်းဆကြည့်ရင်း မှောင်ထဲမှာ လျှောက်ပြီး ဘာများ လုပ်နေပါလိမ့်ဟု အောက်မေ့မိသည်။

အတန်ကြာလျှင် မိုးကောင်းဘုရားဆီက အရုဏ်တက် အုန်းမောင်းသံများ ထွက်လာသည်။

ထိုအသံများနှင့် ရော၍ ခွေး တွေ အူအူ ဆူဆူ ရှိနေတုန်း ကြီးကြီးခင်၏ အခန်းထဲမှရိုက်ခတ်လိုက်သောကြေးစည်သံလည်း တစ်ပြိုင်တည်း ထွက်ပေါ် နေသည်။

ကြီးကြီးခင်သည် အရုဏ်တက် ဆွမ်းတော်ကာ ဘုရားဝတ်ပြုနေလေပြီ။

ညဦးကလိုပင် သံနေသံထားနှင့် ဟိုဘက်အိမ် သည်ဘက်အိမ် ကြားလောက်အောင် ရွတ်ပါးသီလခံကာ ကြည်ညိုစွာ ရွတ်ဆိုနေလေသည်၊

ဘာယာ ကြည်နူး ဖွယ်ရာ ကောင်းလှသည့် ကြီးကြီးခင်၏ ဘုရား ရှိခိုးသံသည် ကျွန်မ၏ အသည်းထဲ၌ နစ် နေ လျက် တဖြည်းဖြည်း မေးငိုက်အိပ်ပျော်သွားတော့သည်။

နံနက် အိပ်ရာက နိုး၍ မျက်နှာမသစ်ခင် ဒေါ်ဒေါ်နှင့် ရေ ချိုးခန်းဝ၌ ဆုံကြသည်။

"ညက ကြီးကြီးခင် ထကာ လန့်သွားဘာပဲ" ဟု ကျွန်မ က ပြောလိုက်သည်။

"ဝိဇ္ဇာမကတော့ ညတိုင်း ဒီလိုချည်းပါပဲ၊ ကောင်း ကောင်းအိပ်တာမှ မဟုတ်ဘဲ၊ ဆွမ်းချက်ဖို့ နာရီကိုချည်း ထ ထကြည့်နေတာပဲ"

ကျွန်မတို့သောက်ရန် ကော်ဖီစားပွဲကို ကြီးကြီးခင်က ပြင် ပေးထားသည်။

ကြီးကြီးခင်သည် မိုးလင်းသည်နှင့် မီးဖိုထဲသို့ ရောက်နေ လေသည်။

ဘီးဆံပတ်ကြီး ပတ်လျက် အင်္ကျီ ဗိုဘီ ကျနှင့် အင်္ကျီ လက် မောင်းကို ပင့်ကာ လက်မလည်အောင် ချက်ပြုတ်နေသည်။

လက်ဖက်ရည် စားပွဲတွင် ထိုင်ကြကာ ကြီးကြီးခင်ကို....

"ကော်ဖီ သောက်ပါဦး" ဟု ကျွန်မ လှမ်းခေါ် လိုက် သည်။



"ပြီးပါပြီ....လှိုင်ရေ....ပြီးပါပြီ၊ သောက်ပါ၊ ကြီးကြီးခင် သောက်ပြီးပါပြီလေ"

မီးဖိုထဲမှ ထွက်လာသည့် အသံကား မော်လမြိုင် သံလည်း ငင်၏။ ခပ်ဝေဆာဆာနှင့် လှိုင်နေကာ အပြေးအလွှား ပြောသံ မျိုး နားထဲသို့ ပြေးလွှား ဝင်လာသည်။

"ကျောင်းအတွက် ဆွမ်းက ခုနစ်ကျောင်း ရှိတယ်၊ တစ် မနက်လုံး ဆွမ်းဟင်းမီအောင် သူပဲ ဝင်ချက်နေတာပဲ၊ ကောင်းမလေးတွေ ချက်တာလဲ တစ်စက်မှ မကြိုက် ဘူး"

ကော်ဖီသောက်ရင်း ဒေါ်ဒေါ်က ကြီးကြီးခင်အကြောင်း ကို ပြောပြနေသည်။

ညီအစ်မနှစ်ယောက် ကုသိုလ်ရေးကိစ္စ ဝါသနာ ကြီးမားကြ ပုံကို သာဓုမခေါ်ဘဲ မနေနိုင်အောင် အားရ ကြည်နူးမိသည်။

ကုသိုလ်ရေးသာမက အိမ်သို့ လာသမျှ ဧည့်သည်တိုင်း မည် သူ့ကိုမျှအလွတ်မပေးဘဲ ကျွေးရမွေးရမှ ကျေနပ်ကြသော သဒ္ဓါ တရားကိုလည်း အကဲခတ်မိသည်။

အိမ်ပေါ်သို့ ဧည့်သည် တက်လာလျှင် ဒေါ်ဒေါ်သည် တံခါးကို ပြေးဖွင့်ကာ



"လာပါ....လာပါ" ဟု ဖျူဖျူဌာဌာ ဝမ်းသာ အား ကြီးဆိုတတ်သည်။

အိမ်ရှေ့ပေါက်က ဧည့်သည် လာသံကြားလျှင် ကြီးကြီး သည် မီးဖိုဆောင်တံခါးပေါက်မှ အလုပ်များနေရာကပင် ထွ ရပ်ကြည့်လျက် မော်လမြိုင်သံ သာသာဝဲဝဲဖြင့် ဧည့်ကြိုလိုက်သေ သည်။

ဧည့်သည် အိမ်ပေါ် ရောက် တော့ မှ ပင် အိမ်ရှေ့နှင့် မီး ပေါက်မှ ဧည့်ကြိုသံများ စဲသွားကြသည်။

ဧည့်သည်များ ကုလားထိုင်၌ ထိုင်မိကြလျှင် အိမ်ရှေ့မှ ဒေ ဒေါ်က...

"မိစိန်ခင်ရေ" ဟု လှမ်းအော် အချက်ပေးသည်။

"ရမယ်....ရမယ်....ပြင်နေပြီ"

နောက်ဖေးမှ ကြီးကြီးခင်က အသံ ပြန်ပေးလိုက်သည်။

တစ်ခဏ အတွင်း လက်ဖက်ရည်နှင့် မုန့်များ ဧည့်သည်ရှေ မှောက်သို့ ရောက်သွားသည်။

ကျွန်မမှာ ဒေါ်ဒေါ်တို့နှင့်အတူနေရန် ပြောင်းရွှေ့လာသည့် နေ့တွင်ပင် ဧည့်ဝတ်ကျေပွန်သည့် သည်လို အိမ်မျိုး သည်တစ်ခါ ပဲ တွေ့ဖူးပါသည်ဟု အောက်မေ့ မိသည်။



"ဒေါ်ဒေါ်တို့က လာသမျှ သိပ်ကျွေးချင် မွေးချင်ရှိတာ ပဲ၊ ဒီအိမ်တော့ ဧည့်ပျော်မယ့် အိမ်ပဲ"

ဒေါ်ဒေါ်က ရယ်မော နေသည်။

"စေတနာတော့ မပြောနဲ့တော့၊ ကောလိပ်ကျောင်း သမဂ္ဂမှာ ထမင်းဆိုင်ဖွင့်ခဲ့တာ စေတနာတွေ ပိုလွန်းလို့ ပေါ့၊ ရှိစုမဲ့စု အကုန်ပြုတ်ခဲ့တာပဲ၊ ဒီအိမ်ကတော့ ဧည့် သည် ဘယ်တော့မှ မစဲဘူး၊ ဒီလိုပဲ တစ်နေ့ တစ်နေ့ ဧည့်ခံနေရတာနဲ့ အချိန်ကုန်တာပဲ"

ဒေါ်ဒေါ်သည် ပြောပြီး မီးဖိုထဲသို့ မေးထိုးပြကာ....

"ဟိုဟာမကြီးက ဒေါ်ဒေါ်ထက် ပိုသေးတယ်" ဟု ဆို သည်။

ကြီးကြီးခင်သည် တစ်မနက်လုံး မီးဖိုထဲတွင် ချွေးတလုံးလုံး နှင့် ချက်ပြုတ်နေသည်။

သူ ချက်နေခိုက် မီးဖိုထဲသို့ ကျွန်မ တစ်ခေါက် နှစ်ခေါက် ဝင်ကြည့်သည်။

ဖင်ထိုင်ခုံကလေးပေါ်တွင် ထိုင်လျက် ချက်စရာ ဟင်းလျာ အမယ် သားငါး၊ အသီးအနှံ၊ အိုးခွက်၊ ဆီဆား၊ နနွင်း၊ ပုလင်း၊

ဘူးခွက်၊ စဉ်းတီတုံး စသည်တို့ကို သူ့ ရှေ့၌ ပတ္တလား စီသလို စီတန်း ဖြန့်ချထားကာ တစ်ခုပြီး တစ်ခု လက်မလည်အောင် ပြင်ဆင် ချက်ပြုတ်နေသည်။

ထိုအချိန်အတွင်း အိမ်ပေါ်သို့ ဧည့်သည်များ တစ်သုတ်ပြီး တစ်သုတ် ပေါက်လာကြတိုင်း မီးဖိုထဲတွင် ချက်ရင်း ပြုတ်ရင်းက....

"ရမယ်....ရမယ်.... အခု ရမယ်....ပြီးပါပြီ" ဟု အလိုက် သင့်လိုက် ပြောနေသော ကြီးကြီးခင်၏အသံသည် အိမ်ရှေ့သို့ တုတ်တုတ်ထိ ရောက်အောင် လွှမ်းသွားသည်။

ဧည့်သည်ကို ကော်ဖီနှင့်မုန့်နှင့်ကျွေးရန် သူ့ စိတ်ထဲ၌ တင်းမ တိမ်နိုင်သေးလျှင် တစ်မျိုး တစ်ဖုံ ဆန်းဆန်း ပြားပြား ကြော် လှော် ဖုတ် လုပ်ပေး ရတာမျိုးလည်း ပါဦးမှ ကျေနပ် နိုင်မည် ဖြစ်သည်။

အလုပ်မအားသည့်ကြားထဲမှ ဖိုပေါ်၌အရေးတကြီး အချိန်မီ ချက်နေသော ဟင်းအိုးများကို ချကာ ဖုတ်ပူမီးတိုက် စားစရာ တစ်ခုခု စီစဉ် ကြော်လှော်လုပ်လျက် စားချင့်စဖွယ် လှလှပပကြီး ပြင်ထုပ် ပေးလိုက်သည်။

"စိတ်လဲ ရှည်ပါပေတယ်"





ကျွန်မ စိတ်ထဲက ချီးကျူးမိလျက် ကြီးကြီးခင် လုပ်ပုံကိုင်ပုံ များကို အနားကနေ ကြည့်ရင်း သူ့အစား ကျွန်မ မောဟိုက် နေမိသည်။

နံနက် ၁၁-နာရီ ထမင်းစားပွဲ ပြင်သည်။

ချက်ထားသည့် ဟင်းလျာများမှာ လက်မြောက်တိုင်း ဖွယ် ဖွယ် ရာရာ အမျိုးမျိုး အမယ်မယ် စီမံ ချက်ပြုတ်ထားခြင်းကြောင့် စားပွဲတစ်ခုလုံး ဟင်းပွဲများဖြင့် ပြည့်နေသည်။

ကလေးမလေးများ စားပွဲပြင်နေချိန်ရေချိုးခန်းထဲမှ အဆက် မပြတ် တဖြန်းဖြန်း လောင်းနေသော ရေသံကို ကြားမိသဖြင့်....

"ဘယ်သူလဲ ရေချိုးခန်းထဲက" ဟု မေးမိသည်။

"ကြီးကြီးခင်ပေါ့၊ ချက်ပြုတ်ပြီးလို့ ရေပြေးချိုးတာလေ" ဟု ပြောကြ၏။

ရေချိုးခန်းထဲမှ ထွက်လာသော ကြီးကြီးခင်ကို ထမင်း စားပွဲမှ ကျွန်မက လှမ်းပြောလိုက်သည်။

"ကြီးကြီးခင် ရေချိုးတာကလဲ နောက်က ကျားလိုက် သလိုပဲ၊ သေပြေးရှင်ပြေး ရှိုလိုက်တာ"



"မွန်းလွဲသွားမှာ စိုးလို့ပါ လှိုင်ရေ့၊ ဒီလိုပဲ ပြုန့်ပြုန့် ချိုးရတယ်၊ ပြီးပါပြီ....ပြီးပါပြီ"

ည နှစ်ချက်လောက် ကတည်းက ထ၍ ယခု အချိန်အထိ အိမ်ထဲတွင် ကြီးကြီးခင် ပျာလောင်ခတ်ကာ ကမန်းကတန်း ဖြစ်နေပုံတွေကို မြင်ရတာ မသက်သာလှနိုး၍ ခုံပေါ်၌ အမယ် မယ် ချထားသော ဟင်းပန်းကန်များကို ကြည့်ရင်း စားချင် စိတ်ပင် နည်းသွားမိသည်။

"ကိုင်း....လာလေ ကြီးကြီးခင်၊ စားကြစို့လေ၊ မွန်းလွဲ လိမ့်မယ်"

ကြီးကြီးခင်သည် အဝတ်လဲပြီး ခပ်မြန်မြန် အခန်းထဲမှ ထွက်လာသည်။

"စားပါလှိုင်....စားကြပါ၊ ကြီးကြီးခင် နောက်ပေးမှာ စားပါမယ်၊ စား....စား"

မီးဖိုထဲသို့ သုတ်သီးသုတ်ပျာ ဝင်ပြေးလေသည်။

"စားလေ လှိုင်၊ သူ့ကို ခေါ်မနေနဲ့၊ သူက ထမင်း စားတာ မဟုတ်ဘူး၊ အာဟာရများ ပြီးနေသလား မသိဘူး"





ကျွန်မမှာ အံ့အားကြီးသင့်ကာ ဒေါ်ဒေါ်ကို စိုက်ကြည့် နေမိသည်။

ဒေါ်ဒေါ်က ပြုံးလေသည်။

ဒေါ်ဒေါ်၏ အပြုံးမှာ ပြက်ရယ်ပြောင်ချော်ပြုသော အပြုံး မျိုး ဖြစ်သည်။

"ထမင်းမစားလို့ ဘာစားနေသလဲ ဒေါ်ဒေါ်"

"ကော်ဖီ သောက်တာပဲ၊ မနက် အိပ်ရာထ တစ်ခွက်၊ မွန်းလွဲခါနီး တစ်ခွက်၊ တစ်ခါတလေ ပေါင်မုန့်၊ ငှက် ပျောသီးလေးနဲ့ သောက်တယ်၊ တစ်ခါတလေလဲ ဘာမှ မစားဘဲ နေလို့ ဒေါ်ဒေါ်ဆူမှ ဒေါ်ဒေါ်ငိုမှ ပြန်စား ပြန်တယ်၊ ဥမ္မာတကကြီး လှိုင်ရဲ့၊ သူ့တော့ ပြောမနေနဲ့"

ကျွန်မမှာ ထမင်းကို အာရုံထား မစားနိုင်ဘဲ ကြီးကြီးခင် ကိုသာ အာရုံဝင်စားနေကာ လေးလေးနက်နက် စဉ်းစားရင်း ထမင်းစားနေသည်။

ကြီးကြီးခင်သည် မီးဖိုထဲ၌ ကြောင်အိမ်ကလေး ဘေးတွင် ရပ်နေကာ လက်တစ်ဖက်က ကော်ဖီပန်းကန်ကို ကိုင်လျက် လက်တစ်ဖက်က ပေါင်မုန့်ကို ကိုင်လိုက်ကာ အလျှင်စလို ဝါးမျို

သောက်စားပြီးနောက် မီးဖိုထဲမှ ချက်ချင်း ပြန်ထွက်လာခဲ့သည်။

ကျွန်မတို့ ထမင်းစားပွဲခုံဘေးတွင် ထောရပ်လေ၏။

"ဟောဒါက ငါးပေါင်းထုပ်ကလေး၊ လှိုင် မြည်းစမ်းပါဦး၊ ဒီဘဲပေါင်းက ကြွံခံပြီး ပေါင်းထားတာ၊ သိပ်ချိုတယ်၊ဆော့စ်ကလေးနဲ့ တို့စားပါ၊ဆော့စ်က ကြီးကြီးခင် ကိုယ်တိုင် အိမ်မှာ လုပ်တာ၊ အရက်သီး သနပ်လဲ ကြီးကြီးခင် လုပ်တာပဲ၊ စားစမ်းပါ၊ ဟိုအကြော်လဲ စားဦးလေ၊ ဟောဒီ အသုပ်ကလေးက အချဉ် မြေမြေလေး"

ဘယ်ဟင်းခွက် နှိုက်ရမှန်း မသိအောင် အနားက စောင့်လျက် တတွတ်တွတ် ပြောနေလေသည်။

သူလည်းမစားဘဲနှင့် သူများစားရန် သည်လောက် ဖွယ်ဖွယ်ရာရာတွေ ကိုယ်တိုင် ချက်ပြုတ် လုပ်ကိုင်ပေးသော စိတ်စေတနာမျိုးမှာ သာမန် စေတနာ မဟုတ်ပေ။

သူ့ စေတနာတွေကို လေးစားသွားကာ သူ နှိုက်ခိုင်းသော ဟင်းခွက်တိုင်းကို နှိုက်ရလျက် ကျေနပ်အောင် စားပြရသည်။



ကျွန်မတို့ မြိန်ရေရှက်ရေစားနေကြပုံကို ဘေးက ကြည့်ကာ ပီတိကြီးစွာ ဖြစ်၍ နေသည်။

ပြုံးပြုံး ပြုံးပြုံးနှင့် ထမင်းထည့်ရန် ဟင်းထည့်ရန် တွင်တွင် တိုက်တွန်းနေသည်။

ပြောလည်း ပြော ခေါင်းကလည်း တဆတ်ဆတ် ခါလိုက် ညိတ်လိုက်ဖြင့် ခပ်လည်းထည့်၊ သူများ စားတာကို ဝမ်းသာအားရ ဖြစ်ရင်း အလိုလို ဝပြည့်နေပုံရသည်။

နေ့လည်ဘက်ကြီး ကြီးကြီးခင် ပျောက်သွားလေသည်။

ဘုရားခန်းထဲ ဝင်ကာ သလွန်ခုတင်လေးပေါ်တွင် လှဲနေလျက် မျက်စိများကို မှိတ်ထား၏။

ကြီးကြီးခင်အနားယူကာ နေ့လည်နေ့ခင်း တစ်ရေးတစ်မှေး အိပ်နေသည်ဟု ထင်မိသည်။

သို့ရာတွင် အိပ်သော မျက်စိ မဟုတ်။

မျက်လုံးများ မှေးမှိတ်လျက်က မျက်တောင်များ တဖျတ်ဖျတ် လှုပ်နေခြင်းကို သွားမြင်မိသဖြင့် အိပ်ရာပေါ် လှဲနေရင်း ဘာအလုပ်များ လုပ်နေပြန်ပါလိမ့်ဟု စဉ်းစားမိပြန်သည်။



တစ်အောင့်လောက်သာ အိပ်ရာထဲ ဝင်လှဲနေကာ ပြန်ထွက်လာပြီးနောက် တူရွင်းနှင့် ဓားကို စွဲကိုင်လျက် ခြံထဲသို့ ဆင်းသွားသည်။

ခြံထဲရှိ သစ်ပင် ပန်းပင်တို့ကို သန့်ရှင်းအောင် ကြပ်မတ် ပြုလုပ်နေသည်။

ကြီးကြီးခင်သည် နေပူကြီးထဲ၌ ချွေးတလုံးလုံးနှင့် မနားမနေ တူးဆွနေလေသည်။

ကျွန်မမှာ အိမ်ပေါ်မှနေ၍ ကြီးကြီးခင်ကို လှမ်းကြည့်နေမိသည်။

ကြီးကြီးခင် အကြောင်းပင် စဉ်းစား၍ရသလောက် စဉ်းစားလျက် တွေးဝေနေမိသည်။

တစ်နေ့လုံး သတိထားကာ မျက်ခြည် မပြတ်အောင် အကဲခတ်၍ ကြည့်ခဲ့သည့်အနက် ထူးခြားသည့် အချက်ကို တွေ့မိသည်။

အိမ်သာသို့ သူများတွေ ဝင်သလို ထွက်သလို မဝင်မထွက်သည့် အချက်မှာ ထူးဆန်းနေသည်။





ဤအချက်ပါ ကျွန်မ အကုန်လုံး လျှောက်မှတ်ကြည့်မိသမျှ မှတ်ထဲ၌ ကြီးကြီးခင်ကို ဝေဖန်နေမိသည်။

"ထူးတော့ ထူးတယ်၊ ဘယ်လို ထူးနည်းလဲ၊ ဘယ်လိုလဲ..."

အများ တကာနှင့် မတူပုံ၊ ထူးခြားပုံတွေကို သတိပြုကာ ကြီးကြီးခင်အကြောင်း သိချင်သော စိတ်မှာ ပြင်းပြလာသည်။

"ဒေါ်ဒေါ် ကြီးကြီးခင်က တစ်မျိုးပဲနော်"

ဒေါ်ဒေါ် ထံမှ သိရလို သိရငြား ဒေါ်ဒေါ့်ကို တောက်ကြည့်လိုက်သည်။

"အလကားပါ လှိုင်ရယ်၊ သူ့ကိုယ်သူ ဘာများထင်နေသလဲ မပြောတတ်ပါဘူး၊ သိချင်လို့ တစ်ခါတလေ သူ့မေးရင် ဖောင်ပြော မြောက်ပြောနဲ့ တော်ရိရော်ရိတွေ လျှောက်ပြောနေတာပဲ၊ သူများကြားရင် ရယ်စရာ။ အခု ဂျပန်ခေတ်မှ ဒေါ်ဒေါ်နဲ့ အတူ လာနေတာ၊ ဘယ်တော့မှ သူ့ကို ခေါ်ထားလို့ မရဘူး"

ဒေါ်ဒေါ်၏ အမြေမှာ ပစ်ပစ်ခါခါ ရှိလှသည်။

ကြီးကြီးခင် အကြောင်းကို စဉ်းစား၍ ရသမျှ ကျွန်မ သိချင်သော အချက် တစ်ချက်ကို ဒေါ်ဒေါ်ထံမှ မသိနိုင်ရဘဲ လမ်းပိတ်နေသည်။

ကြီးကြီးခင်မှာ သူများနှင့်မတူ၍ ဒေါ်ဒေါ်က အရှုံးထဲ သွင်းထားပြီးလည်း မရှုံးဘဲနှင့် ဘေးကင်း ရန်ကင်းအောင် ရှုံးသလိုလို အကာအကွယ် လုပ်နေတာများလားဟု အတွေးနက်မိပြန်သည်။

'အကြောင်းတစ်ခုခုတော့ ရှိရမယ်'ဟု တွက်ထားသည်။

ကြီးကြီးခင်သည် ခြံထဲမှ တက်လာပြီး တစ်နေ့ခင်းလုံး လာသမျှ ညှော်ပရိသတ်အတွက် မီးဖိုထဲက မထွက်ရပေ။

နေ့လည်ဘက် နေ့ခင်းစာအတွက် မုန့်လုပ်ကျွေးလျက် ညနေစောင်းပြန်က ညစာအတွက် ဆက်လက် ချက်ပြုတ်နေရင်းဖြင့် မီးဖိုထဲက မထွက်ပေ။

တစ်နေ့လုံး အအားမနေ အငြိမ်မနေဘဲ သူ့အတွက်မပါ သူများအတွက်နှင့်သာ မီးဖိုထဲ၌ လုံးလုံး အချိန်ကုန် ပင်ပန်းခံနေပုံများမှာ အသိသာဆုံးသော အချက် ဖြစ်တော့၏။

ညစာ စားသောက်ကြပြီး ကျွန်မတို့ စုဝေး စကားထိုင်ပြော ရာသို့လည်း မလာ။





လောကကြောင်းတွေနှင့် သူနှင့် မဆိုင်သလို သူ့ဘာသာသူ တစ်ယောက်တည်း အခန်းထဲ ဝင်ရှောင်နေတော့၏။

၁၀-ရက်လောက် ကြာလာ၏။

ကျွန်မသည် ကြီးကြီးခင်ကို တစ်ချက်မှအလစ်မပေးတော့ဘဲ ...ထားနေ၏။

...ရှုံးစိုက်စိုက် အကဲခတ်လို့ ရသမျှ အချက်များကို ပေါင်းစု ...ဝေဖန် ဆင်ခြင်ကြည့်လျက် စိတ်ထဲထင်ထားသော အချက် ...ကို မှန် မမှန် စုံစမ်း မေးမြန်းကြည့်ရန် အကြံပြုလာမိသည်။

ထို့ကြောင့် ကြီးကြီးခင်ကို ကျွန်မ ချောင်းနေလေသည်။

...နှစ်ယောက်တည်းရှိမည့် လစ်မည့် အချိန်ကို မပြတ်စောင့် ...ချောင်းနေသည်။

တစ်နေ့သော နေ့လည်ဘက်တွင် ကြီးကြီးခင်သည် ကျွန်မတို့ ...နေ့လည်စာ စားကြရန်အတွက် ခေါက်ဆွဲကြော်ကျွေးရန် မီးဖို ...ထဲတွင် သူ တစ်ယောက်တည်း အင်တိုက် အားတိုက် ဇလုံ ...ထဲလုံးနှင့် ဂျုံ ထိုင်နယ်နေသည်။

...အထဲဝင် အပြင်ထွက် မျက်ခြည်မပြတ်အောင် စောင့်ချောင်း ...ထားခဲ့သော ကျွန်မသည် မီးဖိုထဲတွင် ကြီးကြီးခင်ကို တစ်ယောက်



တည်း တွေ့ရ၍ အခွင့်ကောင်းရပြီဟု ဝမ်းသာအားရ မီးဖိုထဲသို့ အမှတ်တမဲ့ ဝင်သွားသည်။

"လိုင်ပါလား....မလာနဲ့လေ၊ မီးဖိုက မဆေးရသေးလို့ ပေနေပါတယ်၊ မကောင်းပါဘူး အပြင်ထွက်ပါ၊ လိုင်တို့ စားဖို့ ကြီးကြီးခင် ခေါက်ဆွဲလုပ်မလို့၊ ထွက်....ထွက်... အပြင်ထွက်လေ"

ဇလုံကြီးထဲက ဂျုံများကို ကုန်း၍ တအားနယ် လိုမ့်နေရာက မော့ကြည့်ကာ မီးဖိုထဲ၌ ပေရေနေ၍ အားနာသလို အပြင် ထွက်ရန် ပြောနှင်လေသည်။

ကျွန်မလည်း ကျေကျေနပ်နပ်ကြီး ပြုံးရယ် ကြည့်နေရာက ထိုင်ခုံတစ်ခုဆွဲ၍ မျက်နှာချင်းဆိုင် ထိုင်ချလိုက်သည်။

"မပေပါဘူး ကြီးကြီးခင်ရဲ့၊ ကြီးကြီးခင်အနား လာ ချင်လို့ပါ"

ကြီးကြီးခင်သည် ပြုံးရယ်လေသည်။

ပြုံးရယ်ရာကကျွန်မ၏မျက်နှာကို မျက်လုံးတစ်မျိုးနှင့်ကြည့်၍ ရယ်နေ၏။

ထို့နောက် မျက်နှာတစ်မျိုးဖြစ်လျက် မျက်လုံးကို နှိုက် ကြီးစားကာ...



"ဂျပန်ခေတ်မှာ ခေါက်ဆွဲဖိုက ခေါက်ဆွဲတွေကမှ ကောင်းတာ မဟုတ်ဘူး၊ ကိုယ့်ဟာကိုယ် လုပ်ယူမှ ခေါက်ဆွဲ နူးနူးညံ့ညံ့ စားရတာ"ဟု မျက်နှာတွင် မလုံ ...လို ရှိသွားသော အမူအရာ မပေါ်အောင် ရှက်ကိုးရှက်ကန်း ...ပြုံးပြောနေ၏။

ကြီးကြီးခင်သည် အမူအရာ ပျက်လျှင်လည်း ပျက်လောက် ...ရာ ဖြစ်ပေမည်။

ကျွန်မ အားရပါးရကြီး ပြုံး၍ ထူးထူးခြားခြား စူးစိုက် ...ကြည့်နေသော အကြည့်မှာ အစ်နေသည့် အကြည့်မျိုးနှင့် ...တူကောင်း တူမည်။

ကျွန်မ၏ ရီတောက်နေသော မျက်လုံး အာနိသင် သည် ကြီးကြီးခင်၏ဘဝင်ကို ခိုက်သွားပုံ ရလေသည်။

ထို့ပြင်...ချက်တစ်ခုခုကို မရ ရအောင် မပေါ် ပေါ်အောင် ...တော့ အောက်တော့မည်ပုံဖြင့် အစွမ်းကုန် ထုတ်ချိန်းပေါက် ...အောင် စိုက်ကြည့်နေသော ကျွန်မ၏အကြည့်နှင့် အပြုံး ...ကို တာရှည် မခံနိုင်ဘဲ ခေါင်းကို ပြန်ငုံ့ချလိုက်ကာ ဂျုံလုံးကြီး ...ကို တွင်တွင်နယ်လို့မှ နေလေ၏။

"ကြီးကြီးခင် ဖိုလွဲနေပြီ ဘာဖြစ်လို့ မီးဖိုက ဖိုမှာ အပူခံ နေတာလဲ"

ကြီးကြီးခင်သည် ဂျူံနယ်ခြင်းကို ချက်ချင်းရပ်လိုက်၏။ ငုံ လျက်ပင် ငြိမ်ကျသွားကာ တစ်ဖန်သတိရသလို ကောက်နယ် လေ၏၊ ဂျုံကို ဖျစ်ညှစ် လှိမ့်နယ်နေသော အရှိန်မှာ သိသ် သာသာကြီး ဖြည်းနှေးလာလေသည်။

စိတ်မပါတပါ လှိမ့်နယ်နေခြင်းကို ရပ်လိုက်ပြန်ကာ လက် ညှိုးနှင့် ထိုးကြည့်နေသည်။

ကိုယ်လုပ်သည့်အလုပ်ကို မေ့လျော့ကာ လုပ်မိလုပ်ရာ လုပ် နေမိသလို လုပ်နေပြီးလျှင် မျက်နှာကို မဖော်ဘဲ ငုံ့လျက် တွေး နေလေသည်။

ကျွန်မသည် ကြီးကြီးခင်၏အမူအရာကို တစ်စမကျန် စူးစ် အားရှိသ၍ သိမ်းကြုံးလျက် အကဲခတ်နေကာ ကရုဏာ ကြီးစွာ ဖြင့် ဆက်ပြောလိုက်သည်။

"ကြီးကြီးခင် ဖိုမလွှဲပါနဲ့၊ ဒီမီးဖိုက ကြီးကြီးခင် မီးဖို မဟုတ်ဘဲ"

အတန်ကြာ တိတ်ဆိတ်နေကြ၏။

ကြီးကြီးခင်သည် ဂျုံဖတ်ကလေးကို အမှတ်မထင် လက်ညှိ နှင့် ကော်ယူကာ လက်မနှင့် ပွတ်ချေမှုန်း မသိ ပွတ်ချေ၍ ( သည်။



လေးလေးနက်နက် တွေးနေသော အမူအရာဖြင့် ငုံ့စိုက်ကာ တွေးလျက် ပွတ်မြဲပွတ်နေလေသည်။

ကျွန်မသည် ကြီးကြီးခင်၏ဘဝကို ရင်လေးလေးဖြင့် မသိ မသာ သက်ပြင်းချလိုက်ကာ တစ်စုံတစ်ရာမပြောဘဲ ထိုင်ခုံလေးမှ ထလိုက်သည်။

ကြီးကြီးခင်လည်း သည်တော့မှ လေးကန်စွာ ခေါင်းကို ထောင်လျက် မော်ကြည့်လေသည်။

လိုရာဆန္ဒမပြည့်ဝသေး၍ စိတ်စက်မကြည်မသာဖြစ်နေသော အဓိပ္ပာယ်သည် ကြီးကြီးခင်၏ မျက်နှာပေါ်၌ ရုပ်လုံးပေါ်နေ သည်။

ကျွန်မမှာ မတ်တတ်ရပ်လျက် ရီဝေသော မျက်လုံးများဖြင့် ပြန်ကြည့်မိသည်။

အဓိပ္ပာယ် နားလည်သွားသည့် အရိပ်အယောင်သည် ကျွန်မ မျက်နှာပေါ်၌ ဖြတ်သန်းနေကာ နှုတ်ခမ်းကို အနိုင်နိုင်ဆွဲ၍ ပင့်တင်လျက် ပြုံးပြရသည်။

ထိုအချိန်က ကြီးကြီးခင်အား သနားလိုက်သော စိတ်နှင့် လွန်ကဲသော ချစ်ခြင်းမေတ္တာသည် နှလုံးသားမှ ပေါက်ပိုကျ လုနေ၏။



ကြီးကြီးခင်သည် ကျွန်မ၏ ကြီးမားသော မေတ္တာကရုဏာ ကို သူ့အသိနှင့် အသည်းထဲ၌ မြုပ်နှံခံယူလိုက်ပြီးနောက် နူး နေသော မျက်နှာဖြင့် ခေါင်းကို ဖြည်းလေးစွာ ၂-ချက် ၃-ချ ညိတ်ပြ၏။

ကျွန်မသည် ကြီးကြီးခင်ကို ထားခဲ့ကာ လစ်ခနဲ ပြန်ထွက် လာခဲ့သည်။

ကြင်းနှင့်ခြေနှင့်မထိသလို ထောက်မှန်း နင်းမှန်းပင် သတိ မထား မိသလောက် ဖြစ်သွားသည်။

* * *

၄

ကြီးကြီးခင်နှင့် ကျွန်မသည် ထိုနေ့ကစ၍ တစ်ယောက်နှင့် တစ်ယောက် လျှို့ဝှက်လေးနက်စွာ ဖြစ်နေကြသည်။

တစ်ဦးနှင့်တစ်ဦး ပွင့်ပွင့်လင်းလင်း ပြောကြခွင့်မသာသေး၍ သာ မျက်လုံးချင်းဆိုင်မိတိုင်း လေးနက်စွာ ဖြစ်နေကြသည်။

ကျွန်မ၏တွေးဆထင်မြင်ချက် တစ်ချက်တည်း သွေးထွက် အောင် မှန်နေခြင်းအတွက် ထင်တာမမှားဘူးဟု ကိုယ့်ဟာကိုယ် ကျေနပ်သွားမိသည်။

သို့ဖြင့် ရက်များကုန်ကာ တစ်လလောက်အချိန်သို့ ရောက် လာခဲ့သည်။ ကျွန်မတို့မှာ အိမ်ပရသေး၍ ဒေါ်ဒေါ်အိမ်၌ပင်

အိမ်ရှာရင်း နေကြရသည်၊ ရက်ကြာစွာနေရလေ ကြီးကြီးခင်ကို ပိုမို၍ စိတ်ဝင်စားလေသာ ဖြစ်နေရ၏။

ကြီးကြီးခင်၏ သဒ္ဒါတရားကား ကြောက်ခမန်းလိလိ ဖြစ်ဘိ၏။ ကုန်ကုန်ခန်းခန်း ဘာမှ ရှေ့နောက်မကြည့်ဘဲ အရမ်းကာရော လှူဒါန်းပေးကမ်း ကျေးမွေးချင်တတ်သော စိတ်စေတနာကြောင့် ဒေါ်ဒေါ်ကပင် ပြန်ကန့်ကွက်ရကာ ကျိတ်ဆူ နေတတ်သည်။

ကြီးကြီးခင်သည် ဘယ်လောက်လုပ်ရလုပ်ရ ဘယ်လောက်ပင်ပန်းပင်ပန်း မနားဘဲလည်းလုပ်နိုင်၏၊ မစားဘဲလည်း နေနိုင်၏၊ ဘယ်အခါကြည့်ကြည့် ထာဝစဉ် ဖျတ်လတ်လန်းဆန်းနေသည်၊ ကြီးကြီးခင်၌ အကုသိုလ်တရားဟူ၍ မြူမှုန်မျှမကပ်ဘဲ သူတော်ကောင်းသက်သက် သူတော်ကောင်း စစ်စစ်ကြီး ဖြစ်လျက် လောကကြောင်းနှင့် လွတ်နေသည်၊ ဝတ်ရေး၊ နေရေး၊ စားရေး စသည့် လူ့ဘောင်သည် သူနှင့်မအပ်သလို ဘာမှ စဉ်းစားပုံမရပေ။

သူ့အဖို့၌ မနက်အိပ်ရာထက ကော်ဖီတစ်ခွက်၊ မုန့်မလှဲ့ခင် တစ်ခွက် သောက်နေလျှင် ပြီးတမ်း အခြေအနေသို့ ဆိုက်ရောက်နေလျက် ဗုဒ္ဓတရား ကြောင့်ကြမှု တရားများကို ခွာနေကာ ဘယ်အပူမှ မရှိဘဲ ပကတိရေချမ်းအိုးကြီးနှင့် တူနေလေသည်၊

မရှိဘူး၊ မရဘူး၊ မဖြစ်ဘူး ဟူသော စကားမျိုးကို ဘယ်အခါမှ မပြောဘဲ လွတ်အောင် ရှောင်ကာ ...



အခက်အခဲတစ်ခုခုရှိလျှင် 'မပူနဲ့ ဖြစ်လာမယ် ဖြစ်မယ် ဖြစ်ရမယ်'ဟုချည်း ဝင်ပြောတတ်ခြင်းကြောင့် လူလစ်သည့်အခါမျိုး၌ သူ့နားကပ်၍ "ကြီးကြီးခင် မ တစ်လုံးကျေနေပလား" ဟု ကျိတ်စလိုက်သည်၊ ကြီးကြီးခင်သည် မျက်နှာနီမြန်းသွားလျက် ရှက်ကိုးရှက်ကန်း ပြုံးရယ်နေတတ်လေသည်။

"မီးဖိုထဲကို မဝင်ပါနဲ့ဆိုလဲ မရဘူး၊ ဆီတစ်ပုံးကို ၁၅ ရက်နဲ့ အကုန်ခံပစ်တာပဲ၊ သူ မရှာမဖွေရတိုင်း ဘာမှ မဆင်ခြင်ဘူး၊ ထင်သလို အရမ်းကာရော လုပ်ပစ်တာပဲ၊ ဘာမှအပူလဲမရှိဘူး၊ သူ့ပြောလိုက်ရင်ဖြစ်လာမှာပေါ့တဲ့၊ တကယ် အရူးမှအရူးမကြီးပါ လှိုင်ရယ်"

ဒေါ်ဒေါ်က ဗျစ်တောက်ဗျစ်တောက်နှင့် စိတ်ထွက်တိုင်းနင်းကန်ဆူနေလေသည်။

တစ်ခါတလေ ကျွန်မပင် ကြားထဲက ဝင်၍ ကြီးကြီးခင် သဒ္ဒါတရားက ကြမ်းလှချည့်လား ဟု ဆိုမိပြောမိတော့သည်။

ဒေါ်ဒေါ်က အိမ်ရှေ့က ဆူပွက်နေလျှင် ကြီးကြီးခင်သည် မကြားသလို လုပ်နေ၏၊ မီးဖိုထဲ၌ အိမ်သူအိမ်သားများနှင့်တကွ လာသမျှပရိသတ် စားကြသောက်ကြရန် ကုန်းသာချက်နေ၏၊ လာဆူနေ မီးဖိုပေါက်ဝက ရပ်၍ လက်ညှိုးတငေါက်ငေါက်နှင့် ပါးရှား တော့မကာ ...



သွားလို့လား၊ ကုန်ရင်ဖြစ်လာမှာပေါ့... အင်းလေ....အင်း' ဟု ပြန်ပြောသည်။

ဒေါ်ဒေါ်သည် တစ်ကိုယ်လုံးတုန်နေအောင် ဒေါသထွက်လာသည်၊ ကြီးကြီးခင်စကားကို နားမထောင်တတ်၍ နားထဲ ကန့်လန့်ကြီးဖြစ်သွားလျက် "လာပြန်ပလား တစ်ဆိတ်ရှိ ဖြစ်လာမှာပေါ့.... ဘာမှန်းကန်းမှန်းသိလို့လဲ....အရမ်း"

ဒေါ်ဒေါ်၏မျက်လုံးမှာ လောကအကြောင်းကို ဘာမှန်းမှ မသိတတ်သော သူတစ်ယောက်နှင့် ဖက်ပြောရ၍ စိတ်ဆင်းရဲသော အသွင်ဆောင်နေ၏။ ကြီးကြီးခင်၏ မျက်လုံးမှာ ဘယ်အရာကိုဖြစ်ဖြစ် ဘယ်လိုမှ မအောက်မေ့သော လျစ်လျူရှုသော အသွင်ကို ဆောင်၍နေ၏။

ကြီးကြီးခင်သည် ဘဒ္ဒါထက်မှ၏ အပြစ်ဖိုရာကို ခံယူကာ ဘယ်ပစ္စည်းမဆိုစွန့်ပြီး အပိုင်းအခြားမရှိ ပါရမီဖြည့်လျက် သတိ လက်လွှတ်၍ ရှိနေသည်။

"သူပဲ နေနိုင်ပါတယ်တော်.... သူပဲအေးတယ်.... သူ့ဘဝကတော့ နိဗ္ဗာန်ပေါ့... ဘာမှလည်းမကြောင့်ကြဘူး၊ ဘယ်သီယောဇဉ်မှလည်း မတားဘူး၊ သူ့သက်နဲ့လုပ်ပြီး စိတ်ရှိတိုင်း ပေးကျွေးဖွန့်ကြဲနေတာကို ပြောတာပဲ" စသည်အားဖြင့် စပ်မိတိုင်း တစ်ယောက်တစ်ခွန်းဝိုင်း၍ ချီးမွမ်းပြစ်တင်ကြကုန်သည်။



ဘယ်သူတွေ ဘာပြောနေနေ ကြီးကြီးခင်သည် စိုးစိမျှ မမှုချေ၊ သူ၏အချိန်များကို စက်ကဲ့သို့ မီးကုန်ယမ်းကုန် ခုတ်မောင်းကာ ပြင်းထန်သောအဟုန်ဖြင့် တစ်နေ့လုံး မီးဖိုချောင်ကြီးဖက်လျက် မမောတမ်း သံသရာကျင်လည်နေတော့သည်။

ကျွန်မတို့ တာမွေဘက်တွင် အိမ်ရပြီ ဖြစ်၍ ပြောင်းဖို့ရာ စီစဉ်ကြရတော့သည်။

သွေးသား အရင်းနှင့်မခြား အတူတကွ နေထိုင်ခဲ့သော ဒေါ်ဒေါ်တို့နှင့် ခွဲရန် ဝန်လေးနေရသည့်အထဲ ကြီးကြီးခင်ကို ခွဲသွားရန် သာ၍ ဝန်လေးနေသည်။

ကြီးကြီးခင်သည် နောက်လှည့်မကြည့်ဘဲလောလော...လောလော ပေးကတ်ကမ်းတတ်၊ ပြောတတ်လုပ်တတ်ကာ သဘောကောင်းလွန်း အားကြီးသဖြင့် သူ့၌ရှိသော လျှို့ဝှက်မှုသည် တစ်နေ့ သူ့အား ကောင်းကျိုးမပေးနိုင်ဘဲ ဆိုးကျိုးများ ပြန်ပေးလေမလားဟု ကြောင့်ကြပူပန်သွားမိသည်၊

"ကြီးကြီးခင်အတွက် ကျွန်မစိတ်မချပါဘူး"

လူရှင်းတာနှင့် ဆန်သေတ္တာကြီးပေါ်၌ နှစ်ယောက်ဘိုင် ကြ ရင်း စကားဆက်မရှိဘဲ ကောက်ခါငင်ကာ ဖွင့်ညည်း လိုက် သည်။

"စိတ်ချပါ လှိုင်၊ ကြီးကြီးခင်အတွက် ဘာမှမပူပါနဲ့၊ ဘာမှ မဖြစ်ပါဘူး၊ လှိုင်ပြောင်းသွားရင် လှိုင့်အိမ်မှာ ကြီးကြီးခင် ခဏလာနေမယ်လေ"

ကြီးကြီး ခဏလာနေပေးမယ် ဆိုလိုက်၍ အားရဝမ်းသာ ဖြစ်သွားသည်။

ကြီးကြီးခင်နှင့်မခွဲခင် မေးချင် ပြောချင်လှသည့် အကြောင်းတွေကို မေးသင့်မမေးသင့် ချိန်ဆကြည့်နေသည်။

ချိန်ဆနေရာမှ နောက်ဆုံးခွဲခါနီး ဘယ့်နှယ်ရှိရှိတစ်ခွန်းတော့ မေးမည်ဟု မမေးစဖူး ဖွင့်မေးလိုက်သည်။

"ကြီးကြီးခင်ရဲ့ပစ္စည်း ဘယ်မှာထားသလဲ"

ကြီးကြီးခင်သည် ကျွန်မ၏မေးခွန်းကို ဒက်ခနဲနားလည်ကာ မဟုတ်သလိုလို ဟုတ်သလိုလို သဘောမျိုးဖြင့် ရယ်မောနေလေသည်။

ကျွန်မမှာ ကြီးကြီးခင်၏ မျက်နှာ အမူအရာ ရယ်နေပုံကို ကြည့်ကာ ဗိဋ္ဋသိသလို ခပ်တည်တည်ဟန်နှင့် ကြားရမည့် အဖြေကို စောင့်ကာ ငူငူကြီးရရ စိုက်ကြည့်နေသည်။



ကြီးကြီးခင်သည် အတောမသတ် ရယ်မောလျက်ပင် ဗျာယီး ဗျာယာ ဟိုသည်လှည့်ကြည့် ရယ်မောလိုက်ပြီးနောက် ညာဘက် လည်ပင်း လည်စေ့နားကို ပုတ်ပြကာ....

"ဒီမှာ ထားတယ်"ဟု ဖြေလိုက်၏။

ကျွန်မမှာ ကြက်သေ သေလျက် ကြီးကြီးခင်၏ မေးရိုးအောက်က လည်စေ့နေရာ ဘေးနားကို စိန်းစိန်းစားစား ကြည့်နေမိသည်။

ကြီးကြီးခင်သည် ကျွန်မကို ရွှန်းရွှန်းစားစား ပြန်ကြည့်နေလျက် ချိုမြစွာဖြင့် အနူးအညွတ် ပြုံးနေပေသည်။

"ဘယ်တော့မှ မထုတ်ဘူးလား"

ကြီးကြီးခင် ခေါင်းခါပြသည်။

"စားတော့ မျိုတော့ကော ဒီသဘောပဲ ထားသလား"
ကြီးကြီးခင် ခေါင်းညိတ်ပြသည်။

လူတစ်ဦး၏ လျှို့ဝှက်ချက်ကို သည်လောက် လျှောက်မေးနေဖို့ တော်ပါ့မလားဟု ပြန်ဆင်ခြင်ရကာ မေးချင်တာတွေ



ဆက်မမေးနိုင်တော့ဘဲ ကြီးကြီးခင်အစား ကျွန်မ လည်ချောင်းနင်နေမလေသည်။

ကြီးကြီးခင်သည် ဘာမှမဖြစ်သည့် သဘောကို ပြလိုဟန်ဖြင့် ရေထသောက်ပြကာ ကျွန်မနှင့် ပူးကပ် လာထိုင်သည်။

ထောင်ထဲ၌ ထောင်သားများ ပိုက်ဆံဝှက်ရန် လည်စေ့ကို ခဲနှင့်ကျင့် မျိုကြသည်ဟု ကြားဖူးနားဝရှိ၍ ကြီးကြီးခင်လည်း သူ့ပစ္စည်းဝှက်ရန် ခဲနှင့်များကျင့်ရသလားဟုသိချင်လာကာ ခဲနှင့်ကျင့်ရသလားဟု မေးလိုက်မိသည်။

"မဟုတ်ဘူး၊ သူ့အတိုင်းပဲ ကျင့်တာပဲ"

"ဝမ်းထဲများ မထော်တဆ ရောက်သွားမှဖြင့် ကြီးကြီးခင်ရယ်"

ကျွန်မသည် လေသံလေးလေးဖြင့် စိတ်ပူကြီးစွာ ကြီးကြီးခင်နားနားသို့ ကပ်ပြောလိုက်သည်။

ကြီးကြီးခင်လည်း ခေါင်းရမ်းပြကာ အပန်းမကြီးဟန် ပြုံးပြနေသည်။

သူ့မျက်နှာကို တစိမ့်စိမ့်ကြည့်နေသော ကျွန်မ၏မျက်နှာကို အကဲခတ်နေကာ တစ်ခုခု ချီတုံချတုံ ဟန်အမူအရာများ ပေါ်လာပြီးနောက်....



"လှိုင်....ကြည့်ချင်သလား" ဟု သာသာ ညင်းညင်း တိုးတိုးကလေး မေးသည်။

ကျွန်မ ပြင်ချင်သော ပစ္စည်းတစ်ခုကို ကြည့်ရှု့ လှလျက် ဖြုန် ဝန်လေးနေမှာ စိုးမိ၍ မျိုသိပ်ကာ ဆန္ဒမပြဘဲ ထိန်းနေခဲ့သည်။

ကြည့်လိုလှသည့် အာသာဆန္ဒကို ချုပ်တီးကာ ကိုယ်နှင့်မဆိုင်သလို နှုတ်လုံးသွင်းထားလိုက်သည်။

ကျွန်မ၏ ဝမ်းသာ အားရ အမူအရာများမှာ လိုအပ်တာထက်ပင် ပိုနေသည်။

ကြီးကြီးခင်၏ ခါးကို တအားဖက်လိုက်ကာ....

"ကျွန်မကို ယုံသလား....ကြီးကြီးခင်....ယုံသလား" ဟု ကမူးရှူးတိုး ပြောမိသည်။

ကြီးကြီးခင်သည် လက်ဝါးကို ဖြန့်ခါကာ လက်တစ်ဖက်က သူ၏ လည်ပင်းကို လက်နှင့်ညှပ်လျက် ဟပ်ထုတ်လိုက်သည်။

လောက်စလုံးနီးနီးလောက်ရှိမည့် ဝင်းဘိနေသော ရွှေရောင်အဆင်းရှိနေသည့် ခတ်လုံးသည် အာခေါင်ထဲမှ လက်ဝါးပေါ်သို့ ခုန်ထွက်လာသည်။

ကျွန်မမှာ ကြီးကြီးခင်၏ လက်ဝါးပေါ် ရောက်လာသော ခေါက်လုံးကို မျက်တောင်မခတ် သဲသဲမဲမဲ စိုက်ကြည့်နေသည်။

ကြီးကြီးခင်သည် သူ့လက်ဖဝါးကို ကျွန်မဘက်သို့ တိုးကာ ကမ်းလိုက်မှ ကျွန်မလည်း မျက်လုံးကြီးများ လှန်ကာ ကြီးကြီးခင်ကို အံ့အားသင့်စွာ မော့ကြည့်လိုက်မိသည်။

"ယူကြည့်လေ"ဟု ကြီးကြီးခင်က လေသံနှင့် ပြောနေသည်။

ကျွန်မမှာ သည်လို ပေရိုးထုံးစံရှိသလားဟု များစွာ အံ့အားသင့်နေလေသည်။

ကျွန်မသာဆိုလျှင် တန်ဖိုးထား၍ သည်လောက် ခဲခဲယဉ်းယဉ်း မျှိဝှက်ထားရသော ပစ္စည်းမျိုးဖြစ်ပါက ကိုယ်က လွဲပြီး မည်သူ့ကိုမျှ ပေးကိုင်လိမ့်မည် မဟုတ်သဖြင့် ယူကြည့်ရန် လွယ်လွယ်ကူကူ ပေးနေပုံကို အံ့အားကြီး သင့်နေရသည်။

သူ့လက်ထဲမှ ရုတ်တရက် ကောက်မယူဘဲနေ၍ ကြီးကြီးခင်သည် သူ့လက်နှင့် ကောက်ယူကာ ကမ်းပေးလေသည်။

သည်တော့မှ ကျွန်မလည်း လှမ်းယူလိုက်ရသည်။



အကယ်၍များ သူ့ခေါက်လုံးကို ပါးစပ်ထဲ ပစ်သွင်းလိုက်ပြီး မပေးတော့ဘူး ဆိုပါက ဘယ့်နှယ်များ နေရှာမလဲဟု ချက်ချင်း တွေးကြည့်မိသည်။

ကျွန်မ ၁၅-နှစ် သမီး အရွယ်လောက်က ကျွန်မတို့အား နေထိုင် မကောင်းလျှင် ဆေး ကုသပေးသော ဘကြီး အောင် အိမ်သို့ အမေလွှတ်၍ ရောက်သွားသည်။

သူ့အိမ်က နောက်ဖေးမှာ ဖိုထိုးနေသည် ပြော၍ အိမ်နောက်ဖေးရှိ ဖိုရုံပေါက်ဝမှ သွားရပ်ကြည့်လျက် သည်သောက်မီးပူခံ လုပ်ကိုင်နေပုံများကို နားမလည်နိုင်အောင် ဖြစ်မိသည်။

ကျွန်မ မေး၍ ဘကြီးက ဖိုဆွဲရင်း ခေါက်လုံး ထိုးတာဟု ပြောသည်။

ခေါက်လုံးနှင့် ပတ်သက်၍ အကျိုးအာနိသင်ကို သိချင်သဖြင့် မေးခွန်းပေါင်း သောင်းခြောက်ထောင် မေးကြည့်နေသည်။

"သည် ကောင် မ လေး အမေးအမြန်း ထူလိုက်တာ၊ ခေါက်လုံး ပေါက်တော့ ဂုဏ်ရှိသယ လိုတာပြီးတာပေါ့ ဟဲ့"ဟု ဖြေဖူးသည်။

ဘကြီးထံမှပင် ခေါက်လုံးဆိုတာကို စတွေ့ဖူးသည်။



ကျွန်မတို့ နေထိုင် မကောင်းလျှင် ဘကြီးက သူ၏ ခဲရောင်ထကာ ပြောင်နေသော ခေါက်လုံးကို ရေစိမ်တိုက်သဖြင့် ကိုင်ပြုကြည့်ဖူးသည်။

ဘကြီးအောင် အိမ်သို့ ရောက်တိုင်း....

"ဘကြီး ခေါက်လုံးက ထိုးလို့ မပြီးသေးဘူးလား"ဟု မေးတတ်သည်။

"မပြီးသေးလို့ ဒီခေါက်လုံးနဲ့ ငါ့ကို နင် တွေ့နေရတာပေါ့ဟဲ့၊ ပြီးရင် တွေ့ပါ့မလား"

ကျွန်မ ငယ်စဉ်က တွေ့ဖူး ကြုံဖူးသော ခေါက်လုံးနှင့် ယခု ကြီးကြီးခင်၏ ခေါက်လုံး အသွင်သဏ္ဍာန်မှာ တခြားစီ ဖြစ်နေသည်။

ခေါက်လုံး၏ လုံးနေသော သဏ္ဍာန်တွင် အရည်အသွေးများ ဝင့်လျက် ဆန်းကြယ်နေကာ ရိုးရိုးရွှေမျိုးနှင့် မနှိုင်းသာ မယှဉ်သာအောင် ခြားနားသော ရွှေ၏ အဆင်းသည် မျက်လုံးနှင့် မခွာချင်အောင် ဆွဲငင်နေပေသည်။

ဤခေါက်လုံး၏ တန်ခိုးသိဒ္ဓိကား မည်သည့်ခရီးသို့ရောက်ကာ မည်သည့် အဆင့်အတန်း၌ ရောက်နေခြင်းတော့ ကိုယ်နှင့် မဆိုင်၍ မသိ။



ဥပိ၏ သိဒ္ဓိကို ရွှေစင်ရွှေသားဖြင့် ဖော်ကျူး မောက်ကြွားနေသည့်အလား ထင်ရ၍ ဘယ်ရတနာမျိုးနှင့်မှ မတူအောင် လိုချင် တပ်မက်စိတ် ဖြစ်ပေါ် ယစ်မူးစေနိုင်ပေသည်။

ကျွန်မမှာ သူတထူး လျှို့ဝှက်ထားသော ပစ္စည်းတစ်ခုကို ထုတ်ပြ၍ ယုံကြည်မှုကို ဝမ်းသာမိသော်လည်း ယူကိုင်ကြည့်ခွင့် ပေးသောမှုကို မနှစ်သက်နိုင်ဘဲ လုံးရ လက်မခံနိုင်အောင် ဖြစ်နေသည်။

သူတစ်ပါး လက်ထဲသို့ ပေးအပ်နိုင်ခဲ့လျှင် လည်ချောင်းထဲ ထည့်၍ ခက်ရာခက်ဆစ် မျှိဝှက်ထားစရာ မလိုဘူးဟု ထင်မိသည်။

"ကြီးကြီးခင် ဖွက်တာ ရန်ကို ကြောက်လို့ ဝှက်ရတာ မဟုတ်လား၊ ဘယ်သူ့မှ ပေးလဲ မပေးနဲ့၊ ပြလဲ မပြနဲ့ပေါ့"ဟု သတိပေးစကား ပြောကာ ပြန်ကမ်းပေးလိုက်သည်။

ကြီးကြီးခင်လည်း တစ်ခါတည်း ပါးစပ်ထဲ သွင်းလိုက်ကာ သူ့နေရာသူ ပြန်ပို့လိုက်သည်။

"ကြီးကြီးခင် ဘာဖြစ်လို့ ဆက်မလုပ်တာလဲ"

အင်္ဂလိပ် ခေတ်သဘောကို ဘကြီးထံမှ ကြားဖူးနား၀ ရှိခဲ့သောကြောင့် ကိစ္စ မပြီးသေး၍သာ ဤသည်ခေတ်လုံးကို ကျွန်မ တွေ့ရသည်။

ကိစ္စပြီးနေပါလျှင် တွေ့ရမည့် အရာမျိုးမဟုတ်ဟု တွေးမိကာ မေးလိုက်မိခြင်း ဖြစ်သည်။

ကြီးကြီးခင်သည် အဖြေမပေးဘဲ နေသည်။

"လုံထဲ ထိုးတော့ ခေတ်လုံးက ပြာအန်သလား"

ကျွန်မမှာ အင်္ဂလိပ်ပညာကို လိုက်စားကာ နားလည် တတ်ကျွမ်း၍ မေးမြန်းခြင်း မဟုတ်ဘဲ သူများပြောသံ ကြားသဖြင့် လျှောက်မေးကြည့်ခြင်းသာ ဖြစ်ခဲ့လေသည်။

ကြီးကြီးခင်သည် တုပ်တုပ်မျှ မလှုပ်ဘဲ ငြိမ်နေသည်။

ကြီးကြီးခင်ထံမှ အဖြေမရ၍ ဆက်မမေးတော့ဘဲ အသာ ငြိမ်နေလိုက်သည်။

ငြိမ်နေသော ကြီးကြီးခင်သည် အသက်ဝင်လာကာ....

"အန်တယ်"ဟု ပြန်ဖြေလိုက်သဖြင့်



"ဒီပြာတွေ ကြီးကြီးခင် စားသလား" ဟု ပြန်မေးလိုက်သည်။

ကြီးကြီးခင်သည် ပြုံးလိုက်လေသည်။

နီးကပ်စွာ ဂရုတစိုက် ကြည့်နေခိုက်ဖြစ်၍ ပြုံးလိုက်မှ ပိုမို ပြန့်သွားသော ပါးနှစ်ဖက်ကို သတိပြုမိသည်။

အသက် ၆၀-အရွယ် ပါးမျိုး မဟုတ်ဘဲ သွေးရောင်လျှမ်း ထသွားသော ပါး၏ အသားမှာ တင်းပြည့်နေကာ နုပျိုစိုပြည်သော လက္ခဏာများ ထင်ရှား ပေါ်လွင်သွားသည်။

"ပြာတွေစားတော့ အကျိုး ထူးသလား ကြီးကြီးခင်"

ကြီးကြီးခင်သည် ကျွန်မအနားတွင် ရှိမှန်းမှ သိပါရဲ့လားဟု ထင်မှတ်ရလောက်အောင် မလှုပ်ဘဲ ဆိတ်ငြိမ်လျက် နေပြန်၏။

ဝိဇ္ဇာဇော်ဂျီတွေနဲ့များ တွေ့နေသလားဟု ကျွန်မက ပြက်ရယ် တင်စား၍ တွေးထင်ရလောက်အောင် မလှုပ်ဘဲ အငြိမ်ကြီး ငြိမ်သက်နေလေသည်။

ထိုအခိုက် အိမ်ရှေ့၌ ညည်သည်များတက်လာကြသံကို ကြားရသည်။



ကြီးကြီးခင်သည် ကိုယ်ကို ယိမ်းကာ နောက်သို့ လှည့်လျက် အိမ်ရှေ့ လှေကားမှ တက် လာ ကြ သော ဧည့် သည် များကို ကြည့်လိုက်သည်။

ဒေါ်ဒေါ်၏အသံမှာ ဆူညံသွားသည်။

ဧည့်သည်နှင့် တစ်ယောက်တစ်ခွန်း ပြောဆို နှုတ်ဆက်နေကြသော အသံတို့ကား မကွဲမပြားအောင် ဗလုံးဗထွေးဖြစ်နေကြသည်။

ဧည့်သည်များကို ကြည့်ပြီး ကျွန်မဘက်သို့ လှည့်လိုက်ကာ ကျွန်မကို စိုက်ကြည့်သည်။

"ကြီးကြီးခင်လေ ဘယ်သူ့ကိုမှ မပြောဖူးဘူး၊ အသက် ၄၀ လောက်က သွေးဆုံးခဲ့တာ၊ အဲဒီ ပြာ စားပြီးတဲ့နောက် အခု အသက် ၆၀ မှာတောင် အင်း....အခုလေ အဲ....သွေးပြန်ပေါ်နေတယ်"

ထိုစကားကို ဘယ်လို ထားရမှန်း မသိသော မျက်နှာနှင့် ရှက်လှစွာ ဖွင့်ပြောလျက် တုန်တုန်ယင်ယင်ဖြင့် နေရာမှ ထ လိုက်သည်။

အပြင်ဘက်မှစားရေးရာယူခဲ့ရန်အော်လိုက်သော ဒေါ်ဒေါ်၏ အသံကို....



"အင်း....အင်း....ရမယ်....ရမယ် .. အခု ပြီးပါမယ်" ဟု ပြန်အော်လိုက်လေသည်။

* * *

၄

"လှိုင့်ကို ကြီးကြီးခင် အများကြီး အားထား ပါတယ်၊ ကြီးကြီးခင်ရဲ့ ခဲရာ ခဲဆစ်ကို လှိုင်တစ်ဖက်က ကူညီနိုင်မလားလို့ မျှော်လင့်မိတယ်၊ ဒါကြောင့်"

တာမွေအိမ်ကြီးသို့ ကျွန်မတို့ ပြောင်းရွှေ့သွားကြပြီးနောက် ကြီးကြီးခင်သည် ကျွန်မတို့နှင့် ခေတ္တ ခဏ လာနေသည်။

ည နှစ်ချက် ထိ၍ ဆွမ်းချက်ကာ ဘုရား ဆွမ်းကပ် သီလ ယူပြီးနောက် နံနက်လင်းလျှင် ဈေးမရ ဆီး၍ မီးဖိုထဲသို့ ဝင်





သွားကာ ကျွန်မတို့အတွက် ဖွယ်ဖွယ် ရာရာ ချက်ပြုတ် ပေးလေသည်။

မွန်းမလွဲမီ ကော်ဖီ တစ်ခွက်ပဲ သောက်လိုက်ကာ နှစ်ဧက လောက် ကျယ်ဝန်းသော ဥယျာဉ်ထဲ၌ လှည့်ပတ်လျှောက်နေကာ ပျောက်ကွယ် နေလေသည်။

ကြီးကြီးခင်၏ အရိပ်အယောင်ကို မမြင်ရသဖြင့် တိုက်ရှေ့ ရေကန်ကြီးဆီသို့ ထွက်လာခဲ့ကာ ရေကန်ဘောင်ပေါ်တွင် ရပ်လျက် ပါးစပ်ကို လက်ခုပ်နှင့်ကွယ်ပြီး....

"ကြီးကြီးခင်ရေ.... ကြီးကြီးခင်" ဟု တောင် မြောက် လေးပါးက ကြားအောင် ဟစ်အော်ခေါ်နေရသည်။

ဥယျာဉ်ကြီးထဲ၌ သစ်ကြီး ဝါးကြီးများ ပေါက်ရောက်နေလျက် တောကြီး ကဲ့သို့ သစ်ပင်များ ပိတ်ကျပ် ဆိုင်းအုပ် နေလေရာ ကျွန်မ ဟစ်ခေါ်နေသည့် အသံမှာ ပဲ့တင်ထပ်ပြန်နေသည်။

ဘယ်ဝယ်ဘယ်ဆီကမှန်း မဖမ်းနိုင်သော အသံကို ပြန်ရလေသည်။

"လာပြီ လှိုင်ရေ....လာပြီ....လာပြီ"

ကျွန်မတို့သည် ရေကန်နားရှိ မရမ်းပင်ကြီး၏ အရိပ်အောက်တွင် ထိုင်ကြ၏။



ထိုနေရာသည် ကျွန်မတို့ နှစ်ကိုယ်ကြား လျှို့ဝှက်စွာ စကားတိုင်ပင် ဆွေးနွေးခဲ့ကြသော နေရာဖြစ်သည်။

"ကြီးကြီးခင် ကဝကို အစက ပြောပြမယ်၊ ၁၉-နှစ် သမီး လောက်က စ တာပဲ၊ ကြီးကြီးခင်တို့ မိဘဟာ တယ်ပြီး ရတနာသုံးပါး ကြည်ညို ကြတယ်၊ သထုံမှာ ရွှေကျင် သာသနာ ပြန့်ပွားအောင် အခြေ စိုက် ပေး ခဲ့တယ်၊ လယ်ဝန်ဘဝက ပင်စင်ယူပြီး နေ့ရှိသ၍ ကျောင်း ဝေယျာဝစ္စ ကျောင်းကိစ္စနဲ့ အချိန်ကုန်နေကြတာပဲ၊ "ဒီအချိန်မှာ ကြီးကြီးခင်တို့ လှချင် ပချင် အရွယ်ပေါ့၊ စိန်တစ်လုံးတည်းနားကပ်ကြီးကို ညီမတွေထက် ကြီးကြီး ခင်ကို ရတီပိုကြီးပြီးဝယ်ပေးရတယ်၊ အလှကို သိပ်ကြိုက်တာပဲ၊ လှဖို့ ပဖို့ လောက်ပဲ စိတ်ကူး နေတာပဲ၊ တစ်နေ့ တော့ 'ကဲ.... ဒီက မျှစ်' လို့ လမ်းမက အော်သွားတဲ့ ဈေးသည် အသံကို ကြားတာနဲ့ မေမေက မျှစ်သည်ကို လှမ်းခေါ်လိုက်တယ်။

"သမီးရေ.... မနက် ဆွမ်းဖို့ ဝယ်လိုက်ပါဦး ဆိုတာနဲ့ ကြီးကြီးခင်လဲ မီးဖိုထဲက စကောတစ်ချပ် ဆွဲပြီး ထွက်လာတယ်၊ မျှစ်သည်လေးက ကြီးကြီးခင်အရွယ်လောက်ပဲ ရှိတယ်၊ ကျောင်းဖို့ မျှစ်နှစ်ပိဿာ ချိန်တွယ် ဝယ်ပြီး သူ့မျှစ်တောင်းကြီးကို ကြီးကြီးခင်က ခေါင်းပေါ် ပြန် ပင့်ပေး လိုက်တော့ ကြီးကြီးခင်လေ သူ့ကို ကြည့်ပြီး

ဘယ်လိုများ ဖြစ်သွားတယ် ဆိုတာ မပြောနဲ့တော့၊ အင်း....တစ်သက်မှာ တစ်ခါကြုံရတာပါပဲလေ"

သစ်ပင်အောက်၌ ကြီးကြီးခင်သည် သူ၏ နောက်ကြောင်းကို အစက ပြန်လှန် ဇာတ်ခင်းလျက် ပြောပြနေလေသည်။

ကြီးကြီးခင်သည် ပြောလာရင်း ဤနေရာ၌ ရပ်ကာ ရှေ့သို့မဆက်တော့ဘဲ သူ့ဟာသူ ပြန်ကြက်သီးထနေသလို တုန်လှုပ်ချောက်ချားနေပုံ မြင်လိုက်ရသဖြင့် ကျွန်မမှာ စိတ်ဝင်စားစွာနားထောင် နေရာမှ ဘုမသိ ဘမသိနှင့် ကြက်သီးထသွားလေသည်။

"ဘယ်လို ဖြစ်သွားတာလဲ ကြီးကြီးခင်"ဟု ဆက်ပြောရန်ပင် ထောက်ပေးရသည်။

ကြီးကြီးခင်သည် မျက်နှာပျက်ကာ ချောက်ချား နေခြင်းကိုပြန်၍ ငွေခြူ့ဆည်လိုက်သည်။

ငွေခြူ့ ပြန်ဆည်ပြီး မျက်နှာကို ပြင်ထားလိုက်သည်။

ငွေခြူ့ကြီးကြီး ထားလျက် ထွက်သက် ဝင်သက် လုပ်သောကမ္မဋ္ဌာန်းအလုပ်ကို ဝင်စားနေသယောင်။

သို့မဟုတ် ကိုယ့်စိတ် ကိုယ်ရပ်တည်ရာ ရအောင် ထိန်းသိမ်းနေသယောင်ယောင်။



တစ်ခဏချင်း ရုပ်တစ်မျိုး ပြောင်းသွားပြန်သည်။

"ဘယ်လို ဖြစ်လို့လဲ ကြီးကြီးခင်ရယ်" ဟု ကျွန်မက ထပ်မေးရသည်။

ကြီးကြီးခင်သည် အသက်ပြင်းပြင်းကြီး ရှူထုတ်ကာ ခေါင်းကို ညိတ်၏။

"မျှစ်သည်ကလေးကို ကြည့်ပြီး ကြီးကြီးခင် မလှုပ်နိုင်အောင် ဖြစ်နေတာပေါ့၊ သူသာ အိမ်ပြင် ရောက်သွားပါရော ကြီးကြီးခင်မှာဖြင့် သတိလစ်ပြီး ဒီအတိုင်းပဲ မတ်တတ်ကြီး ရပ်နေတယ်၊ မေမေက 'ဟဲ့....သမီး ဘာကြည့်နေတာလဲ၊ ဗန်းယူသွားလေ' လို့ ဆိုလိုက်ဘော့မှ သတိ ပြန်ရတယ်၊ မျှစ်ဗန်းကို ကုန်းယူပြီး မီးဖိုထဲ ဝင်ပြေးတာပဲ၊ တစ်ကိုယ်လုံးလဲလေ ဆတ်ဆတ်တုန်နေတာပါပဲ လှိုင်ရယ်၊ ရင်ထဲမှာ ဘယ်လောက် ထိတ်သွားသလဲဆိုတာ"

"ဘယ်လို ဖြစ်လို့လဲ ကြီးကြီးခင်ရဲ့"

ကြီးကြီးခင်သည် ငြိမ်သွားပြန်သည်။

ငွေခြူ့ ပြန်ဆည် နေရပြန်လေသည်။

ထိုနောက် [illegible] ပြောပြလေသည်။



"သူ့ မျှစ်တောင်းကို ခေါင်းပေါ် ပင့်တင် ပေးလိုက်တော့ စောစောက မျှစ်သည်လေး မဟုတ်တော့ဘူးလို့၊ ကြီးကြီးခင်ရဲ့ မျက်စိထဲမှာလေ ကမ္မဋ္ဌာန်းရုပ်ကြီး အရိုးစုကြီးက ကြီးကြီးခင်နဲ့ မျက်နှာချင်းဆိုင်ရပ်ပြီး တကယ့်မျှစ်တောင်းကြီး ရွက်လို့...."

ဤအချိန်ကစ၍ ကြီးကြီးခင်သည် ဆဲ့မီဆဲ့ရာ သူ့ကိုယ်သူသည်အတိုင်းနေ၍ မဖြစ်ဟု ယုံကြည်လာသည်။

သူ့မျက်စိနှင့် ဗိဋ္ဌမြင်လိုက်ရသော အရိုးစုကြီးသည် သူတကာကို ပြောပြလို့လည်း ယုံကြည်မည် မဟုတ်။

လက်ရှိ ဘဝမှ အလွတ် ရုန်းရန် နိမိတ် မြင်ခြင်းဟု အထင်ရောက်ကာ ဘဝသစ်ကို ချက်ချင်း ပြင်းစွာ ဖြစ်လာမိသည်။

အရိုးစုကြီးမှာ မျက်စိထဲမှ မထွက်တော့ချေ။

အစဉ်သဖြင့် ခြောက်လှန့် နေလေ၏။

မှန်ကြည့်သည့်အခါ ကိုယ့်ရုပ်ကို မြင်ဖို့ရာတွင် အရိုးစုကြီးသည် မှန်ထဲတွင် ရောက်နေ၏။

နောက်ဆုံး မှန်မကြည့်ရဲအောင် ဖြစ်လာသည်။



ထို့ကြောင့် သူ့နှလုံးသားတွင် ခံစားမှုတစ်ခုသည် အဟုန်ပြင်းစွာ ရိုက်ခတ် နေကာ ပို၍ပို၍ မနှစ်မြို့ဖွယ်ရာများသာ မြင်ယောင်လာသည်။

ကိုယ့်ကိုယ်ကို အရိုးစုကြီးပမာ စက်ဆုပ်စွာ မြင်လာကာ ဇက္ကဘုံကြီးမှ ထွက်ပြေးချင်သလိုလို ဖြစ်လာသည်။

ထိုဆန္ဒမှာ လျော့သည် မရှိ၊ ဆထက်ထမ်ပိုး တိုး၍သာ ပြင်းပြလာသဖြင့် ထွက်ရာပေါက်ကို ရှာကြည့်လေသည်။

ခေါင်းကို ရိတ်ကာ သီလရှင်လုပ်လျက် လူတွေထဲ နေဖို့ရန်ကို စိတ်ကူးထဲ၌ ထည့်မရအောင်လည်း ဖြစ်သည်။

သူ၏ ယုံကြည်ချက်မှာ ဘုရားလက်ထက်လည်းမဟုတ်၊ ဘိက္ခုနီမ ခေတ်လည်း မရှိ။

မည်သည့် အသွင်မျိုးနှင့် ဖြစ်စေ၊ လူတွေနှင့် ဝေးရာနေရာ၌ တရားကိုပေါက်အောင်အားထုတ်ကျင့်ရန်သာ အဓိကပါဟု မယ်သီလရင် ဘဝကို ကွင်းရှောင်လိုက်သည်။

မိမိမှာ အရွယ် ရောက်လာပြီဖြစ်၍ အကယ်၍ မိဘများက အိမ်ထောင်ရက်သား ချပါက ထိုအဖြစ်ကို မျက်မှောက်ပြုနိုင်ပါမည်လော၊ ခဲယဉ်းလှပါချေသည်။

သူများနည်းတူ ဝတ်စား ဖြိုးလိမ်း နေဖို့ရန်ပင် သူ့အဖို့ မရှိနိုင်သော ဝန်ထုပ်ဝန်ပိုးလို ဖြစ်နေ၍ သာလွန် ဝန်လေးခဲယဥ်းနေပေပြီ။

ယခုဘဝမျိုးနှင့်သာ နေချေပါက လှမှုပမှု ဝတ်မှုစားမှုများကို ရှောင်ကွင်းနေ၍ ရမည် မဟုတ်။

စွန့်လွှတ်ချင်၍လည်း ဖြစ်မည် မဟုတ်။

နောက်ဆုံး၌ ကြီးကြီးခင်သည် လူ့အိမ်ထောင်ကြီးနှင့် လွတ်ရာဝေးရာသစ်တစ်ပင်အောက် ဝါးတစ်ပင်အောက်၌ တရားသွားကျင့်နေခြင်းသာ ကြည်နူးဖွယ်ရာ ချမ်းမြေ့ဖွယ်ရာဟု အာသာဆန္ဒ စွဲလမ်း ကြီးမားလာသည်။

ညအချိန် နေဝင်ဖျိုးဖျ ဘုရား ရှိခိုး ပြီးနောက် အိမ်ပေါ်ပြတင်းပေါက်မှ ကြည့်လိုက်လျှင် အဝေးမှ ဆီးနေသော မြသပိတ်တောင်တန်းကြီးကို လှမ်းမြင်ရလေသည်။

လူသူ ကင်းဝေးစွာဖြစ်သော တောင်ကြီးကို မျက်နှာမူလျက် ငေးမျှော်နေတတ်ကာ တောင်ကြီးဆီသို့ မျှော်ကြည့် နေရခြင်းသည် စိတ်သက်သာရာ ချမ်းသာရာ တစ်မျိုး ရရှိလာသည်။

ညအခါ တစ်ရေးနိုး ထလျှင်ပင် အဝေးက တောင်ကြီးကိုမျှော် ကြည့်လေ့ရှိ၏။



မကြာမီ တောင်ကြီး သည်ပင်လျှင် သူ့ဘဝခရီးစဉ်၌ သူ့အဖော်ပမာ မိတ်ဆွေရင်းချာ ဖြစ်လာသည်။

တစ်ညဝယ် လရောင် မှုန်မှုန်အောက်၌ ကြီးကြီးခင်သည် ခါတိုင်းလိုပင် ပြတင်းပေါက်က ထွက်ရပ်ကာ မြသပိတ်တောင်ကြီးကို မျှော်ကြည့်နေမိ၏။

မြသပိတ်တောင်နှင့် မလှမ်း မကမ်း တည်ရှိနေသော လဝတောင်ကိုလည်း ခပ်ရေးရေး မြင်ရ၏။

တောင်တန်းတို့သည် လရောင်အောက်၌ငြိမ်ဝပ်ကာ အမှောင်၏ ဖုံးကွယ်ရာဝယ် ငုံးတိတိနှင့် မည်းနေသည်။

တောင်၏ တောင်စွယ်တောင်ဖျားမှ ရုတ်တရက် မှိတ်တုက်မှိတ်တုတ်နှင့် ထွက်လာသော မီးရောင်နီလေးကို မြင်လိုက် ရသည်။

မီးရောင်သည် သာမန်မီးရောင် ထွက်လာပုံမျိုး မဟုတ်ချေ၊ တစ်စုံတစ်ရာ အထိမ်းအမှတ် အချက်ပြနေသော မီးဟု ထင်ရအောင် မှိတ်လိုက် လင်းလိုက် ဖြစ်နေပေသည်။

လင်းလာခိုက်တွင် အလင်းရောင်သည် ဝေကာ ဝိုက်ကာရှိသွားလျက် ပြန်မှိတ် သွားပြန်၏။



မှိတ်ရာမှ တစ်ဖန် ပြန်လင်းလာကာ မီးနီလုံးကလေးသည် အထက်တက်လိုက် အောက်ရောက်လိုက်နှင့်ယမ်းနေကာ ရဟတ်လို ပတ်ချာလည်နေပြီးနောက် ကွယ်ပျောက်သွားသည်။

ကြီးကြီးခင်သည် ထူးခြားသော မီးရောင်ကို အားကုန် စူးစိုက်စွာ ရပ်ကြည့်နေမိ၏။

ညကြီး မင်းကြီးတောင်ပေါ်က ပျောက်လိုက် လင်းလိုက် ပေါ်လာသော မီးရောင်သည် အကြောင်းတစ်စုံတစ်ရာအဓိပ္ပာယ်ရှိမည်ဟု ထင်လိုက်မိသည်။

မိမိနေရာနှင့် တောင်ရိုးသည် များစွာ ကွာလှမ်းသော်လည်း မမျှော်လင့်ဘဲ တွေ့လိုက်ရသော အချက်ပြမီးရောင်သည် မိမိနှင့်နီးစပ်ကာ ပတ်သက်၍ပဲ နေတော့သလိုလို ယုံမှား ထင်မှားဖြင့် စိတ်တွေ ကယောက်ကယက် ဖြစ်လာတော့သည်။

ထိုညက အစပြု၍ ည လူခြေတိတ်ချိန် အိမ်သားများအားလုံး အိပ်မောကျနေချိန်၌ ကြီးကြီးခင်သည် အိပ်ရာမှ တိတ်တဆိတ်ထကာ ပြတင်းပေါက်တွင် ရပ်လျက် မီးရောင်ကို ချောင်းနေမိသည်။

မီးရောင်မှာ ပေါ်မလာဘဲ ရှိနေ၏၊ တောင်ရိုးပေါ်က ထူးဆန်းသော မီးရောင်သည် သုံးညလွန်မှထွက်လာခြင်းကို ထပ်ပြီး



မြင်ရ၏၊ သုံးညလွန်မြောက်သောညတိုင်းပင် ကြီးကြီးခင်လည်း မီးရောင်ကို ထကာ ချောင်းကြည့်နေတော့၏။ တစ်ညတွင် ပြတင်းပေါက်က ရပ်စောင့်ရင်း မှေးငိုက်လာခိုက် ဝေကာ သန်းကာ လင်းသွားလိုက် ပျောက်သွားလိုက်ရှိသော မီးနီရောင် ပေါ်လာသည်ကို မြင်ရလျှင် အလိုလို ဒူးများဆတ်ဆတ် တုန်လာကာ နှလုံးသားတွေ အရေပျော်မတတ် ဖြစ်လာလေသည်။

ငှီချင်သလိုလို မီးရောင်ရှိရာသို့သာ ပြေးထွက်သွားချင်သလိုလိုနှင့် စိတ်ကို မထိန်းနိုင်လောက်အောင်ပင် ရပ်တည်ရာမရ ဖြစ်နေမိသည်။

တောင်ပေါ်က အချက်ပြမီးကို တွေ့ပြီးခဲ့သည့် နောက်ပိုင်းမှာ တစ်နေ့တခြား ဟန်ဆောင်၍ပင် မရနိုင်တော့အောင် အမူအရာများ ပျက်လာလေသည်။

လူတွေနှင့်နေမဖြစ်၍ ဘာသာသီးခြားနေရာကို ရှာဖွေနေပြီးလည်း မရ၊ ဖင်ထိုင်မကျရှိလျက် ဂနာမငြိမ် ရှိနေသည်။

"ဒီဘဝကြီးဟာ အိုလိုက် နာလိုက် သေလိုက်နဲ့ ဒုက္ခတွေ အနန္တနဲ့ ပြည့်နေတဲ့ဘဝ၊ ဖြစ်လိုက်ပျက်လိုက်နဲ့ မမြဲတဲ့ဘဝ၊ ဒုက္ခကို မနှစ်သက်မှ ဒုက္ခက ကျွတ်လွတ်နိုင်လိမ့်မယ်"

အရိုးစုကြီးက အနားကပ်လျက် ဤသို့ အမြဲသတိလိုက်ပေး နေသကဲ့သို့ရှိနေကာ၊ ထင်မှတ်နေကာ အရာအားလုံးနှင့် ပဋိပက္ခ ကြီး ဖြစ်၍နေ၏။ ဘဝကို ငြီးငွေ့သော မပျော်ပိုက်သော စိတ် ဒုက္ခကြီးမှ ကျွတ်လွတ်နိုင်ရန် ရုန်းကန် တွန်းလှန်နေရခြင်းပြ နေ့စဉ်နှင့်အမျှ ပင်ပန်းဆင်းရဲနေရပေသည်။

တစ်ခုနေ့သော ဥပုသ်နေ့၌ အိမ်ရှိလူကုန် ကျောင်းထွက်က ဥပုသ်စောင့်ကြ၏။ ကြီးကြီးခင်မှာ အိမ်တွင်နေရစ်ခဲ့သည်။

အားလုံးသွားကုန်ကြမှ ဆင်ယင်ထားသော လက်ဝတ်လက် စားများကို ချွတ်ခဲ့ကာ အိမ်က လစ်ထွက်လာခဲ့သည်။

ကိုယ်သွားလိုရာသို့ အမြန်ရောက်ချင်လှသည့်ဇောဖြင့် ခြေ ကုန်သုတ်လာကာ မကြာမီ တောင်ခြေသို့ ဆိုက်ရောက် လာ သည်။

နံနက်စောစော တောင်၏တင့်တယ်ခြင်းသည် စိတ်ကိုနူးညံ့ ချမ်းသာသွားသည်။

သဘာဝအားဖြင့် ပေါက်ရောက်နေကုန်သော သစ်ပင် ကြီး ငယ်တို့သည် စိမ်းစိုလန်းဆန်းသော ခက်မခက်ရွက်များ အုပ်ဆိုင် နေလျက် အေးမြမြအရိပ်နှင့် တိတ်ဆိတ်ခြင်းအတိ ရှိနေ၏။



နေရောင်ထိုးဝင်နိုင်သော နေရာအတွင်း၌ ရောင်ခြည်များ ဖောက်ထွင်းတောက်ပ ထွန်းလင်းနေလျက် သစ်ပင် ထူထပ်ရာ နေရာများတွင် ရိပ်ကွယ်နေသဖြင့် တောင်ကြီး တစ်တောင်လုံး နေရောင်ခြည်များ ပြောက်တိပြောက်ကျား ဖောက်ထွင်း တောက်ပနေပုံမှာ ကျောက်ရှိုင်းကျောက်တုံးကြီး အရောင်ထွက် နေသကဲ့သို့ ထင်မှတ်ရသည်။

ကြီးကြီးခင်သည် တောင်ရိုးကြီးကို မော့ကြည့်ကာ အိမ်က မြင်ရသော မီးရောင် ထွက်ရာနေရာသို့ မှန်းဆ တက်သွားလေ သည်။

တောင်ပေါ်၌ လူသွားလူလာ မရှိပေ၊ သစ်ပင်ချုံနွယ်တို့ ကြားမှ ပုန်းလျှိုးတိုးဝှေ့ တက်ရလေသည်။

တောင်ပေါ်ရှိ ကျေးငှက်သာရကာများ၏ အသံဗလံများကို အဖော်ပြုကာ ရောက်လိုလှသည့်နေရာသို့ ရမ်းသမ်းပြီး မှန်း သွားနေရ၏။ ရှေ့သို့ တက်နေသော်လည်း နောက်သို့လည်း မပြတ်ပြန်ကြည့်ကာ လာလမ်းကို ပြန်မှတ်တက်သွားသည်။

ကျွန်ပင်ကြီး တစ်ပင်အောက်သို့ ရောက်သောအခါ မော ဟိုက်လွန်း၍ ခေတ္တအပန်းဖြေ ထိုင်နားနေသည်။

တောင်ပေါ်၌ လေတိုးရာတွင် သစ်ကိုင်းများ တစ်ကိုင်းနှင့် တစ်ကိုင်း ခတ်သွားကြသောအသံများသည် ရှေ့သို့ ဆက်မသွား



ရန် ခြောက်လှန့်နေကြ၏၊ ကြီးကြီးခင်သည် စိတ်ကို တင်းကာ တောင်မြောက်လေးပါးကို လှမ်းကြည့်သည်။ ထိုနေရာ၌ တော အောက်ကလို သစ်ပင်ချုံပုတ်များ ရှုပ်မနေကြဘဲ ပင်ခြေ အောက်၌ ရှင်းနေလေသည်။

မျက်စိထဲ၌မြင်ရသော အရာဝတ္ထုများနှင့် ရှူရှိုက်ရသော လေသည် တစ်ခဏခြင်း အမောပြေစေကာ အားအင်ပြည့်တင်း သည်။

မျက်စိအေး နားအေးရှိသလို ထာဝစဉ် ပူလောင်နေရသော ရင်ထဲ၌လည်း အေးမြနေ၏။

အတန်ကြာ နားနေပြီးလျှင် လမ်းကောင်းကို ရွေးကာ ဆက် လက်၍ တက်သွားပြန်သည်။

ခရီးတွင်အောင် ခတ်သုတ်သုတ် နှင်လာခဲ့၏။ လမ်းတွင် သားရဲရန်ဘ္ဘာန်များနှင့်မတွေ့ကြုံရန် ဘုရားဂုဏ်တော်ကို တတွတ် တွတ် ရွတ်ဖတ်သွားရလေသည်။

ရှေ့သို့ တစ်နာရီခန့် တက်သွားမိလျှင် ချေစီးနေသော စမ်း ကလေးသည် ရှေ့ကပိတ်ဆီးထားသည်။

စမ်းတစ်ဖက်တွင် သစ်ပင်များ ပိတ်ကျပ်ကာ ရှုပ်နေလျက် လူသူအရောက်အပေါက် နည်းဟန်ရှိသည်။



ကြီးကြီးခင်သည် မောလာသဖြင့် စမ်းကို တွေ့လျှင် ရေ သောက်လို၍ မြေပေါ်တွင်ထိုင်ချလျက် လက်ခုပ်နှင့် ရေကို ငုံ့ ခပ်နေခိုက် 'ဘယ်ကိုသွားမလို့လဲ မိန်းကလေး'ဟု မေးလိုက် သောအသံကို နားမှာကြားရလျှင် ခေါင်းကြီးသွားကာ လက် ခုပ်ထဲ၌ သယ်ခပ်ယူလိုက်သော ရေများသည် စမ်းထဲသို့ ပြန်ကျ ကုန်လေသည်။

ကြီးကြီး ခင်သည် နောည်သို့ လှည့်ကြည့်လိုက်သည်။

မျက်စိထဲ၌ မယုံကြည်နိုင်အောင် မြင်ရကာ ကြက်သေ သေ သွားသည်။

မိမိရေငုံ့ ခပ်နေသောနေရာ၏ အနောက်၌ သစ်ပင်တစ်ပင်၏ ခြေရင်းတွင် မိမိဘက်သို့ မျက်နှာမူကာ မြေပေါ်၌ ကျုံ့ကျုံ့ ယုံ့ယုံ့ ထိုင်နေသော ရသေ့မကြီး တစ်ယောက်ကို သွားတွေ့ရ သည်။

ယခုပင် ဤသစ်ပင်ရှေ့က ဖြတ်ကျော် လာခဲ့သေးလျက် မမြင်မိခြင်းကို အံ့သြကာ ကြက်သေသေ နေမိသည်။

ရသေ့မကြီးသည် အသက် ၆၀-ခန့်ရှိပေမည်၊ သူ၏ ဖြူဆွတ် သော ဆံပင်များကို နောက်တွင် ထုံးခွေထားသည်၊

သစ်ခေါက်ဆိုး အဝတ်ကို ဝတ်ထားကာ နီညိုရင့်ရင့် ပုတ်ပုတ် အရောင်ရှိသော ကိုယ်ရုံကြီးကို တစ်ကိုယ်လုံးခြုံလျက် မြေပေါ်၌ ငြိမ်သက်စွာ မိန်းမပီပီ ထိုင်နေသည်။

မျက်နှာတွင် နဖူးရေပါးရေများ တွန့်ရှုံ့နေကာ မှေးနေသော မျက်လုံးတို့သည် တောက်ပြောင် စူးရှလှသည်။

ကြီးကြီးခင်သည် နေရာမှထလျက် ရသေ့မကြီးအနီးသို့ လာခဲ့သည်။

ရသေ့မကြီးရှေ့တွင် ဒူးထောက်လိုက်ကာ ခြေထောက်များပေါ်၌ ဖိထိုင်ချလျက် မျက်နှာကို လက်ဝါးနှင့် အုပ်ကွယ်ပြီး ရှိုက်ကြီးတငင် ငိုမိလေသည်။

"ကြီးကြီး ခင်က လူ့ဘောင်ကို မပျော်ပိုက်နိုင်တဲ့ အကြောင်းနဲ့ အရိုးစုကြီးကို မျက်စိထဲက မပျောက်သွားမရနိုင်တဲ့ အကြောင်းတွေ ရသေ့မကြီးကို အကုန်ဖွင့်ပြောပြတယ်၊ နောက် ဒီတောင်ပေါ်က ညမီးကိုတွေ့ရတော့ ဒီမှာ သူတော်ကောင်းတွေ ပုန်းအောင်းနေမှာပဲ၊ ဒီမီးနေရာကို လိုက်ရှာရင် သူတော်သူမြတ်တွေနဲ့ တွေ့ရမှာပဲလို့ စိတ်ထဲက စွဲလမ်းပြီး အိမ်က အရဲစွန့်လာတဲ့ အကြောင်းတွေ ပြောပြလိုက်တယ်"

နောက်ကြောင်းကိုဇာတ်ခင်းပြောပြနေသော ကြီးကြီးခင်၏ သော်၌ မရမ်းပင်ကြီးကို ကျောနှင့် ကပ်မှီကာ ထိုင်နားထောင်



နေရင်း ကျွန်မမှာ ကြားရသော အဖြစ်အပျက် အခြင်းအရာများကို တောင်ပေါ်မှ ပြကွင်း ပြကွက်နှင့် လှပစွာ မြင်နေကာ ဝတ္ထုကောင်း တစ်ပုဒ်ကို အရသာခံကာ ဖတ်နေဘိသကဲ့သို့ ရှိလှသည်။

"ကြီးကြီးခင်ကို ရသေ့မကြီးက ဘာပြောသလဲ"

"အဲဒီနေရာမှာ....သူနှင့်အတူ တရား လာ အားထုတ်နိုင်တယ်လို့ ပြောတယ်၊ တောင်စွန်းပေါ်က ဆရာတော်ဘုရားဆီက ညဘက် မီးရောင်ပြခေါ်ရင် နောက်တစ်နေ့ မနက် အဲဒီ သွားပြီး တရားယူရသတဲ့၊ ဆရာတော်ဘုရားဆီကို မခေါ်ဘဲနဲ့ မသွားရဘူး၊ မီးပြခေါ်မှ သွားရသတဲ့၊ ကြီးကြီးခင်ကို နက်ဖြန် စောစောကြီး လာခဲ့၊ ဆရာတော်ဘုရားဆီခေါ်သွားမယ်လို့ ပြောပြီး နေရာက ထသွားတယ်၊သူ့တောင်ဝှေးကို ထောက်ပြီး စမ်းကလေးတစ်ဖက်ကို လှမ်းမကူးခင် ကြီးကြီးခင်ဘက်ကို လှည့်ပြီး- 'မိန်းကလေး လာလမ်းအတိုင်း ပြန် ဘေးမရှိဘူး'လို့ ပြောသွားသေးတယ်၊ စမ်းကလေးလဲ ကျော်သွားရော သစ်ပင်အုပ်တွေထဲမှာ ပျောက်သွားမှ ကြီးကြီးခင် ပြန်ပြေးဆင်းလာခဲ့တာပဲ"

ကျွန်မ၏ မျက်စိထဲတွင် တောင်ပေါ်မှ ပြေးဆင်း လာနေသော ကြီးကြီးခင်ကို မြင်နေရသည်။



တောင်ပေါ်က ပြန်အဆင်း သူ့ကိုယ်သူ 'အောင်ပြီ'ဟု မည်မျှ ဝမ်းသာ အားရ ရှိလာမည်နည်း။

သူ့ကိုယ်သူ ထူးသည်ဟုလည်း မည်မျှ နှစ်သိမ့် တက်ကြွ ဖြစ်လာမည်နည်း။

သူသည် ဘဝအသစ်ကို မျက်နှာမူထားပေပြီ။

တောင်ပေါ်သို့ သူ လာစဉ်က လမ်းဟောင်းအတိုင်း လျှောက်ပြန်လာခဲ့ငြားလည်း ထိုလမ်းများသည် သူ့ဘဝခရီး၏ လမ်းသစ်ဟု ခေါ်ဆိုရမည်။

လောကကြီး၌ သူ ကြိုက်မသောနေရာ အစိတ်အပိုင်းကနေ၍ ပြတ်ပြတ်သားသားနှင့် နိုင်နင်းစွာ စွမ်းဆောင် ကြိုးပမ်း အားထုတ်သွားရမည့် သူ၏ ဘဝခရီးစဉ်သည် ဤလမ်းက စပေသည်။

သံသရာကို စက်ဆုပ်၍ လောကီကို ငြီးငွေ့ကာ တရားအားထုတ်ရန်ဟု တစ်ခုတည်းသော အကြောင်းဖြင့် ပြဌာန်းကာ လမ်းသစ်မှ လျှောက်ပြန်လာခဲ့သော ကြီးကြီးခင်သည် သူ၏ ဘဝတစ်သက်တာ၌ လောကီကို တကယ်တမ်း စွန့်ခွာပစ်နိုင်ပါလေစ။

*  *

၅

"မအေးခင် တစ်ယောက်တော့ သွပ်တွတ်တွတ် ဖြစ်နေပါပြီ"

ဟူသော တီးတိုးသံများသည် ထွက်ပေါ်လာလေသည်။

ကြီးကြီးခင်၏ အိမ်သားများ ထဲမှ ညီမငယ် ဖြစ်သော ဒေါ်ဒေါ်ပင်လျှင် ဥမ္မတ္တကဟု ခေါ်စမှတ်ပြုလာသည်။

ကြီးကြီးခင်သည် တောင်ပေါ်၌ ဆရာတော်ဘုရားနှင့် စတွေ့ရသော နေ့၌ပင် ဤနေ့ ဤရက်ကာစ၍ အသက်ထက်ဆုံး ရှစ်ပါးသီလကို စောင့်ထိန်းပါမည် ဟူသော သစ္စာဖြင့် လောက

ကြောင်းများနှင့် အဆက် ဖြတ်နိုင်သလောက် ဖြတ်သွားအောင် ဖြတ်ပစ်လိုက်သည်။

တောင်ပေါ်မသွားရန် အိမ်က တားမြစ်၍မရတော့ပေ။

တောင်ပေါ်သို့သာ သွားနေကာ တစ်ခါတရံ ရသေ့မကြီးနှင့် ညအိပ်နေလေ၏။

တောင်ပေါ်တွင် သစ်ပင်တစ်ပင်အောက် ထိုင်ကာ ဝိပဿနာ အလုပ်ကို ထပ်မြင့် ဝင်စား အားထုတ်နေတတ်၏။

မွဲခြောက်ခြင်းယင်၊ ပိုးမွှားတိရစ္ဆာန်များနှင့် အဆိပ်ပြင်းထန်သော ပိုးကောင်များ ကိုက်နေလည်း မလှုပ်မရှားဘဲ အစိဋ္ဌာန်ပါရမီ ဆောက်တည်လျက် အားထုတ်မြဲသာ အားထုတ်နေ၏။

ကြီးကြီးခင်အိမ်သို့ပြန်လာသောအခါ မည်သူနှင့်မျှ ရောနှော ပြောဆိုမနေဘဲ ကျောင်းက သွမ်းကွမ်း ဝေယျာဝစ္စများသာ ကူးလုပ် နေတတ်သည်။

တောင်နှင့်အိမ်ကို ကူးလိုက် သန်းလိုက် လုပ်နေပြီး၊ တစ်ခါတလေ တောင်ပေါ်၌ ရက်ကြာနေသဖြင့် အိမ်က စိတ်ပူကာ လိုက်ခေါ်ကြရလေသည်။

ကြီးကြီးခင်၏ မိခင်မှာ ကြီးကြီးခင်အတွက် ရတက် မအေးနိုင်အောင် ဖြစ်နေရသည်။



အမှန်စင်စစ် ကိုးကွယ် ဆည်းကပ်နေသော ဗုဒ္ဓ ဘာသာ တရားအရ သမီးဖြစ်သူသည် တရားနှင့်မွေ့လျော်နေခြင်းအတွက် ကျေနပ် နှစ်မြို့က်ရန် နှလုံးသွင်းဖွယ်ရာ ရှိသော်လည်း ကြီးကြီး ခင်၏ ရှေ့အနာဂတ်အတွက် လူကြီးပီပီ မြော်မြင် ဆင်ခြင် ကြည့်၍ စိတ်မအေးနိုင်အောင် ဖြစ်နေသည်။

ကြီးကြီးခင်သည် ရသေ့မအဝတ်ကို ဝတ်နေချင်လည်း ဝတ် နေတတ်ပြန်၏။

သွားနေ လာနေကျတောင်မှ ဆရာတော်ဘုရား ရွှေ့သွားရာ ဖေးဘလိန်း တောင်စွန်းသို့ ရသေ့မကြီးနှင့်အတူ လိုက်ရွှေ့ နေကြသည်။

ဖေးဘလိန်းတောင်စွန်းသို့ ရွှေ့ပြီးသည့်နောက် ကြီးကြီးခင် အိမ်ပြန်လာလျှင် ယခင်က ပြန်လာခြင်းမျိုးနှင့် မတူအောင် ထူးခြား လာပြန်လေသည်။

နေပုံ ထိုင်ပုံလည်း ထူးသည်။

ပြောပုံ ဆိုပုံလည်း ထူးသည်။

အထူးခြားဆုံးကား ကြည့်ပုံ ရှုပုံတို့ ဖြစ်၏။

စိတ်မနှံ့သော သူများကဲ့သို့ မှုမှန်ခြင်းမျိုးလည်းမဟုတ်။



စိတ်ကောင်းနေသော သူများကဲ့သို့ မှုမမှန်ခြင်းမျိုးလည်း မရှိ။

ပြောချင်ရာတွေ ပြောကာ၊ ကြည့်ချင်ရာ ငေးငိုင်ကြည့်လျက် သို့မဟုတ် ရာဇဝင် ကောင်နောက် ပုလီပ်လိုက်၍ ဘယ်နေရာ ရောက်ရောက် မလှုံဘဲ ကျီးကန်းတောင်းမှောက် ဖြစ်နေသလို ဖြစ်နေလေ၏။

"ကျွန်မကို အထက် ဆရာကြီးများက စောင့်ကြည့်နေကြတယ်၊ အင်းလေ .... တစ်မျိုးပေါ့....၊ အဲ .... သူတို့ အတိုင်းပဲ"

သည်စကားမျိုးတွေ ပြောလာ၍ မိခင်ကြီးမှာ မျက်လုံး ဝိုင်းကာ သမီးစကားကို နားမလည်ဘဲ ဖြစ်နေသည်။

'ဘယ်လိုများဖြစ်လာပါလိမ့်တော်....ဘယ့်သူနဲ့များ တွေ့လာ ပါလိမ့်'ဟု စိုးရိမ် ထိတ်လန့်သွားသည့် ကြားထဲကပင် သမီး ပြောတာတွေ ဟုတ်မလိုလို ထင်မှတ်ချင် ထင်မှတ်နေပြန်၏။

အခြားသူများက ကြီးကြီးခင်၏ စကားကို လက်မခံကြ၍ ပြောချင်တာ ရှိလျှင် မိခင်ကို ကွယ်ရာတွင် ကျိတ်ပြောပြတတ် သည်။



"အသိရခက်လိုက်တာ သမီးရယ်"ဟု သမီးကို ကြည့်ပြီး ညည်းနေရလေသည်။

တောင်ပေါ်က ပြန်လာသည့် တစ်နေ့ အိမ်၌လူကုန် အရေ အတွက်နှင့် ခြံထဲမှနှင်းဆီပန်းပွင့်များကို ခူးခိုင်းကာ ဗန်းထဲတွင် ပန်းပွင့်များကို မှောက်ထည့်စေလျက် ဘုရားခန်းထဲ၌ ဗန်းကို မြှောက်၍ မျက်စိမှိတ်နေလေသည်။

တစ်အိမ်သားလုံး အနားက ဝိုင်းအုံ ကြည့်နေကြသည်၊

ပန်းဗန်းကို မြှောက်ကိုင်လျက် မျက်စိများမှိတ်ကာ တစ်စုံ တစ်ရာကို အာရုံဝင်စားနေဟန်ရှိပြီးနောက် ဗန်းကို ချလိုက်ကာ အိမ်ရှိ လူကုန်အစေ့အငှ နှင်းဆီပန်းပွင့်များကို တစ်ပွင့်ကျ ပေးကမ်းသည်။

နှင်းဆီပွင့်ကို လက်ဝါးပေါ်၌ ခါကြည့်ရန်ပြော၍ အားလုံး ယ်စီရသောပန်းကိုခါကြည့်လိုက်ကြသောအခါ ပုရပိုက်ရွှေနှင့် ုပ်ထားသော ရွှေလက်ဖွဲ့ ကလေးများသည် လက်ဝါးပေါ်သို့ ကျလာကြသည်။

ဖေါ်ဖေါ်နှင့်အကွ တစ်အိမ်သားလုံးပင် မျက်လုံးများ ပြူး သွားကြကာ....

'ဘယ့်နှယ်ပါလိမ့်' ဟု စိတ်ထဲတွင် ထူးဆန်း သွားကြ သည်။

ရှေ့ဆက် လုပ်ခိုင်း၍လည်း မရတော့ပေ။

သူ့ကိုမေး၍လည်း လက်ဖွဲ့တွေ ဘယ်က လာကြောင်း မဖြေ ဘဲ နေသည်။

ဝိုင်းပြီးအမေးအမြန်း ထူနေကြ၍ လူတွေနှင့်ဝေးရာသို့ ထ သွားကာ ဂူခြေကြီး နှင့် တစ်နေ ရာ ရာ သွား ငြိမ် ထိုင်နေ လိုက်၏။

ကြီးကြီးခင် သတင်းသည် ဆွေမျိုးတစ်သိုက်တွင် ပျံ့နှံ့သွား လေသည်။

ကြီးကြီးခင်ခင် ထူးလာပုံကို မယုံရအခက်၊ ယုံရအခက်နှ ဖြစ်နေကြသည်။

ယုံကြည်အောင် ပြပါလျက် မယုံကြည်ကြသူတွေအား ယုံ ချင်လည်းယုံ မယုံချင်လည်းနေဟု ပြောချင်ရာတွေ လျှော ပြောနေသည်။

"မိုးကို မရွာအောင် တားဆိုရင်တောင် ထားနိုင်တ သိရဲ့လား၊ ဘာမှတ်လို့လဲ"



ထိုသို့ မိုးလားကဲလား ပြောနေသဖြင့် ရှေ့ကို သည်ထက် တိုးကဲသွားမှာကြောင့် အားမပေးဘဲ အယုံမရှိသလို နေလိုက် ကြသည့်ပြင် တစ်အိမ်သားလုံးက စိုးရိမ် တကြီး ဝိုင်းနှိမ် လာ တော့သည်။

ကြီးကြီးခင်လည်း သူ့အား မယုံကြည်ခြင်း၊ အသင်အမြင် မကောင်းခြင်း၊ နှိမ်ကြခြင်းကို မခံမရပ် နိုင်အောင် ရှိလာကာ ရှေ့သာတိုးလျက် သူထင်ရာတွေ သူလုပ်၏၊ သူထင်ရာ သူ ပြော နေတော့၏။

ဥစ္စာပျောက် ပစ္စည်းပျောက် သူတို့နှင့်တွေ့လျှင်....

"ဘယ်မှာ သွားရှာ တွေ့မယ်" ဟု အိမ်က မယုံကြည် သူတို့ကို ပြချင်လွန်း၍ သတိလက်လွတ် ပြောမိ ဆိုမိ တော့သည်။

တစ်နေ့ ဆွေမျိုးသားချင်းထဲမှ သူ့အိမ်၌ ငွေ၂၅၀၀-ကျပ် ပျောက်သွားသဖြင့် ကြီးကြီးခင်အား မေးရန် လာကြသည်။

ဒေါ်ဒေါ်လည်း သည်အကြောင်းကို သိလျှင် ကြီးကြီးခင်ကို သည်လိုသာ ဝိုင်းလုပ်နေကြ၍ တိုးကဲလာမှာတွေကို ရှက်လာ သဖြင့် အစမလုပ်ရန် တားမြစ်နေမိပြန်သည်။

သူ့ အား မမေးရန် ကန့်ကွက်နေမှန်း သိသဖြင့်....



"အဲဒီငွေ ၂၅၀၀-ကျပ် ဘယ်မှာရှိတယ် သွားရှာယူ" ဟု ပြောမိပြန်သည်။

ကြီးကြီးခင် ပြောသည့် အတိုင်း ပြောသည့်နေရာ၌ ငွေပြန် တွေ့ကြ၏။

ဤသတင်းမှာ ဖုံးမရအောင် ပျံ့နှံ့ ထွက်သွားသည်။

အနားတွင် လူတွေ တရုံးရုံး ရှိလာလျှင် ကြီးကြီးခင်လည်း ငြီးငွေ့လာပြန်ကာ တောင်ပေါ်သို့ ပြန်ပြေးလေ၏။

သထုံတစ်ဝိုက်ရှိ တောင်များမှာ ကြီးကြီးခင် မရောက်ဖူး သော တောင်ဟူ၍ မရှိသလောက်ပင် ဖြစ်သည်။

ဇင်းကျိုက်တောင်ပေါ်က ဘုရားကို ကျားမကြောက်၊ ဆင် မကြောက် အရက် အမီ ညကြီး မင်းကြီး ဆွမ်း သွား တက် ကပ်၏။

ထိုသို့ တောင်တကာ့တောင်ကို တစ်ယောက်တည်း ခြေသလုံး အိမ်တိုင် လျှောက်သွား နေရင်း တောင်ပေါ်၌ ဘုရားဝတ်တို တစ်ဆူကို သွားတွေ့မိ၍ ဝါးလုံး တစ်လုံး ခုတ်ကာ ထိပ်တွင် လက်ကိုင်ပဝါ အဖြူ ချည်လျက် အလံစိုက်ထားခဲ့ပြီးနောက် သူ တွေ့ရှိခဲ့သော ပေါ်တော်မူ ဘုရားကို နောင်တွင် ဆာဦးသွင်၏ သားချင်းများက အသစ်မွမ်းမံ ပြင်တည်ပေးကြသည်။



"ကြီးကြီးခင်လေ ဟိုတုန်းက တောင်တွေ လျှောက်လှည့် သွားနေရတာ သိပ်စိတ်ချမ်းသာတာပဲ၊ ကြီးကြီးခင်တရား အားထုတ်တဲ့ ဒေးဘလိန်းတောင်စွန်းမှာ အမြဲ စတည်း ချတာပဲ"

"ဆရာတော်ဘုရားက ဖိုးထိုးတော့ လုံကို ကြီးကြီးခင်ကို လုပ်ခိုင်းတာနဲ့ လုပ်ပေးရတယ်၊ ဆရာတော်ဘုရားနဲ့ကျမှ ကြီးကြီးခင်လဲ လုံ လုပ်ဖူးတာပါပဲ၊ ဆရာတော်ဘုရားက ဆွမ်းခံကြွတာ မဟုတ်ဘူး"

ကျွန်မသည် ကြီးကြီးခင် ပြောသမျှ စိုက်နားထောင်ကာ တွေ ငြိမ်သက် နေရာတွင်....

"ဩော်.... ဆရာတော် ဘုရားက ဖိုးထိုးသကိုး၊ အင်း.... အင်း....ဆက်ပါဦး" ဟု ဝင်ပြောလိုက်သည်။

ကျွန်မ သိလိုသည့် ကြီးကြီးခင်၏ လည်ပင်းထဲမှ ခေတ်လုံး နီးစပ်လာ၍ အိပ်ငိုက်နေသူ တစ်ယောက် ဆတ်ခနဲ အိပ်ချင် သွားသလို ဖြစ်သွားကာ လန်း လန်း ဆန်း ဆန်း ရှိသွား သည်။

"ဖိုးထိုးထာ ကြာပါပြီ၊ တစ်ခါတလေ ကြီးကြီးခင်ကို သင်္ကန်းစုတ်နဲ့ ပတ်လိပ်ထားတဲ့ အထုပ်ကိုပေးပြီး ရောင်း

နိုင်းတော့ ကြီးကြီး ခင် လဲ တောင် ပေါ် က ဆင်း... မယောင်မလည် သွားရောင်းတာပေါ့"

"ဘာတွေတုန်း ကြီးကြီးခင်ရဲ့" ဟု မေး၍ မဆုံးခင်...

"ရွှေတွေပေါ့၊ ရွှေတောင့် ရွှေတုံးတွေ၊ စိန်ဘာဘူတွေ... သည်ရွှေဆိုရင် သိပ် ကြိုက်တာပဲ၊ ကြီးကြီးခင်များ ... ရင် ရွှေရမလားချည်း ကပ်မေးကြတာပဲ"

"ဩော်....ဩော်"

ကျွန်မမှာ ပြုံးပြုံး နေလိုက်သည်။

ပြုံးသက်လျက် ဆက်လက် နားထောင် နေစေကာမူ ကျွ... စိတ်ထဲ၌ လှုပ်ရှားနေကာ ဦးနှောက်လည်း အလုပ်များ နေ...

အင်္ဂလိပ် ဓာတ်ပညာနှင့် ပတ်သက်၍ ကျွန်မသည် အတွ... မတိမ့်ျသော ရမ်းဆ ကြည့်နိုင်သော အခြေ ရှိကာ ထိုပညာ... ထက်မြက်သော အာနိသင်နှင့် အသုံးဝင်ပုံကို ကိုယ်တိုင် ... တွေ့ဖူးသောကြောင့် တစ်ကြောင်း၊ ရွှေ ဖြစ် သည် ဆို... ပြောတာနှင့် ယုံကြည်ဖို့ရန် ခဲယဉ်းနေလေသည်။

လောကီပညာရပ်များကို ကျယ်ဝန်းပြန့်ပျူးစွာ ဖြင့်သိ... ကာ အတွေ့အကြုံ များလာသောအခါမှပင် ပွင့်လင်းသော...



အကျိုးနှင့် အကြောင်းနှင့် မျှတစွာ ဝေဖန်စဉ်းစား နိုင်ချိမ့် ...ဟု အောက်မေ့မိတော့ကာ အသာ ပြုံးနေ လိုက်သည်။

"ဒါနဲ့ ကြီးကြီးခင်လဲ ဆရာတော်ဘုရားလိုပဲ ဖိုထိုးရော လား"

"ကြီးကြီးခင်လား....မထိုးတတ်ပါဘူး၊ထိုးလဲထိုးမကြည့် ဘူးသေးပါဘူး၊ ဆရာတော် ဘုရား ခိုင်းတာသာ လုပ် ပေးတာပဲ"

ကြီးကြီးခင်သည် ဒေးဘလိန်း တောင်စွန်း၌ အင်္ဂလိပ် ...သော ဆရာတော်ဘုရား၏ခြေရင်းတွင် နှစ်ပေါင်းများစွာပင် ...ကြီးဝတ်ငယ် ပြု၍ နေတော့၏။

ဆရာတော်၏ နှုတ်ပိတ်ချက်အရ ဖိုထိုးခြင်းနှင့် ပတ်သက်၍ ...ည်သူ့ကိုမျှ မပေါက်ကြားစေရဘဲ သူ့အသိနှင့် သူ မြုံနေလေ ...သည်။

ထိုကဲ့သို့ လူ့ဘဝကို နှစ်ပေါင်းများစွာ အချိန်ကုန်လွန်စေခဲ့ ...သည်။

လောကီကို စက်ဆုပ်ကာ တရားအားထုတ်သော အလုပ် ...ား မည်သည့်အခြေသို့ ပေါက်ရောက်နေသည်ကို သူဟာသူပင် ...ပေမည်။



လောကကို ငြီးငွေ့လျက် လောကုတ္တရာနောက် လိုက်သွား... သော လမ်းခရီးတွင် လောကီနှင့် ရင်ဆိုင်နေရပါချေပြီတကား... ဝေဖန်မိသည်။

ကြီးကြီးခင်၏မိခင်မှာ သမီးသုံးယောက်ရှိသည့်အနက် သမီး... အကြီးနှင့်အငယ်ကို အိမ်ထောင်ရက်သားချပေးပြီး ခဲ့၍ စိတ်အေး... ရသလောက် တစ်ကိုယ်တည်းနေသော ကြီးကြီးခင်၏ ဘဝကို... အမြဲပူပန်ကာ စိတ်မချ ရှိရသည်။

"ညည်းအတွက် ငါ စိတ်မအေးပါဘူး"ဟု ပင့်သက်ချ... ပြောဆိုတိုင်း....

"ကျွန်မအတွက် ဘာမှ ပူစရာ မရှိပါဘူး မေမေ၊ အကျ... မီးတွေကို ကြောက်လွန်းလို့ပါ"ဟု စက်ဆုပ်စွာ ပြော... တတ်လေသည်။

ကြီးကြီးခင်၏ တစ်ကိုယ်တည်း ဘဝကို စိတ်မချနိုင် ရှိနေ... ရသော အတောအတွင်း ကြီးကြီးခင်၏အစ်မ ကြီးကြီးညွန့်သည်... ခင်ပွန်း လင်နှင့် သေကွဲ ကွဲသွားကာ ညီမအငယ် ဖြစ်သော... ဒေါ်ဒေါ်မှာလည်း လက်ထပ်ပြီး ရှင်ကွဲ ကွဲသွားကြ၏။

"ကျွန်မ မပြောဘူးလား မေမေရဲ့၊ အိမ်ထောင်သားမွေး... ဆိုတာ ကိုယ့်မီးကိုယ်မွှေးပြီး ကိုယ့်ဒုက္ခ ကိုယ်ရှာကြတာ... မေမေ သူတို့ကို စိတ်အေးရအောင် အိမ်ထောင် ချပေး...



လိုက်တာ အခုတော့ ဘယ့်နှယ်ရှိစ၊ ကျွန်မအတွက် ပူရ သလား၊ သူတို့အတွက် ပူရသလား"

ကြီးကြီးခင် ပြောသလိုပင် ကြီးကြီးခင်အတွက်ထက် အိမ် ထောင်ပျက်ကြသော သမီးနှစ်ယောက်အတွက်ကို ပူပန်သောက ရှိနေရပြန်သဖြင့် ကြီးကြီးခင်အတွက် ပူမနေတော့ဘဲကြိုက်သလို နေတော့ရန် ဥပေက္ခာ ပြုထားလိုက်တော့သည်။

ခင်ပွန်းလည်း မရှိ၊

. သမီးနှစ်ယောက်ကလည်း အဝေးရောက်နေလျက် တစ်ကိုယ် တည်း ဖြစ်နေရှာသော မိခင်အိုကို သံယောဇဉ်ငဲ့ကာ တောင် ပေါ်တွင် ကြာရှည် တရားအားထုတ်မနေနိုင်ဘဲ မိခင်အပါးသို့ ပြန်လိုက် သွားလိုက်သဖြင့် အချိန်လွန်ခဲ့သည်။

သို့ဖြင့် ရက်ကာလ ကြာညောင်းလာစဉ် ရန်ကုန်တွင် ကောလိပ်ကျောင်း၌ သမဂ္ဂ ထမင်းဆိုင်ဖွင့်လျက် စီးပွားရှာနေ ကြသော ကြီးကြီးညွန့်နှင့် ဒေါ်ဒေါ်တို့က သူတို့ထံသို့ လာကာ ခေတ္တ စောင့်ရှောက်ပေးရန် အတန်တန် မှာခေါ်နေကြသဖြင့် ညီအစ်မများနှင့် ကွဲနေကြတာလည်း ကြာပြီဖြစ်၍ ကြီးကြီးခင် သည် ခေတ္တ ခဏ ရန်ကုန်သို့ ထွက်လာခဲ့သည်။

ကောလိပ်ကျောင်းသားတွေ တရှန်းရှန်းနှင့် စားကြသောက် ကြသော ဆိုင်၌ ကြီးကြီးခင်သည် ရောက်တာနှင့် မီးဖိုထဲဝင်ကာ

ထမင်းရေချောင်းစီး အလှူကြီး အတန်းကြီး ပေးနေသလိုပင် ထမင်းဟင်းများကို ဆိုင်ရောင်းနှင့် မတူစေရဘဲ အလှူအိမ်ကြီးနှင့် မခြား စေတနာတော့ ရေစီးကမ်းပြိုလိုက်ကာ မီးဖိုထဲကမထွက်ဘဲ ကောင်းသည်ထက် ကောင်းအောင်ချည်း ဝင်ပြင် ချက်ပေးနေသောကြောင့် ညီအစ်မ နှစ်ယောက်စလုံး ကြီးကြီးခင်အတွက် စိုင်ညစ်လာကြသည်။

မီးဖိုးထဲ မဝင်ပါနှင့်ဟု တားမြ်လည်း မရ။

တစ်ဆိုင်လုံးရှိ မီးဖိုသည်လျှင် လူလွတ်ရာနေရာဖြစ်၍ ရောက်ကတည်းက နေ့ရှိသ၍ မီးဖိုထဲက မထွက်။

မမောမပန်း ချက်ပေးနေတော့၏။

ထိုအချိန်က ကျောင်းသားများ ဆိုင်ကဟင်းညံ့၍ မြို့ထဲသို့ ထွက်စားရသည် မရှိဘဲ ဆိုင်ဟင်း ထမင်း အချက်အပြုတ် ကောင်းလွန်းအားကြီးသဖြင့် မြို့ထဲကပင် ကောလိပ်သို့ တကူးတကန့် လာစားနေကြလေသည်။

"ကြည့်လဲ လုပ်ပါ မစိန်ခင်၊ ဒါဆိုင်ဟဲ ....ဆိုင်...."ဟု ဒေါ်ဒေါ်က နားပူအောင် သတိပေးနေသည့် တိုင်အောင် လက်က မလျှော့ပေ။

ကုန်ကုန် ခန်းခန်း ကောင်းသည်ထက် ကောင်းအောင်သာ အားထုတ်၏။



ကျောင်းသားများ စားမြိန်ကြသည်ဟု သိရလျှင် မီးဖိုထဲ၌ နှံချင် ပေါက်ချင်လုမတတ် ဝမ်းသာမြူးထူးနေကာ မိမိလည်း စား မပြည်းဘဲနှင့် မြိန်မြိန် ရှက်ရှက်ကြီး ရှင်မျှ အားရနေသ၏။

ကြီးကြီးခင်၏ သဒ္ဓါတရားကို ပိတ်ပင်ရာကျမှန်း သိသော်လည်း မတတ်သာ၍သာ ပြောကြရသည်။

သိပ်နှိမ်လည်း မပြောမဆိုဝံ့ကြ။

စိတ်မထင်လျှင် တစ်ခဏချင်း ထွက်သွားတတ်သည်ကို အစင်းသိမို့ စိတ်ညစ်ညစ်နှင့်ပင် လျစ်လျူရှုထားကြရတော့သည်။

တစ်နေ့ နေ့လည်ဖက်၌ ဆိုင်အတွက် လစာဝယ်ရန် ကြီးကြီးခင်ကို ငှားထားသော ကုလားလေး တစ်ယောက်နှင့် ဈေးသို့ လွှတ်လိုက်သည်။

သိမ်ကြီးဈေးထဲ၌ ဝယ်ခဲ့ရန် မှာလိုက်သော ပစ္စည်းများကို တစ်ခုပြီးတစ်ခုလျှောက်ဝယ်ခြမ်းနေစဉ် ဆိုင်တစ်ဆိုင်မှ ဝယ်ခြမ်းထွက်လာပြီးနောက် ဝယ်စရာကျန်တာများကို မဝယ်တော့ဘဲ မျက်စိမျက်နှာ ပျက်ပျက်ဖြင့်....

"ကုလားလေး၊ ဒီပစ္စည်းတွေနဲ့ နင် ကျောင်းကို ပြန်သွားတော့၊ ဒီပိုက်ဆံလဲ အစ်မတို့ကို ပေးလိုက်" ဟု



ပြတ်ပြတ်တောက်တောက်ကြီး လုပ်ကာ ပြန်၍မှ လှည့်မကြည့်တော့ဘဲ ချက်ချင်း ထိုနေရာမှ ထွက်သွားလေ၏။

"ဘယ်ထွက်သွားတာလဲ ကြီးကြီးခင်ရဲ့"

ကြီးကြီးခင်သည် သူ၏ဇာတ်ကြောင်းများကို ပြန်ခင်းပြောပြလာရင်း ဆက်လက်ပြောရန် မပြောလည်းခက် ပြောလည်းခက်သော အခြေသို့ ဆိုက်ရောက်လာပြန်သည်။

စကားကို မဆက်နိုင်ဘဲ မစူးမရဲရှိသော အမူအရာဖြင့် တွေနေ၍ ကျွန်မမှာ မစပ်တင့်ကြီး ဖြစ်ကာ....

"ဘယ်ထွက်သွားတာလဲ ကြီးကြီးခင်"ဟု နောက်တစ်ကြိမ် ထပ်မေးရပြန်လေသည်။

"ဈေးဝယ်သွားတုန်း လှိုင်ရယ် တစ်ကိုယ်လုံး တုန်သွားတာပဲ၊ ဆရာတော်ဘုရားတော့ တစ်ခုခု ဖြစ်ပြီလို့ ချက်ချင်း သိလိုက်တယ်"

"ဘယ်လို....ကြီးကြီးခင်၊ ဆရာတော်ဘုရား တစ်ခုခု ဖြစ်တာကို ကြီးကြီးခင် ဘယ်လိုလုပ် သိတာလဲ"

ကျွန်မက မျက်မှောင်ကြုတ်လျက် ထူးထူးဆန်းဆန်းတော့ ကြားရပြီးမှာပဲဟု ကြီးကြီးခင်ကို မျှော်သင့်ချက်ဖြင့် စိုက်ကြည့်နေ၏။



ကြီးကြီးခင်၏ မျက်နှာမှာ ဖျော့လာလေသည်။

စိတ်ထဲ၌ပင်ပန်းသောအရိပ်အယောင်တို့သည် မျက်နှာပေါ်၌ ခေါက်တုံ့ ခေါက်ပြန် လမ်းသလား နေကြသည်။

မပြောချင်သော မျက်နှာဖြင့် လေးလေးနက်နက် စိုက်ကြည့်လျက် နေ၏။

"ဘယ်လို သိတယ် ဆိုတာတော့ မပြောပါရစေနဲ့တော့? လှိုင်ရယ်၊ ကြီးကြီးခင်နည်းနဲ့ ကြီးကြီးခင် သိတာပါ၊ အဲသလိုပါပဲ"

ကျွန်မမှာ ကြီးကြီးခင်ကို စေ့စေ့ကြည့်ကာ ခေါင်းများကို လှုပ်ယမ်းမှန်းမသိ ယမ်းနေမိလေသည်။

"သူနဲ့ ဒေါ်ဒေါ်နဲ့တော့ တစ်ဘာသာစီပါပဲ"ဟု ဒေါ်ဒေါ် ပြောဖူးသောစကားကို သတိရလိုက်သည်။

ကြီးကြီးခင်သည် အမှန်ပင် တစ်ဘာသာ ဖြစ်လေသည်။

သူ့ တစ်ဘာသာမျိုးမှာ မည်သူနှင့်မျှ ဝင်ဆံ့၍ ဖြစ်မည် မဟုတ်ပေ။

ကျွန်မကို သူနှင့် ဘဝ ခြားနားနေသောသူကဲ့သို့ လွန်စွာ ကွာလှမ်းသော အကြည့်ဖြင့် မေးငေးကြည့်လျက် ထင်ချင်တာ ထင်တော့ဟု ခွင့်ပြုနေသော သဘောမှာ ပေါ်လွင်နေသည်။

မှာ ရှိတယ်ဆိုတာကို စုံစမ်းရှာဖွေပြီး သူ့အိမ်သို တွေ့ရော ဟန်မဆောင်နိုင်ဘူး၊ ငိုတက်သွားတာပဲ၊ ဆရာတော်ဘုရား နှမကလဲ... 'မအေးခင် ဆိုတာလား' လို့ ဆီးမေးပြီး သူလဲ လူးလိုမ့် ငိုတာပါပဲ၊ ဆရာတော်ဘုရား ပျံလွန်တော် မူသွားပြီလေ"

"ဩော်.... ဩော်.... ကြီးကြီးခင်က ဆရာတော်ဘုရား ပျံလွန်တော်မူမှန်း ရန်ကုန်က အလိုလို သိလာတယ် ဆိုပါတော့"

မပြောနိုင်၍ ဖုံးဝှက်ရပုံမျိုးပြလိုက်ခြင်းဖြင့် သူ့အား အကြားအမြင် ပေါက်နေသလိုလို ထင်မြင် ယူဆသွားအောင်မျိုး မရည်ရွယ်သည့်တိုင်အောင် ဤအတိုင်း အထင်ခိုင်းတာနှင့် တူနေသော အဖြေကို ဖြေလေ၏။

"ပျံလွန်တော် မူပြီရယ်လို့လဲ တပ်အပ် မဟုတ်ဘူးပေါ့၊ ဒါပေမယ့် တစ်နည်းနည်းပေါ့၊ ဒါတော့ မသိချင်ပါနဲ့ လှိုင်ရယ်"

ကျွန်မက ပြုံးကာ....

"မပြောနိုင်ရင်လဲ ပြောနိုင်တာ ဆက်ပြောပါဦး" ဟု ပြောလိုက်ရသည်။



"ဆရာတော်ဘုရားနှမကို ဆရာတော် မပျံလွန်တော်မူခင် ဘာမှာခဲ့သလဲလို့ မေးတော့ ဒီမိန်းမက အခန်းထဲ ဝင်သွားပြီး အထုပ်တစ်ခု ယူထွက်လာတယ်"

"မအေးခင်ဆိုတဲ့ မိန်းမတစ်ယောက် လာလိမ့်မယ်၊ သူလာရင် ဒီအထုပ်ကို ဆက်ဆက် သူ့လက်ထဲ ထည့်လိုက်ပါ၊ မလာခင်တော့ ဖြေမကြည့်ကြပါနဲ့လို့ အသက်မထွက်ခင်ကလေးဘဲ မှာပြီး သူ့ ခေါင်းအုံးအောက်က အထုပ်ကလေးကိုယူပေးတယ်၊ ပေးပြီး သူ့ကို မီးမသင်္ဂြိုဟ်ပါနဲ့၊ ဂူသွင်းဖြစ်အောင် သွင်းရမယ်ဆိုပြီး ဝိညာဉ်ချုပ်သွားသတဲ့ လှိုင်ရယ်"

ကျွန်မမှာ ရဟန်းသံဃာများ ပျံလွန်တော်မူလျှင် မီးသင်္ဂြိုဟ်ရမြဲဖြစ်၍ ဘာကြောင့် ဂူသွင်းရန် မှာခြင်းကို မရှင်းသဖြင့်....

"ဘာဖြစ်လို့ ဂူသွင်းခိုင်းတာလဲ" ဟု မေးလိုက်သည်။

"အင်္ဂါရတ်ပေါက်တဲ့ သူတွေဟာ ပရိယာယ် အများကြီး ရှိတယ်၊ အသေထွက် အရှင်ထွက် ဆိုတာ မကြားဖူးဘူးလား"

"ကျွန်မ မကြားဖူးပါဘူး"ဟု ခေါင်းကို ခါပြ လိုက်သည်။

"အရပ်နဲ့ ထုတ်ဘတ်ပြက် ဓားတစ်ပြက်ဖြစ်ပြီး မှာတဲ့ အတိုင်း အတင်း ဂူသွင်းကြရသတဲ့"



"အဲဒီအထုပ်က ဘာလဲ" ဟု သိချင်ဇောဖြင့် ဖြတ်မေးလိုက်သည်။

ကြီးကြီးခင်သည် မရမ်းပင် အောက်က ပေါက်ခေါင်းသို့ စိတ်ရောက်သွားဟန် ရှိ၏။

ပေါက်ခေါင်းတွင် တောက်လောင်ခဲ့သော ပရိဒေဝကို ဟိုစဉ်က အတိုင်း ပြန်၍ တောက်လောင်နေလေ၏။

ဆရာတော် ဘုရား၏ နှမ ရှေ့တွင် ပြောပုံ ဆိုပုံ အမူအရာ အတိုင်း ကျွန်မကို ငိုပြောပြောနေသည်။

"အမယ်လေး.... ဆရာတော်ဘုရားရဲ့.... တပည့်တော်ကို စောင့်တော်မူပါတော့၊ တပည့်တော်ကို ခွင့်လွှတ်ပါဘုရား.... ခွင့်လွှတ်ပါ.... တစ်ဆိတ်လောက်ဂူကို ဖွင့်ပေးကြပါ ရှင်တို့"

ကျွန်မမှာ ကြောင်နေလေသည်။

ပေါက်ခေါင်း၌ ငိုငို ယိုယို ပြောခဲ့ပုံအတိုင်း ငိုသံယိုသံဖြင့် ပြောပြနေသော ဣပူမီးတောက် အသံများသည် နားထဲတွင် အရပ်တစ်ပါးက ကြားရသော အသံကဲ့သို့ ဖြစ်နေလေသည်။

ရင်ကိုထု၍ ထု၍ ကိုယ်အမူအရာများ ယိုင်ယိမ်း လှုပ်ယမ်းနေပုံမှာလည်း အိပ်မက်ထဲမှာ မြင်နေသကဲ့သို့ တွေကြုံ ခံစားနေရလေသည်။



ကြီးကြီးခင်သည် ရင်ကို လက်သီးနှင့် ထုလျက်ပင်....

"အဲသလို ငိုယိုပြီး လှိုင်ရယ်....ကြီးကြီးခင် အထုပ်နဲ့ ဂူကို ပြေးတာပဲ"ဟု အဆုံးသတ် လိုက်၏။

"လှိုင်....ရယ်"

ကျွန်မ လက်မောင်းကို လာတို့ကာ တစ်ခွန်းခေါ်လိုက်သည်ကိုလည်း မှတ်ဉာဏ်ထဲ၌ အလုံးစုံ ခုတ်ပိုင်ရိုက်ယူနေသည့် အထဲသို့သာ အကြုံးဝင် သွားလျက် ကိုယ်နှင့် ထိထိတွေ့တွေ့ မဖြစ်သလို ရှိနေမိသည်။

"ကြီးကြီးခင်လေ ဆရာတော်ဘုရား ဂူရောက်တော့ ဂူကို ခေါင်းနဲ့ တိုက်လိုက်ပြီး ခွင့်လွှတ်ဖို့ ပြောတော့လေ အနားမှာ ဘုရား....ဘုရား...."

မျက်နှာကို ဇတ်ခနဲ လက်ဝါးနှင့် အုပ်လိုက်ကာ ဆက်မပြောနိုင် သူ့ စိတ်သူ ချုပ်တည်းလျက် အကျပ် အတည်း ဖြစ်နေလေ၏။

"ဘုရား.... ဘုရား" ဟု နောက်ဆုံး တ သလိုက်သည့် အသံသည် နားထဲတွင် အရှိန် ကုန်ဆုံးသည်အထိ လှိုက်မြည်နေပြီးနောက် အသံ ရပ်သည်နှင့် တစ်ချက်တည်း ခေါက်ခနဲ မှိထား သံပါတ်ပေးလိုက်သော အရုပ်ကဲ့သို့

သော သစ်ပင်မှ ကျောနှင့် ခွာလိုက်ကာ ကြီးကြီးခင်ကို လှမ်းကိုင်၍....

"ဘာကို မြင်လို့လဲ.... ကြီးကြီးခင်" ဟု မပြော မချွင်း လက်မောင်းကို ခပ်ကြမ်းကြမ်းပင် လှုပ်မေးမိနေတော့သည်။

ကြီးကြီးခင်မှာ မျှားစွာ ပင်ပန်းနေချေပြီ။

သူ့လက်ကို မျက်နှာမှ ရုတ်လိုက်ကာ အသက်ခပ်ပြင်းပြင်း တုတ်လျက် မျက်တောင်များ ဘဖျတ်ဖျတ်ခတ်နေလေသည်။

အပြောရကျပ်၊ အဖြေရကျပ်လျက် ဝိုင်းလည်နေသော မျက်လုံးကြီးနှင့် တေတေဆိုင်ဆိုင် ကြည့်နေပြီးနောက် ခေါင်းကို ယမ်းပြနေသည်။

ကျွန်မလည်း ကြီးကြီးခင်နှင့် အဝေးကြီးလို ဖြစ်သွားပြန်သည်။

အဝေးကြီးကနေ၍ ကြီးကြီးခင်၏ရုပ်ပုံကို မပီသသော မြင်ရခြင်းမျိုးဖြင့် မှုန်မှုန်မှိုင်းမှိုင်းပင် ပြန်မြင်နေရပြန်သည်၊

ထိုအချိန်အတွင်း 'ဘုရား....ဘုရား' တကာ မျက်နှာကို အုပ်လိုက်သည့် အဓိပ္ပာယ်ကို စိတ်ကူးထဲ၌ အမျိုးမျိုးထင်မိကာ



...ယ်ကာကို အမှန်ယူရမည်ဟု အတပ်မပြောနိုင်လောက်အောင် ...လည်လိုက်လျက် ရှုပ်ထွေးနေကြသည်။

"မပြောကောင်းလို့ မပြောနိုင်ဘူးလိုင်၊ ကြီးကြီးခင် အတွေ့အကြုံနဲ့ ကြီးကြီးခင် ရှိပါစေတော့နော်"

ကျွန်မလည်း အနှောင့်အယှက်မပေးဘဲ အေးအေးဆေးဆေး ...တောင်တော့မည့် အမူအရာပေါ်စေကာ ပြုံးလျက် မပြော ...မပြောရန် ခေါင်းညိတ်လိုက်သည်။

"ဆရာတော်နှမကို အိမ်ပြန်တော့လို့ နှင်လွှတ်လိုက်ပြီး သူလဲ ထွက်သွားရော ကြီးကြီးခင်လဲ အထုပ်ကို ဖြေလိုက်တော့ အထုပ်ထဲမှာ စာတစ်စောင်နဲ့ အခုံထားတဲ့ ခေတ်လုံးတွေ့ရတယ်၊ စာထဲမှာ အမိန့်ရှိသွားတဲ့အတိုင်း ခေတ်လုံးကို ပါးစပ်ထဲ တစ်ခါတည်း ပစ်သွင်းထည့်လိုက်တာပဲ လိုင်"

"စာထဲ ခေတ်လုံးငုံထားဖို့ပဲ ရေးခဲ့သလား၊ ဒီပြင်ကော မရေးခဲ့ဘူးလား"

ကြီးကြီးခင်သည် တောက်ပသောမျက်လုံးနှင့် ကျွန်မအား ...တာကျစွာ ကြည့်လျက် မဆီမဆိုင်စကားတစ်ခုကို ပြုံးခနဲ ...က်မေးလိုက်သည်။



"ကြီးကြီးခင်ကို တွေ့စက လိုင် ဘယ်လို သိလို့ များ ကြီးကြီးခင် ဖိုလှဲနေပြီလို့ မီးဖိုထဲ လာပြောရတာလဲ လိုင်"

ကျွန်မမှာ အရေးထဲ ရယ်ချင်သွားသည်။

ငုံခြွေမဆည်နိုင်တော့ကာ တခစ်ခစ်အသံထွက်လျက် ရယ်မော မိသည်။

"ဒါတော့ ကြီးကြီးခင်ရယ်၊ ကျွန်မက အမှုမဲ့အမှတ်မဲ့မဟုတ်ဘဲ၊ ကြီးကြီးခင် အစားမစားဘဲ နေနိုင်တာကြီးက ကိုယ်တိုင် ဒိဋ္ဌမြင်ရတာလဲရှိတယ်၊ နောက်... ဒေါ်ဒေါ်ကလဲ ဝိဇ္ဇာမ၊ ဝိဇ္ဇာမလို့ ပြောင်ခေါ်တတ်တော့ စဉ်းစားလာတာပေါ့၊ အဟာရသိဒ္ဓိ ပြီးတယ်ဆိုတာ ခေတ်လုံးထိုးတဲ့လူတွေရဲ့ ပါးစပ်ဖျားမှာ ကြားဖူးတော့ ဝိဇ္ဇာမနဲ့ ခေတ်လုံးနဲ့တော့ နီးစပ်ရမှာပဲလို့ အထင်နဲ့ သက်သက်တောက်ကြည့်တာပါ"

ကိုယ့်အတွေးနှင့်ကိုယ် ဆက်လက်၍ ဟက်ဟက်ပက်ပက် ရယ်မောနေခြင်းကို ကြည့်နေလျက် 'လိုင်ကော အင်္ဂရိတ်ပညာနဲ့ ပတ်သက်ပြီး ခေတ်သဘောတွေ၊ အခေါ်အဝေါ်တွေကို ရိပ်စားမိသလား၊ ဗဟုသုတရှိခဲ့သလား'ဟု မေးပြန်လေသည်။

ကျွန်မ၏ရင်တွင်း၌ လှိုက်လျက် အူတက်မတတ် ရယ်မောလိုက်မိသည်။



အင်္ဂရိတ် အကြောင်းနှင့် ပတ်သက်၍ ကျွန်မသိရှိဖူးသော ...သုတမှာ ကျွန်မငယ်စဉ်က အင်္ဂရိတ်ဝိုင်းတွင် အဘိုး ဦးကံ ...ထံ မှတ်ပြု၍ ဗဟုသုတအဖြစ် မှတ်သားထားဖူးသော အချက် ...။

ထိုဗဟုသုတသည် မျက်စိထဲ၌ ဘွားခနဲပေါ်လာသဖြင့် အူ...ကိသည်းလှိုက် ရယ်မောရခြင်း ဖြစ်လေသည်၊

ကျွန်မ၏ ဗဟုသုတမှာ....

"ပုဆိုးမလှ၊ ညစ်နွမ်းကြလျက်
ဝမ်းကမှတ်ကြုံ၊ တမှုံမှုံလျှင်
မိုက်လုံစလောင်း၊ နည်းသောင်းပြောင်းနှင့်
ကျောင်းကန်ရိပ်ခို၊ မဖို ဇရပ်
မှီတင်းကပ်ကာ၊ ညှပ်စုံ ဖိုစုံ
ဆေးကျော်ဆုံနှင့်
ခုံခုံမင်မင်၊ ထိုးလုပ်ကျင်၍
ပုပင်အိုက်ချွေး၊ အဝတ်ဆွေးပြီး
အရေးမလှ၊ တဟဟနှင့်
ရယ်ကြသောသော၊ မောကြီးမောလျက်
လောကာလောကာ၊ လုပ်ကြပါလည်း
ခြင်းရာမထူး၊ ဖုံပြာလူး၍
အရှုးပုံနေ၊ ဘလပွေလျှင်

ကေသာဖြူကျား၊ ချွေးပုစားသည်
မယားမတ နိုင်တကား။

မီးပူ၍ ချွေးဒီးဒီးကျကာ ခါးကအဝတ်လည်းဆွေး၊ ခေါင်းက ဆံပင်များလည်း ချွေးပုစား၍ ဖြူ နက် ကွက်ကျား ဖြစ်ကုန်လျက် ဖုံပြာလူးနေသော အင်္ဂရိတ်သမား၏ဘဝကို ပုံပန်းနှင့်တကွ ရုပ်လုံးပေါ်အောင်မှတ်သားထားဖူးသည့် ကျွဲဗဟုသုတသာ ရှိသဖြင့် အူလှိုက်သည်းလှိုက် ရယ်မောနေမိတော့သည်။

"အင်္ဂရိတ်နဲ့မတ်သက်လို့တော့ ကျွန်မ ဘာမှမသိပါဘူး။ ဘာဖြစ်လို့လဲ ကြီးကြီးခင်"

ကြီးကြီးခင်သည် ပင့်သက်ချလျက် ငေး၍ နေ၏။

"ကြီးကြီးခင် အခက်တွေ့နေလို့ပါလှိုင်ရယ်၊ လှိုင်နဲ့တွေ့တော့ ကြီးကြီးခင်ကို တစ်ဖက်တစ်လမ်းကများ ကူညီနိုင်မလားလို့"

ကျွန်မလည်း ကြီးကြီးခင်နှင့် ငေးသွားပြန်သည်။

ကြီးကြီးခင်ကို တစ်ခါမျှမမြင်ဖူးသော သူကဲ့သို့ ငေးကြည့်နေမိပြန်သည်။



"ဆရာတော်ဘုရားရဲ့စာထဲမှာ ဒီဓာတ်လုံးကို ဖိုရင်ဖို့ရာ နောက်ဆုံးတစ်ထစ်ပဲ ရှိတော့သတဲ့၊ ထိုက်ရင်ယူလော့ ကြံဆလော့လို့ ဆိုပြီး စာကြောင်းကလေးတစ်ကြောင်း ရေးပြသွားတယ်"

"ဘယ်လို ရေးသွားသလဲ"

ကြီးကြီးခင်သည် ပြုံးလျက် တွေနေလေသည်။

ထိုနောက် အရိပ်အကဲခတ်သလို စစ်ဆေးသောမျက်လုံးကြီးဖြင့် မျက်မှောင်ကြုတ်ကြည့်လျက်....

"လှိုင့်ကိုတော့ ပြောပြမလို့ပါဘဲ၊ ဒါပေမယ့် လှိုင်က ဘယ်သူ့ကိုမှ ဒီအကြောင်းကို မပြောပါဘူးလို့ သစ္စာပြုမှ ကြီးကြီးခင် ပြောဝံ့မှာ၊ သစ္စာပြုရင်တော့ ပြောချင်ပါတယ်၊ အဲဒီဝှက်ထားတဲ့ စကားလုံးအဓိပ္ပာယ်ကို ဘာဆိုလိုမှန်း ဘယ်လိုကြံဆလို့မှ မရလို့ ကြာလှပြီ မျိုထားရတာ....အင်း....ဟုတ်တယ်"

ကျွန်မမှာ ခွက်တိုးခွက်လန် ရယ်မောမိပြန်လေသည်။

အားရပါးရ ရယ်မောပြီးနောက် ကြီးကြီးခင်၏ ဖြစ်အင်ကို အလွန်အကျူး သနားသွားမိပြန်၏။



ဓာတ်လုံးကြီးကို ဘယ်အချိန်ကာလထိအောင် မျိုထားရဦးမှာနည်းဟု များစွာစိတ်ပူက်သွားမိသည်။

"ပြောချင်လဲ ပြောလေ၊ ဘယ်သူ့မှမပြောဖို့ရာ သစ္စာပြုပါဆိုလဲ ပြုရတာပေါ့ ပေးချင်တဲ့သစ္စာပေးပါ"

ကြီးကြီးခင်သည် အားနာစွာဖြင့်ပင် ကျွန်မအား အပါယ်ငရဲကြီးနှင့်ချီ၍ ဝန်လေးဖွယ်ရာကောင်းစေသော သစ္စာကို တိုင်ပေးလေ၏။

ကျွန်မမှာ သူဆန္ဒအတိုင်း လိုက်၍ ဆိုပြလိုက်ရ၏။

ထိုနောက် စာထဲတွင်ပါသော အကြောင်းကလေးကို ရွတ်ပြလေသည်။

ရှတ်တရက် ဘယ်နှာတွေပြောတာပါလိမ့်ဟု အောက်မေ့လိုက်ကာ တစ်ဖန်ပြန်၍ အခေါက်ခေါက် ရွတ်ခိုင်းပြီး နားထောင်ပြန်တော့လည်း ဘယ်အဓိပ္ပာယ်ကို ရည်စူးမှန်း မသိနိုင်သော စကားလုံးများ ဖြစ်နေသည်။

ကျွန်မမှာ လျှို့ဝှက်သော စာလုံးများကို အသည်းထဲ၌ စွဲလောက်အောင် အတိအကျ မှတ်သားလိုက်ကာ 'မှတ်မိပြီ ကြီးကြီးခင်'ဟု ပြောလိုက်ရသည်။



"ကြီးကြီးခင်လဲ နေ့ရှိသ၍ပါပဲ အဓိပ္ပာယ်ကိုကြံတာပဲ၊ ဆက်လုပ်ရမယ့် နည်းသရည်းကို ဘယ်လိုမှမကြံတတ်အောင် ဖြစ်နေတယ်၊ ကြံလို့ရတဲ့အဖြေနဲ့ လုံထဲထည့်ပြီး ထိုးကြည့်လိုက်လို့ အဖြေမှန်တာပြမှ ဓာတ်လုံး ထည့်ပြီး လုံပိတ်ထိုးရမှာ၊ ဒီအတောအတွင်းမှာ ရွှေဖြစ်အောင် ငွေဖြစ်အောင် ဘယ်တော့မှမလုပ်နဲ့၊ လုပ်ရင် ပျက်သွားလိမ့်မယ်တဲ့"

"နို့....ကြီးကြီးခင် ပြာအန်တာစားတယ်ဆို"

ဟု ကျွန်မက သတိရ၍ ကောက်မေးလိုက်သည်။

"ကြီးကြီးခင်ထိုးလို့ အန်တာမဟုတ်ပါဘူး၊ ဆရာတော်ဘုရား ပေါက်ခေါင်းမကြခင် ထိုးပြီး ပြာကိုပေးတာနဲ့ စားရတာ၊ ကြီးကြီးခင်လက်ထဲမှာ ဘယ်ထိုးရဦးမလဲ၊ တစ်ခါတည်းပဲထိုးရမှာ"

"အဖြေမှန်တယ် မမှန်ဘူး လုံထဲ ထည့်ထိုးတော့ ပြမယ့် အဖြေကော ကျွန်မကို ပြောနိုင်သလား"

ကြီးကြီးခင်သည် ခေါင်းကို သွက်သွက်ယမ်း၏။

နှုတ်ကလည်း 'မဖြစ်ဘူး လှိုင်ရေ'ဟု သွက်သွက် ပြန်ဖြေလိုက်သည်။

"ကြီးကြီးခင်အဲဒီစကားလုံးကြဲပြီး စမ်းသပ်ဖူးသလား"

"မပြောနဲ့တော့ လှိုင်၊ စမ်းလိုက်တာမှ ဖိုနဲ့တင် မဟုတ်ပါဘူး၊ မီးဖိုထဲ - ချက်ရင်းပြုတ်ရင်းပေတဲ့ အမှတ်တမဲ့ မီးဖိုထဲထည့်ပြီး တစ်ခုပြီးတစ်ခု စာကြောင်းအစီအမံ ပေါ်မလားလို့ လုပ်ကြည့်တယ်၊ အဖြေနဲ့ဝေးပါသေးရဲ့"

ကျွန်မမှာ နေရင်းထိုင်ရင်း ဘုန်းကြီးအမူ ရှုပတ်နေ၏။

သည်ပုံ သည်နည်း နိဿရည်းဖြင့် လျှို့ဝှက်စွာ ပေးအပ်သွားသော ပုဂ္ဂိုလ်နှင့် အသုံးမချတတ်၍ နှစ်ပေါင်းများစွာ လျှို့ချောင်းထဲ ထည့်ထားရသော ပုဂ္ဂိုလ်နှစ်ဦးစပ်ကြား၌ အဂ္ဂိရတ်ပညာကို နကန်းတစ်လုံးမှ မသိသော ကျွန်မက ကြားဝင်ပါမည့်အဖြစ်မှာ ပေးသူတစ်ယောက် မျှိုသူတစ်ယောက်၊ လျှို့ချောင်း ရှင်းပေးသူတစ်ယောက် ဖြစ်ကြ၍ ဘယ်အချိန်ကာလရောက်မှ ခေါင်းလုံးပေါက်ထွက်မည်ကို မတွေးတတ်အောင် ဖြစ်မိ၏။

ဆင်ပြောင်ကြီးအမြီးကျမှတစ်နေသော ကြီးကြီးခင်၏အဖြစ်လည်း ဘယ်လောက် လိပ်ခဲတည်းလည်း ဖြစ်လိုက်မလဲဟု သူ့အစား အသက်ရှူရ ကျပ်လာသည်။

ကြီးကြီးခင်သည် ဆရာတော်၏အမိန့်အတိုင်း ဤခေါင်းလုံဖြင့် ရွှေဖြစ် ငွေဖြစ်လုပ်ရန် စိတ်နှင့်ပင် ဖြစ်မှားမည် မဟုတ်ကြောင်းကို အသေအချာ ယုံကြည်လိုက်၏။



လျှို့ဝှက်သော စကားလုံးများမှ အဖြေပေါ်လျှင် သူ့အဖို့ ရွှေထက် ငွေထက် စိုမက်စရာ ရှိနေပြီ မဟုတ်ပါလော။

ကျွန်မအဖို့ရာတွင် ခေါင်းလုံး ဘယ်အခြေအနေ အထိ ခရီးရောက်ကြောင်းလည်း ကိုယ်နှင့်မဆိုင်၍ သိဖို့ရာ မဟုတ်ပေ။

အဖြေရပြီးနောက် ရသည့် အဖြေမှန်၍ ၎င်းအရာကို ခေါင်းလုံးနှင့် ထိုးလိုက်သဖြင့် ပေါက်သွားကာ ဘယ်အခြေ ဆိုက်မည်လည်း ကိုယ်နှင့်မအပ်၍ သိဖို့ရာ မဟုတ်ပေ။

ကျွန်မ ကူညီရန် သစ္စာပြုယူလိုက်ရသော တာဝန်မှာ စာပိုဒ်ကလေးထဲမှ စကားများ၏ အဓိပ္ပာယ်ကိုသာ စူးစမ်း ဆည်းပူး ကြံဆပေးရန် သက်သက် ဖြစ်သည်။

"အက္ခရာတွေပဲဟာ ကြံရင် ရမှာပေါ့ ကြီးကြီးခင်ရယ်၊ တစ်နေ့တစ်လံ ပုဂံ ဘယ်ပြေးမလဲ"

ကြီးကြီးခင်သည် ဝမ်းသာအားရ ဖြစ်သွားကာ ကျွန်မ၏လက်ကို ကျပ်ကျပ် ညှစ်ကိုင်လျက်....

"လှိုင့်ရေ တစ်ဖက်တစ်လမ်းက ကြိုးစားပြီး ကြံစမ်းပါနော်၊ ဒါများ မပြီးဘဲနဲ့ သေရရင် အသေဖြောင့်မှာတောင် မဟုတ်ဘူး"ဟု တုန်တုန်ယင်ယင်နှင့် ပြောလေ၏။

"ဖြစ်မှ ဖြစ်ရလေ ကြီးကြီးခင်ရယ်"

* * *

၆

နေရောင်သည် ခြံထဲသို့ ကျရောက်နေ၏။

ခြံဝင်းအတွင်း ကားလမ်းဘေး၌ရှိသော ဗုဒ္ဓံ သရဏံ ပန်းရုံတို့မှ အဆုပ်လိုက် ပွင့်နေသော ပန်းပွင့်ဝါဝါများမှာ နေရောင်ထဲ၌ ဝင်းနေကြသည်။

ကျယ်ပြန့်သော မြက်ခင်းကြီးလည်း နေစာလှုံကာ လန်းလန်းလက်လက် ရှိကြ၏။

ခြံရှေ့ ပြည်လမ်းမကြီး တစ်လျှောက် ဂျပန်စစ်လော်လီကားများသည် ဂျပန်စစ်သားများကို တင်ဆောင်ကာ တစ်စင်းပြီး တစ်စင်း ဥဒဟို ဖြတ်မောင်းသွားကြသည်။

အသွင်းနီနီဖြင့် အင်္ကျီမရှိသောအင်္ဂလိပ်စစ်သုံ့ပန်းများသည် ကားပေါ်၌ ဂျပန်စစ်သားများနှင့် လက်ပြ ခြေပြ စကား ပြောကာ ပါသွားကြသည်။

ကျွန်မသည် သာယာ လှပသော ခြံထဲ၌ ဆင်းလျှောက် နေပြီးလျှင် ခြံထောင့်ရှိ ရေတိုင်ကီ၏ အုတ်ခုံပေါ်တွင် ထိုင်လိုက်ကာ နေရောင်လှုံရင်း စာဖတ်နေသည်။

တာမွေခြံကြီးထဲမှ ဘောက်ထော်၊ ဘောက်ထော်မှ တစ်ဖန် ပြည်လမ်းအိမ်သို့ ပြောင်းရွှေ့လာခဲ့သည်မှာ ၆-လခန့် ရှိပေတော့မည်။

ထိုကာလအချိန်အတွင်း အချိန်ရသ၍ပင် စာအုပ်ကို လက်က မချဘဲ အမြဲမပြတ် ဖတ်နေခဲ့သည်။

ဤအချိန် အတွင်း၌ ကျွန်မ ဖတ်ရှုခဲ့သော စာအုပ်များမှာ အာဒိကပ္ပကျမ်း၊ အာဒိမူလကျမ်း၊ ဝိဇ္ဇာဓရကျမ်း၊ အသီတိ ခတ်ကျမ်း၊ ဓာတုဒီပနီကျမ်း စသော အင်္ဂါရတ်နှင့် ဆက်စပ် ပတ်သက်သော စာပေ ကျမ်းဂန်များသာ အဖတ် များတော့ သည်။

က

ကျွန်မခင်ပွန်း ဦးချစ်မောင်မှာ ကျွန်မ အလိုရှိသော အင်္ဂါရတ် ခတ်ကျမ်းများကို ရှာဖွေပေးရင်း....



"နေစမ်းပါဦး....ဒါတွေဖတ်ပြီး ဘာများ သိချင်လို့လဲ" ခဏ ခဏ စစ်ဆေး မေးမြန်းနေသည်။

ကြီးကြီးခင်ကဲ့သို့ ခေါင်းလုံးကို သူတစ်ပါး မသိရန် လည် ချောင်းထဲ၌ လျှို့ဝှက်စွာ မျိုထားရခြင်းမျိုး နည်းတူ လျှို့ဝှက် ချက် စကားလုံးကို ကျွန်မ၏ ရင်ထဲ၌ မျိုသိပ်ထားရသည့် အတွက် ဘာကြောင့် ဖတ်နေကြောင်း အကြောင်းမပြနိုင်သဖြင့် တော်သလို လျော်သလို လှည့်ပတ် ပြောပြနေရသည်။

ကျွန်မ၏ ကြီးလေးသော သစ္စာမှာ ကျွန်မ၏ ရင်ထဲက လုံးကို ကျွန်မမှတစ်ပါး မည်သူ့ကိုမျှ လေသံမဟမ်းနိုင်သည့် ဖြစ်ကြောင့် အချိန်ရသ၍ ၎င်းစာလုံးများ၏ အဓိပ္ပာယ်ကို ကျမ်းစာများ ဖတ်ကာ တစ်ယောက်တည်း ကျိတ်လျက် စူးစမ်း ရှာဖွေ ကြံဆလျက် နေရပေတော့၏။

ရှေးက မြန်မာ စာပေ ကျမ်းဂန်များကို လေ့လာ ဖတ်ရှု ညီးပူးခဲ့ပြီးလည်း ခေါင်းကျမ်း ဆေးကျမ်းမှာ တစ်အုပ်စ နှစ်အုပ်စ အသင့်အတင့် အပေါ်ယံဖတ်ရှုကြည့်ခဲ့လျက် ဝါသနာ ပါ၍ စိတ်ဝင်စားခြင်း မဖြစ်ခဲ့။

အထူးသဖြင့် အင်္ဂါရတ် ကျမ်းများကိုမူ တစ်ကြိမ် တစ်ခါမျှ ဖတ်ဖူးခဲ့ပေ။



ကြီးကြီးခင်၏ ဝဋ်ဆင်းရဲကို ကရုဏာကြီးစွာ ဖြစ်မိသည်နှင့် အမျှ ကျွန်မမှာ အဖြေ ကြံဆ၍ ရလိုရငြား အင်္ဂါရတ်ကျမ်းစာ များကို ဖတ်ရှု ကြည့်နေရ၏။

ကျမ်းထဲ၌ ဖတ်ရသမျှ....

'ဘာတွေ လျှောက်ရေးထားတာပါလိမ့်'ဟု ကိုယ့်ဉာဏ် နှင့် မထောက်မိနိုင်တိုင်း ကျဲပါးစောင်းတီး ဖြစ်နေပေသည်။

အင်္ဂါရတ် ကျမ်းစာများကို ကြည့်မှပင် ပြဒါးသတ်သည့် ထုံးနည်း၊ ခေါင်းလုံးပေါက်သည့် ထုံးနည်း၊ သာဓက နည်းမျိုး ပေါင်းစုံတွေကို သွားတွေ့ရသည်။

ထုံးနည်းတွေကား အင်္ဂါရတ် ပညာဉာဏ် မမီ မသိသူများ အဖို့ ရယ်မောဖွယ်ရာ ဖြစ်ကောင်း ဖြစ်ပေမည်။

'ငါးပိနှင့်ဆား ပြဒါးကိုချုပ် ငရုတ် ကြက်သွန် ဆေးမှုန့် နှစ်ပါး ပြဒါးကိုသတ်'ဟု ပြထားသော နည်းမျိုးသည် ဒို့၏

ရုတ်တရက်ဆိုလျှင် သည်လို ထုံးနည်းမျိုးသည် မဖွယ်မရာ ရယ်စရာပမာ ဖြစ်နေတော့သည်။

ငရုတ်ကြက်သွန် ငါးပိဆားများကို မီးဖိုချောင်ထဲက ပစ္စည်း အဖြစ်သာ သိကြသည်။



အင်္ဂါရတ်ကျမ်းထဲက ငါးပိနှင့် ဆားကို မီးဖိုချောင်ထဲက အသီးမျိုးနှင့် သိ၍ မဖြစ်နိုင်မှန်းကို ကျမ်းဖတ်ရင်း ပွင့်လင်းသော စိတ်ဖြင့် ရိပ်စားမိလာသည်။

ထိုနည်းတူစွာ....

ရှေးယုန်နှင့် ရှေးကျား ဘက်ကယ်ရိတ် သွားကြသည် ဆိုသော ယိမ်းစဉ်က လူကြီးများ ပုံပြောပြသည့် ဇာတ်ကလေးမှာ အင်္ဂါရတ်ကျမ်းထဲ၌ ပြဒါးသတ်နည်း ထုံးနည်းအဖြစ် လာတွေ့ နေရသည်။

ဆန်းကြယ်ဉာဏ်ရှိ၊ တစ်ထူးသိလော
မိဘဘိုးဘွား၊ သူဟောင်းများတို့
ရှေးကျားရှေးယုန်၊ ပြောကြကုန်သား
ရှေးစကားလည်း၊ ပြဒါးသတ်လမ်း
ထုံးတမ်းထင်ထင်၊ ဂဏန်းမြင်လိမ့်။

ထို့ပြင်တစ

ဆရာ မင်းသုဝဏ် ရေးသား စီရင်သော 'စာပေလောက' စာအုပ်ထဲ၌ 'ပိုးတောင့်တဲ့' အခန်းတွင် 'တစ်ပြား နှစ်ပြား လင် ပန်းပြား၊ ပြားလန်စက္ကူ ဖလန်ပြူ၊ ပိုးချေကြက်က ပလုပလဲ ပိုးတောင့်တဲ' အစရှိသည့် ဤတစ်ပြား နှစ်ပြား လင်ပန်း ပြား သည် ဘယ်က အစဖြစ်၍ စာဆိုကား အသုံးနည်းဟု အခြ

အမြစ်ကို ဆရာ မင်းသုဝဏ် ကဲ့သို့ပင် သိလို စိတ်ဝင်စားဖူးခဲ့ဖူးလေသည်။

'တစ်ပြားနှစ်ပြား လင်ပန်းပြား'၏ အနက် အဓိပ္ပာယ်ကို မသိရသော်လည်း စကားလုံးကလေးများကား သာယာ လှသည်၊

အသံ အနိမ့်အမြင့် အဆင်းအတက် အဆက်အစပ်လည်း ဆို၍ ကောင်းအောင် နေရာကျပေသည်။

လက်ာများကို နိမ့်တုံ မြင့်တုံ ပုတ်မြောက်တုံ လုပ်ရာတွင် အရပ်၊ အတော၊ အထွက်၊ အဝင် စည်းဝါးလည်း ကိုက်ပေသည်။

ဖျတ်ဖျတ်လတ်လတ် ကစားလိုသော ကလေးသူငယ်များနှင့် အလွန် လိုက်လျောသော အဖွဲ့အနွဲ့မျိုး ဖြစ်လေသည်။

ထို့ကြောင့်လည်း မြန်မာ့ သားစဉ်မြေးဆက်များစွာ သီဆို ကစားလာကြရာ ကလေးသူငယ် သန်းပေါင်းများစွာ ပျော်၍ နှစ်သိမ့်ခဲ့ကြရလေပြီ။

ထိုရတုကို ဖွဲ့နွဲ့ သီကုံးခဲ့သော ကျွန်တော်တို့ အမည် မသိရသော စာဆိုကြီး၏ ဂုဏ်ကျေးဇူးကား ကြီးလေစွ။





ထိုစာဆိုကား ကုသိုလ်များစွာ ရပေမည်။

ယယ်ဘွဲ့လည်း မဟုတ်။

မောင်ဘွဲ့လည်း မဟုတ်။

ဘုရားတိုင် ကျေးစေတို့လည်း မဟုတ်။

သို့သော် ထိုရတုကား မြန်မာတိုင်း၏ နှုတ်ဖျားတွင် ရှိလေသည်။

မြန်မာတိုင်း၏ ငယ်ချစ်မိတ်ဆွေကြီး ဖြစ်လေသည်။
သူ၏ သမိုင်းကား မသိမ်ဖျင်းပေ။ ပုဂံခေတ်ဆီတွင် ပေါက်ခဲ့ဟန် တူသည်။

ဤသို့ စာပေလောက စာအုပ်ထဲ၌ ဆရာ မင်းသုဝဏ်က လင်္ကာ၏ အနက် အဓိပ္ပာယ်ကို မရှင်းနိုင်သော်လည်း ဂုဏ်ကို ချီးကျူးပြထား၏။

ကြီးကြီးခင်အတွက် ကူညီရန် အင်္ဂလိပ်ကျမ်းတွေ ရှာဖတ်ရာမှပင် ကျမ်းထဲ၌....

'တစ်ပြား နှစ်ပြား၊ လင်ပန်းပြားက
စသည့်ထုံးတွင်၊ ရှင်မထီးက



သိသူဖော်စေ၊ ဂဏန်းခြေဖြင့်
ပုံသေနည်းပြ၊ က ခ ဂ ဃ င
ယူကြလက်ယာ၊ မှတ်ပါတဝ
စ ဆ ဇ ဈ ည၊ ယူကြလက်ဝဲ
ရိုက်ကာစွဲ၍၊ အမြဲမြောက်ကိန်း
ဒွေးတြိန်းဖြင့်၊ တွက်ကိန်းကိုပြ
ပ ဖ ဗ ဘ မ၊ ပဋ္ဌသင်္ချာ
မြောက်ပါတစ်နည်း၊ ဗျည်းနှင့်ဒွါယ
ပြသည့်အချက်၊ ကြက်လည်းငါးကောင်
ကြောင်လည်းနှစ်ခု၊ ယူမှုစုံစေ'

သည်စာပိုဒ်ကို ဖတ်ရှုရသောအခါ လောကီဓာတ်ပညာရပ်များအတွက် သိသူဖော်စေရန် တစ်ပြား နှစ်ပြား လင်ပန်းပြားဟု လျှို့ဝှက်ထားခဲ့သော အင်္ဂလိပ်လင်္ကာဖြစ်မှန်း ရွေ့တော့သည်။

ကျွန်မမှာ ရင်ထဲ၌ မျှို့ဝှက်ထားသော စကားလုံးများကို ကြီးကြီးခင်အား အဓိပ္ပာယ် အနက် ကောက်ယူရန် ကြံနိုင်ဖန်နိုင်ဖို့ ဝေးစွ၊ ကျမ်းထဲ၌ ပြထားသော ထုံးများကို မှန်ကန်အောင် အဓိပ္ပာယ်ကောက် ယူဆနိုင်သော ဉာဏ်စွမ်းမဲ့လျက်သည်ဉာဏ်မျိုးလောက်ဖြင့် ကျမ်းတွေနား မကပ်နိုင်သေးမှန်း အဖြစ်ကို ကောင်းစွာ ရိပ်မိလာတော့သည်။

ကရဏီယအောက်၊ ဝလေးထောက်၊ ပုဂံရှင်ကြီး ထီးနန်းပျောက် ဆိုသောထုံး။



အိပ်မစဖို၊ ဒိုးယိုထမင်းချက်၊ ဆိုသောထုံး။

၎င်းထုံးများသည် ဗျည်းနှင့်သရတွဲထားကာ ကျွန်မရင်ထဲ၌ မျှို့ဝှက်ထားရသည့် အလုံးမှာမူ အက္ခရာချည်း ဖြစ်၍ အသွင်ကွဲပြားနေကြပေ၏။

ကျွန်မမှာ ဦးနှောက်ခြောက်မတတ် အဓိပ္ပာယ်ကို ကြံဆနေခဲ့လေသည်။

စာပိုဒ်ကလေးကို တစ်ပိုဒ်လုံး အဓိပ္ပာယ်ပေါ်အောင် ကြံဆရန် ကိုယ့်ဉာဏ်နှင့် အလှမ်းဝေးလွန်းလှသဖြင့် အက္ခရာတစ်လုံးစီခွဲ၍ ကြံဆကြည့်ပြန်၏။

အက္ခရာဗျည်းစာလုံးလို တစ်လုံးစီ ခွဲကာ ကြံဆလျှင် လမ်းစများ ပေါ်လာရန် ဟုတ်လိမ့်နိုးနိုးဖြင့် ဆင်ကန်းတောတိုးမိပြန်၏။

အင်္ဂလိပ်ကျမ်းတွေထဲ၌ ဗျည်းအက္ခရာ နောက်သို့ ခြေရာကောက်လိုက် ရှာဖွေ ကြံဆ ဖတ်ရှုကာ လေ့လာအားထုတ်ပြန်ရာတွင် လိုက်လေဝေးလေသာ ဖြစ်လျက် မျက်စိလည်၍သာ သွားတော့၏။

ကျမ်းဂန်ထဲ၌ ဝဗျည်းအက္ခရာ သည အလုံး တစ်လုံးကိုပင် မျက်လိုက် လှန်လိုက်၊ ညာဘက်လှည့်လိုက်၊ ဘယ်ဘက်လှည့်

လိုက်၊ ပူးလိုက်၊ ကပ်လိုက်၊ ချိုင့်လိုက်၊ ဖူးလိုက် ရှိပုံများကို မျက်စိထဲ လည်အောင် ပြထားပုံမှာ....

"ဝဗျည်းနက်ကျယ်၊ သုညငယ်ကို
အလွယ်မမှတ်၊ ဆင်ခြင်တတ်လျှင်
ဉာဏ်မြတ်ပိုင်းခြား၊ ဘုရားအတူ
ကျွန်းဇမ္ဗူတွင်၊ ရှင်လူအံ့သြ
လွန်ကျော်ဇောလိမ့်၊

သဘောအရ၊ ထိုသုညကို
ဝအက္ခရာ၊ ရေးပြီးကာလျှင်
ဝမှာထက်ဇက်၊ အောက်ကိုဖျက်လျှင်
ထင်၏အင်္ဂါ၊ ဂငယ် ရ၏
ထို ဂ ကိုလှန်၊ ခေါ်ပြန် ပ စောက်
ရှစ်ခုမြောက်၏။

ပ စောက်နှစ်ရပ်၊ ပက်လက်စပ်က
ယ အက္ခရာ၊ ဖြစ်လာပြန်၏
မှောက်ကာရေးက၊ က ကြီး ရ၏
ပစောက်အထက်၊ ဟောက်ပက်ပိတ်လိုက်
ဗထက်ခြိုက်ရ၊ မှောက်ပြန်ကလည်း
မအောက်ခြိုက်သာ၊ ထင်ပြန်လာ၏
ထိုသုညကို



နေလထွက်ဝင်၊ ထင်ပြန်သည့်က
ပြည့်ဝန်းပလည်း၊ သုညဝပုံ
ထင်တုံရောင်ဖြာ၊ မျက်စိမှာလည်း
ညီစွာနက်စွန်း၊ ဝန်းသည့်ယင်းဝယ်
ဝငယ်အရေး၊ မျှော်ဆတွေးလော့"

ထိုသို့ ဝ အက္ခရာ တစ်လုံးနှင့်ပင် မျက်စိထဲ ကျွမ်းသိုးမှောက်ခုံ ဖြစ်အောင် ချာလည် လည်နေတော့သဖြင့် ရင်ထဲကအလုံးကို အက္ခရာ တစ်လုံးစီအဖြစ် အနက် အဓိပ္ပာယ်ကို ကောက်ယူကြည့်ရန် စိတ်ကူးကို စိတ်ပျက်ပျက်ဖြင့် စွန့်လွှတ်ပစ်မလိုလုပ်ပြီးမှ စိတ်ကို မလျှော့သေးဘဲ ထို ဝ အက္ခရာ ဖြစ်ပေါ်လာသည့် အခြေအမြစ်ကို လိုက်ရှာပြန်သည့်အခါ ကျမ်းထဲ၌ အစကို သွားတွေ့ရလေသည်။

"စကြဝဠာတိုက်ကြီးကို သဗ္ဗညု ဘုရားရှင်တို့ အလိုတော်ရှိလျှင် ကိုယ်တော်၏ လက်တစ်ဝါးအစိပ်မျှပင် ဖုံးအုပ်နိုင်၏။

"ထိုကဲ့သို့ပင် ပစ္စေကဗုဒ္ဓါ သာဝကဤ သည်လည်းကောင်း၊ ဈာန်သမာပတ်ရသော ရသေ့တို့ သည်လည်းကောင်း၊ ပုထုဇဉ် ပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ အဘိညာဉ်ဖြင့် ချင့်နိုင် ချုံးနိုင်ကုန်သည် ဖြစ်၍ ထိုစကြဝဠာ တိုက်ကြီး တစ်တိုက်လုံးကို သုည၊ ဗိန္ဒု အနုဗြဝန်းမှုပြု၍၊ ထိုသုည ဗိန္ဒုအပေါက်ဝန်း အငယ်မှုကို



ဝအက္ခရာပြု၍ အောက်အဖို့ကို ချေခြင်း၊ အထက်အဖို့ကို ချေခြင်း၊ နောက်ထက်ဝက်တို့ကို ချေခြင်း၊ ထက်ဝက်အကျန်တို့၌ အောက်အစကိုချေခြင်း၊ အထက်က ချိုင့်၍ ရှိုက်၍ ပိတ်ခြင်း၊ သုညအတွင်းတွင် စလုံးပြုခြင်း၊ ထိုသုည ဝ ကို ၃၃-လုံး ဗျည်းအက္ခရာ ကြံ၍ အမှတ်ပြုခြင်း၊ ထို ၃၃-လုံးတွင် သုည ဝကို ကြီးကြီး လုံးကြီးတင်ခြင်း၊ သေးသေး ဗိန္ဒုငယ်တင်ခြင်း၊ သုည ဝ နိဂ္ဂဟိတ်မှ ကြွင်းသော ဗျည်း ၃၃-လုံးတို့၌ ဝကို အောက်ဆွဲခြင်း၊ ယ၊ ရ၊ ဟ စသည် ယှဉ်ခြင်း၊ ဤသို့စသည်ဖြင့် အက္ခရာတို့သည် များစွာသော သင်ပုံးကြီးသင်ရိုး သတ်ကရိုက် သဒ္ဒါ အလင်္ကာ၊ ဆန်းအဘိဓာန်၊ ဝိဇ္ဇာ၊ ဗျဒိတ်၊ ဂဏ္ဍိ စသော လောကီဗာဟီ ကျမ်းအပေါင်း ဖြစ်လာ၏"။

ထိုသုည စကြဝဠာသဏ္ဌာန် ဝအက္ခရာကိုပင် ရှေ့အဖို့ကို ချေ၍ အကျန်ငယ်ငယ်ကို တစ်ဂဏန်း၊ ထို တစ်ဂဏန်းကိုပင် အောက်သို့ ငင်၍ ဆင်စွယ် ငါးရိုးသဏ္ဌာန် ရေးသည်ကို ၂ ဂဏန်းမှ ဂ-ဂဏန်း ၉-ဂဏန်းအဆုံး၌ သုည ဝ အက္ခရာကို စကြဝဠာ ပုံပြု၍ ဂဏန်း ၁၁ လုံး ဖြစ်သာ၏။

ယင်းသို့ ကျွန်မ ကြိုပမ်း အားထုတ်ရင်း ဝလုံး အက္ခရာ၏ ဗျည်းအမှတ်ပြုပုံ ဂဏန်းအမှတ်ပြုပုံတို့သည် ဉာဏ်ထဲ၌ ရေးရေးထင်လာသည့်အခါ၌ စိတ်ကူး အမျိုးမျိုး ထုတ်လျက် ရင်ထဲက



အက္ခရာ အလုံးတွေကို ၁-၂-၃-၄-၅-၆-၇-၈-၉ ဂဏန်းအားဖြင့် ခွဲ၍ရှာ ကောက်ချကြည့်မိပြန်သည်။

ဂဏန်းမှ တစ်ဖန် အကြံတစ်မျိုးရှာက အက္ခရာနှင့် ဂဏန်း တွဲကြည့်မည်ဟု အက္ခရာ က-ခ-ဂ-ဃ-င တနင်းလာ ဂဏန်း ၂ ဥပမာအားဖြင့် ဤသို့ရှေ့ရှုလျက် ထိုအက္ခရာဗျည်းအလုံးတွေနှင့် ရင်ထဲက အလုံးဗျည်းချင်း တူသည့်အရာကို တိုက်ယူရွေးကောက်ကြည့်လေ၏။

ကျွန်မမှာ သူတစ်ပါး၏ အကျိုးကို သည်ပိုးဆောင်ရွက်ပေးရှာတတ်သော ကြီးကြီးခင်၏ စေတနာတွေကို လွန်စွာ ကြည်ညိုလေးစားလှသဖြင့် သူ၏အကျိုး သူ၏ဆန္ဒကို တတ်အားရှိသ၍ ဉာဏ်မီသလောက် ကြိုးစား အားထုတ်ကာ အဖြေရှာပေးမည်ဟု ခိုင်ခံ့သော သန္နိဋ္ဌာန် ချထားခြင်းကြောင့် ကိုယ် ဝါသနာ မပါ၊ စိတ်မဝင်စားသော အလုပ်ကို စေတနာ တိုက်တွန်းချက်ဖြင့် ဇာတင်း စိတ်ဝင်စား ဆည်းပူး ရှာဖွေနေရသည်။

ထိုကဲ့သို့ အက္ခရာအဖြစ် ဂဏန်းအဖြစ် စီကာစဉ်ကာ ချကြည့်ပြီးနောက် အကြံတစ်ခု ရပြန်သည်။

အင်္ဂလိပ် ကျမ်းစာထဲတွင် ကျား ခြင်္သေ့ ဖား ဂဠုန် နဂါး စသည် စာလုံးများကို အထပ်ထပ် အကြိမ်ကြိမ် တွေ့မြင် ဖတ်ရှုခြင်းကို ဂြိုဟ်စဉ်တွေ ရေးတာပဲဟု တွေးတော်ကာ အက္ခရာ

က ခ ဂ ဃ င - စ ဆ ဇ ဈ ည စသည့် ဗျည်း ၃၃-လုံးကို အက္ခရာကုန် ဂြိုဟ်ကုန် ဂဏန်းကုန် ချတွဲကြည့်လိုက်၏။

"ခုတ်လုံးဟာ တစ်ဆင့်ပဲ ကျန်တော့တယ်၊ အချို ခုတ် ကြုံဆပြီး ဉာဏ်ရှိရင်ထိုးလော့"ဟု ကြီးကြီးခင်က လျှို့ဝှက်စွာ အက္ခရာပြုသွားသော ဆရာတော်ဘုရားသည် ကျေ သည်စာလုံးများ၏ ဗျည်းထဲမှ ခုတ်ကို ရှာခိုင်းတာ ရှာပို ရသည့် ခုတ်နှင့် ဆက်ထိုးရန် မှာတာဟု ကိုယ့်စိတ်ကူးနှင့်ကိုယ် စဉ်းစားကာ အက္ခရာဂဏန်းနှင့် ဂြိုဟ်မှခုတ်ကို တစ်ဆင့်တက် ရှာရန် တွေးမိပြန်သည်။

ကြီးကြီးခင်ကို ခုတ်လုံးမျှိထားသဖြင့် အင်္ဂါရတ်ရှုးဟု ခေါ် ကြလျှင် ကျွန်မမှာလည်း အင်္ဂါရတ်ရှုး မဟုတ်သည့်တိုင် ရင်ထဲ မျှိထားသော လျှို့ဝှက် အက္ခရာများကြောင့် အက္ခရာရူး ဖြစ် သလောက် ဖြစ်နေပေပြီ။

ကျွန်မမှာ ဂြိုဟ်စဉ်ကို ဂဠုန် ကျား ခြင်္သေ့ စသည်အားဖြင့် ရှာယူ ကောက်ကြည့်ပြီးနောက် ခုတ်ပစ္စည်းတွေကို အက္ခရာ အလိုက်၊ ဂြိုဟ်စဉ်အလိုက်၊ ဂဏန်းအလိုက် အဓိပ္ပာယ် ဖော် နိုင်ရန် ကျမ်းတစ်အုပ်ပြီး တစ်အုပ် မွှေနှောက် ရှာဖွေ စူးစမ်း လေ့လာ ဆည်းပူးနေသည်။

ထိုအခါ ခုတ်ပစ္စည်းတွေကို အတိအကျ နားလည်ဖို့ရန် နားဝေးလှသဖြင့် အနားမှ မရစ်သီနိုင်ဘဲ ခက်ခဲခြင်း ကြီးမှာ ကြုံတွေ့သွားရ၏။



စိန်ဖြူ၊ စိန်နီ၊ ဟင်းရိုင်းဖြူ၊ ဟင်းရိုင်းနီ၊ ကျောက်ချဉ်၊ဒုတ္တာ၊ ပါဒဒုတ္တာ၊ ကျောက်ချဉ်ကန့်၊ ယမ်းစိမ်း၊ လက်ချား၊ ခန်းသွတ်၊ ပြဒါး၊ ဂျတ်သံ၊ ဆေးဝန်း စသည် ခုတ်များကို တစ်မယ်ချင်း စီစစ် ဝေဖန် ပိုင်းခြားကာ လျှို့ဝှက် အက္ခရာဖြင့် တိုက်လျက် မိမိ ရရ သိနိုင်ရန် ကောက်ယူနိုင်ဖို့ရာ လွန်စွာ ခက်ခဲနေတော့၏။

ကျမ်းအစောင်စောင်တွင် အက္ခရာ အမှတ်အသား ခုတ် ပစ္စည်း အမှတ်အသားများကို လျှို့ဝှက်သော အခေါ် အမျိုးမျိုး လျှို့ဝှက်သော သင်္ကေတ အမျိုးမျိုး ကွဲပြား ခြားနားကြသဖြင့် ခုတ်ပစ္စည်းကို အတိအကျ နားလည်ဖို့ရန် သာမန် ဉာဏ်နှင့် မဖြစ်နိုင်မှန်း သိမြင်ရပြန်၏။

သို့ရာတွင် ကြံရင် ရမှာပဲ ရှာရင်တွေ့မှာပဲ ဟူသော ပြင်းထန် သော လုံ့လစွမ်းဖြင့် စိတ်ကို မလျှော့ဘဲ ကြိုးစား အားထုတ် လာပြန်သည့်အခါ က ခ ဂ ဃ င တနင်းလာ ဂဏန်းအားဖြင့် ၂၊ ဂြိုဟ်အားဖြင့် ကျား၊ ခုတ်အားဖြင့် ဂျတ်ဟု အစ ရလိုက် သောကြောင့် အားတက်ကာ အစဉ်တစိုက် လိုက်သွားသော အခါ၌ ခုတ်ပစ္စည်းတွေမှာ အမျိုးမျိုး ကွဲပြားနေသဖြင့် အစစ် အကြယ် မှန်ကန်အောင် မကောက်နိုင်ဘဲ ရှုပ်သည်ထက် ရှုပ် ထွေးလာသောကြောင့် သည်လမ်းက လိုက်၍ အဖြေ ရှာဖို့ရန် စိတ်လျှော့ လိုက်ရပြန်တော့သည်။

ကိုယ့်အာရုံနှင့်ကိုယ် ထာဝစဉ် စိတ်ကူး ဆက်သန်နေလျက် ဉာဏ်အစေးထုတ်ကာ ဉာဏ်ကစားနေမိ၏။



ရင်ထဲ၌ အက္ခရာလုံးတွေကို ခုတ်ရှာရန် ဂြိုဟ်နှင့် မလိုက် တော့ဘဲ ဂဏန်းဖြင့် ချုံ့လိုက် ကျဉ်းလိုက်ကာ ဂဏန်းသင်္ချာ အကျယ်ကို တစ်ဖန် နာမသင်္ချာ၊သင်္ကေတသင်္ချာ၊ပိဋကတ်သင်္ချာ စသည်တို့ဖြင့် လိုရာ လျော်ရာ သဒ္ဒါ အနက် အဓိပ္ပာယ် ထွက် အောင် အကျဉ်း အကျယ် ပညာ ကျက်စားလျက် ရှိရသဖြင့် လိုက်စား ဆည်းပူးသည့် နယ်ပယ်သည် ကျယ် ဝန်း သ ထက် ကျယ်ဝန်းသွားကာ အဖြေ ရှာ မ တွေ့ သေး သည့် တိုင်အောင် လောက၊ ဓမ္မ၊ ပရမတ္ထ၊ ဝေါဟာရတ္ထ၊ သဒ္ဒတ္ထ၊ အဓိပ္ပာယတ္ထ၊ သဘာဝတ္ထ စသည့် အချက်များကို ဆင်ခြင်တတ်သော ဉာဏ် ကလေး ရှိုင်စားလာသော ဗဟုသုတ အကျိုးကို ခံစားရလေ သည်။

ကျွန်မသည် တစ်မနက်လုံး သာယာ လှပသော ခြံထဲရှိ ရေတိုင်ကီ အုတ်ခုံပေါ်တွင် ထိုင်ကာ ခုတသင်္ဂဟ ကျမ်းကို စိတ်ဝင်စားလျက စိုက်ဖတ်နေသဖြင့် အနားသို့ရောက်လာသော ဦးချစ်မောင်ကို သတိမထားလိုက်မိဘဲ ရှိသည်။

"ဘယ့်နှယ် ရှစ်နာရီ ထိုးတော့မယ်၊ လက်ဖက်ရည် မသောက်သေးဘူးလား"ဟု ပြောပြောဆိုဆို လက်ထဲက စာအုပ်၏ အဖုံးကို လှမ်းကိုင်လှန်ကြည့်လျက်....

"ခုတ်ကျမ်းပါလား"ဟု ဆိုလိုက်သည်။

စာအုပ်ကို ပိတ်လိုက်ကာ....



"ခုတ်တွေ လျှောက်ဖတ် ကြည့်တာပါ"ဟု ကျွန်မက တိုတိုပြောကာ....

"ကော်ဖီသောက်ရင် သွားစို့"ဟု ပြောရင်း နေရာမှ ထမည် ဟန်ပြုလျှင်....

"နေပါဦး"ဟု လက်ပြ တားလိုက်သဖြင့် ထလိုလျက် ထိုင်နေရ၏။

"အခုတလော ရှာရှာဖွေဖွေ ဆေးကျမ်း ခုတ်ကျမ်း အင်္ဂါရတ်ကျမ်းတွေချည်း ဖတ်နေတာ မြင့်မိုရ်တောင်များ သွားချင်လို့လား"

သူသည် ပြုံးရယ် နေလေသည်။

ကျွန်မအား စူးရှသော မျက်လုံးနှင့် အကဲခတ် ကြည့်နေ လေ၏။

ကျွန်မမှာ ငလုံမလဲ ဖြစ်သွားကာ နိုက်ချွတ် စစ်မေးနေလျှင် အဖြေရ ခက်လာမှာ စိုးသဖြင့် တစ်မှုဟုတ်ချည်း အကြံရသလို ကြံစည် ဖုံးဖိပြောရသည်။

"မဟုတ်ပါဘူး၊ ကျောင်းနေတုန်းက ကကြီး ခခွေး သင်ပုန်းကြီး သင်ခဲ့တာ စာသာ ရေးတတ် ဖတ်တတ်

ကရော အမှတ်တမဲ့ပဲ၊ ဒီဗျည်းတွေရဲ့နောက်မှာ အဓိပ္ပာယ် ရှိမှာပဲလို့ ထင်လာတာနဲ့ လောကီ ကျမ်းဂန် စာပေ တွေ ဖတ်ရင် အနက် အဓိပ္ပာယ် သိရမလားလို့ ဟိုဖတ် သည်ဖတ် လျှောက်ဖတ်ကြည့်တာပေါ့၊ အလီမှာစာထဲမှာ ရှိတယ်ဆိုတာ သိပ်မှန်တာပဲ၊ လောကီ လောကုတ္တရာ ကျမ်းတွေ စုံအောင် လျှောက်ဖတ်ရင် စာပေ ပညာရဲ့ ကျမ်းဝန်း လေးနက်ပုံကို သိနိုင်လာမှာပဲ့နေ၁်''

ကျွန်မအပြေဖြင့် သူသည် ချက်ချင်း အာရုံ ပြောင်းသွား၏၊ ပြုံးစနဲ့နဲ့ အမူအရာများ ပျောက်ကွယ်သွားလေသည်၊

စဉ်းစား စိတ်ကူးသည့်အခါ စိုက်၍ သွားတတ်ပုံအတိုင်း အမှတ်မထင် တစ်နေရာသို့ စိုက်သွားလျက် စာပေနယ်ပယ်တွင် အသိဉာဏ်တိုးအောင် ဖြည့်စွက် ဝေဖန် ပြပေးနေ၏၊

''စာတစ်လုံးဘုရားတစ်ဆူလို့တော့ ဆိုထားတာပဲ၊ စာပေ နယ်ပယ်လောက် ကျယ်ဝန်းတာ ဘယ်ရှိမလဲ၊ လိုက်စား ရင် လိုက်စားသလောက် ကျေးဇူး များတာပေါ့၊ အနု ပညာရပ်တွေမှာ ကြည့်လေ၊ စာပေနဲ့သီပြီး နားဆင်ရန် စာရှည်၊ စာဘို၊ စာချို၊ စာယဉ်၊ ပျို့၊ ကဗျာ၊ လင်္ကာ၊ ကာလသံ၊ ရာဇသံ၊ နန်းသံ၊ ကျမ်းသံ၊ သံပေါက်၊ တေးဘွဲ့၊ လွမ်းချင်းဘွဲ့နဲ့ မယ်ဘွဲ့ မောင်ဘွဲ့တွေ စီရင်ပြုစုကြတယ်၊ စာပေဘက်မှာလဲ ဝတ္ထုအမျိုးမျိုး၊ ကျမ်းကြီးအဘိဓမ္မာ ဝိနယာ ဝေါဟာရ သုတ္တန်၊ ဆေးကျမ်း၊ ခုတ်ကျမ်း၊



ဗေဒင်ကျမ်း၊ သင်္ချာကျမ်းစတဲ့ လောကီကြောင်း၊ လော ကုတ္တရာကြောင်းရဲ့ စာပေတွေဟာ များမြောင်လိုက်တာ ရှာဖွေ ဆည်းပူးလို့ မကုန်ခန်းနိုင်ဘူး၊ လိုက်စားရင် လိုက်စားသလောက် ဉာဏ်ကြီးလာနိုင်တယ်၊ အဘက် ဘက်က လိုက်စား ဆည်းပူးပြီး ခေါင်းထဲမှာ သိုထားရင် လိုတဲ့အခါကျတော့ ဆည်းပူးခဲ့တဲ့ သာစကတွေ ပေါ် လာ ထင်လာ မြင်လာ အသုံး တည့်လာတာကြောင့် စာပေရဲ့ ကျေးဇူးဟာ အကြီးမားဆုံးပေါ့''

ကျွန်မ၏ လျှို့ဝှက်ချက်ကို ကြိုးစား၍ ကြံအား ရှိသမျှ ကြံဆရန် အားပေးနေသကဲ့သို့ ကူညီနေခြင်းကြောင့်....

''ကြီးကြီးခင်အတွက်တော့ ဖြစ်အောင် ကြံဆပေးမည်'' ဟု များစွာ အားတက်သွားမိသည်၊

မြည်လမ်းသို့ ရွှေ့ပြောင်း လာခဲ့ရပြီးနောက် ကျွန်မနှင့် ကြီးကြီးခင်မှာ လူချင်းဝေးနေကြသော်လည်း မကြာခဏ တွေ့ ကြသည်၊

လူလစ်လျှင် ကျွန်မက....

''ကြိုးစားနေတာပါပဲ ကြီးကြီးခင်ရယ်၊ ဖြည်းဖြည်း ပေါ့၊ အဖြေကို တစ်နေ့မတွေ့ တစ်နေ့တွေ့မှာပေါ့''ဟု အားပေးစကား ပြောရလေသည်၊



ကြီးကြီးခင်သည် ကျွန်မကို အားကိုးသောမျက်လုံးကြီးများ နှင့် အဓိပ္ပာယ်ပါပါ ကြည့်ကာ ခေါင်းညိတ်သဖြင့် ကျွန်မမှာ ဆထက်တိုးကာ ရင်ထဲ၌ ပိုလေးသထက် လေးသွားလေသည်၊

* * *

# ၇

ကျွန်မသည် ဝုံးကျင်းထဲမှ ထွက်ခဲ့ကာ သစ်ပင်များအောက်၌ ထိုင်လိုက်ရ၏၊ မီးခိုးတွေ မှောင်ဖုံးလျက် ကောင်းကင်တစ်ခုလုံး အုံ့မှိုင်းနေပေသည်၊

ဂျပန်စစ်သား အလောင်းများကို သယ်ရွှေ့နေသော ကား များမှာ မြို့ရှေ့၌ အဆက်မပြတ် ဖြတ်သွားနေကြသည်၊ အနီး အနားတစ်ဝိုက်က ဗုံကျသည့်များ ပြေးလွှားဆွဲ ငိုယိုကြသော အသံများသည် လေးဘက်လေးတန် ဝိုင်းနေသည်၊

မြို့၏နောက်ဘက်မှ မီးရောင်များထွက်လာ၍ မှောင်နေသော ကောင်းကင်တစ်ခွင်လုံး ရဲလာလေသည်၊ မီးခိုးလုံးများ ဖုံးအုပ် လျက်ရှိသော မြို့ရှေ့က ဆရာဖြစ်သင် ကောလိပ်ကျောင်းကြီးမှ ပြင် ထန်လှသည့် ပြိုကျပေါက်ကွဲကုန်သံများ ထွက်ပေါ်လာကာ

မီးများ ထတောက်နေ၏၊ မီးမှထွက်သည့် အသံများမှာ မာန် ထနေလျက် တရှဲရှဲတဟဲဟဲဖြင့် လောင်စာမှန်သမျှ အငမ်းမရ ကိုက်ဖဲ့မျို၀ါးနေကြသည်။

ဗုံးကျင်းထဲမှ ကလေးများကို ချီထုတ်ကာ ကျွန်မအနားသို့ လာပို့သော ဦးချစ်မောင်အား 'မီးတွေကဝိုင်းလို့ကြည့်ဦး၊ ဘယ် ပြေးကြမလဲ....'ဟု လှမ်းမေးလိုက်သည်။

"မီးက လှမ်းသားပဲ၊ ကိစ္စမရှိပါဘူး၊ ခုနေပြေးလို့ ဘယ် ရမလဲ၊. ဂျပန်အလောင်းတွေ သယ်ထုတ်နေလို့ လမ်း ပိတ်ထားမှာ၊ အခြေအနေ ကြည့်ပါဦးမယ်"။

ကျွန်မမှာ ရန်ကုန်တွင်နေချင်စိတ်ကုန်သွား၏၊ တောကိုသာ ပြေးတော့ရန် ဆုံးဖြတ်လိုက်၏။

နံနက် ၁၀-နာရီလောက်ကစ၍ပြည်လမ်းတစ်လျှောက် သဲသဲ မဲမဲ ဗုံးကြဲနေကာ ဘေးရန်ကင်းရှင်းကြောင်း ဥဩမှုတ်သည့် အချိန်မှာ ညနေငါးနာရီလောက်မှ ဖြစ်သည်။

ကျွန်မတို့ အိမ်ပေါ်သို့ တက်ကြသည့်အခါ အိမ်ထဲ၌ မြင် မကောင်း ရှုမကောင်း ဖြစ်နေသည်။ ခေါင်မိုးများမှာလည်း ပြုတ်ကျလျက် ကြမ်းပေါ်၌ သစ်သားအကျိုးအပဲ့ အုတ်ကျိုး အကျိုးအပဲ့ မှန်ကွဲ၊ ဖန်ကွဲ၊ စားပွဲကုလားထိုင်များ ကျမ်းထိုး မှောက်ခုံဖြင့် လမ်းသွား၍ မဖြစ်အောင် ရှုပ်ယှက်ခတ်နေသည်





အိမ်ပေါ် ရောက်ရောက်ချင်း လေကြောင်း အချက်ပေးသံ ကြားရပြန်၏။

ချက်ချင်း ဗုံးကျင်းထဲသို့ ပြန်ပြေး ဆင်းခဲ့ကြရပြန်သည်။ ထိုညက နာရီဝက်ခြားလောက် ဥဩမှုတ်နေသည်။

ကျွန်မတို့မှာ တက်လိုက်ဆင်းလိုက်ဖြင့် နောက်ဆုံး မိုးလင်း အထိ ဗုံးကျင်းထဲ၌ နေကြရသည်။

နံနက်စောစောတွင် ကျွန်မတို့နှင့် အတူတူနေသော ဂျပန် ဗိုလ်ကြီး၏ သားရေနယ်ကုမ္ပဏီမှ လော်ရီကား ၂-စီး ခြံထဲသို့ ရောက်လာကြသည်။

လော်ရီကားများဖြင့် ဆန်သလောက် ပစ္စည်းတွေ သယ်သွား မည်ဟု စဉ်းစားကြသည့်အခါ၌ အခြားပစ္စည်းများယူလျှင် စာအုပ် များ မယူနိုင်မည် စိုး၍ စာအုပ်များသာ ကားနှင့် သယ်မည့် ပစ္စည်းအဖြစ် စိတ်တူသဘောတူ ဆုံးဖြတ်လိုက်ကြသည်။

အိမ်ရှိပစ္စည်းတွေကို စွန့်ပစ်ခဲ့ကာ စာအုပ်များနှင့် ပြည်လမ်း မှ မြန်မြန်ထွက်ခဲ့ကြသည်။

ကြီးကြီးခင်နှင့် ဒေါ်ဒေါ်တို့အား ကျွန်မတို့ သက်နိုးကျွန်း ဆက် သိမ်ချောင်းရွာသို့ ပြေးတော့မည့်အကြောင်း ပြော



ကြားလို၍ သက်နိုးကျွန်းဘက်သို့မသွားသေးဘဲ ကံဘဲ့ ကျောက် ကုန်းသို့ တန်းသွားကြသည်။

အိမ်ရှေ့ရောက်၍ စာအုပ်လော်ရီကား ၂-စီးနှင့် ဘိုသီဘတ် သီ ဖြစ်လာကြသောအဖြစ်ကို မြင်သည်နှင့် ကြီးကြီးခင်လည်း ခြံ၀သို့ပြေးလာ ကြိုကာ 'ဖြစ်မှဖြစ်ရလေ့ လှိုင်ရယ် မသေကြတာ ကံကောင်းပါဘဲ၊ ဒီမှာပဲနေကြပေတော့ သိမ်ချောင်းမသွားကြနဲ့ လေ'ဟု လျှောကားအတူ တက်လာရင်း မသွားရန် တားမြစ် သည်။

ကျွန်မမှာ ရန်ကုန်တွင် နေထိုင်လိုစိတ် မရှိသဖြင့် ကြီးကြီး၏ အတင်း တားနေသည်ကို အားနာသော်လည်း 'မနေချင်ဘူး ကြီးကြီးခင်'ဟု ခေါင်းခါပြောလိုက်သည်။

သိမ်ချောင်းရွာသို့ သွားဖို့ နှုတ်ဆက်ပြီး ထ ပြန် ကာ ကျွန်မအား မီးဖိုထဲသို့လာရန် မျက်ရိပ်ပြ ခေါ်လေသည်။

နောက်ဖေးချောင်ရောက်လျှင် ကြီးကြီးခင်သည် လည်ပင်း မှ ခေတ်လုံးကို ကပျာကယာထုတ်ယူလျက် သောက်ရေအိုး ပေါ်က ငွေဖလားလေးထဲ ထည့်လိုက်ကာ ရေခတ်၍ တိုက်လေ၏

"သောက်လိုက်ပါလှိုင်၊ ဘေးကင်း ရန်ကင်း သောက် လိုက်စမ်းပါ"



ကျွန်မမှာ ရေခွက်ကို လှမ်းယူလျက် ရေခွက်ထဲမှ ခေတ်လုံးကို ကြည့်ကာ တစ်ဖန် ကြီးကြီးခင်၏ မျက်နှာကို ငေးကြည့်နေ သည်။

ကျွန်မကို မျက်ရိပ်မျက်ကဲဖြင့် သောက်ရန် ပြောပြ၏၊ မြန် မြန်သောက်လိုက်ရန်လည်း ပြနေ၏။

"သောက်လေ လှိုင်.... လှိုင်အတွက် စိတ်ပူစရာ မြင်လို့ အင်း.... ဟုတ်တယ်၊ ကဲ....သောက်....သောက်"

ကျွန်မအတွက် အလွန်စိုးရိမ်မကင်း ရှိနေသော မြူးတူ မြဲတဲ မျက်နှာထားနှင့် အရေးတကြီး အတင်းတိုက်နေသည်။

တစ်ညလုံးမအိပ်ရဘဲ ကျင်းထဲ၌ ဒုက္ခရောက်လျက် ချောက် ချားကာ စိတ်ခေတ်များလည်း ပျက်ပြားလာခဲ့ပေရာ ခေတ်လုံး ရေစိမ်တိုက်နေသည်ကို အကာအကွယ်အနေ ဘယ်လောက်မှ ယုံကြည်မှုမရှိပါဘဲ သောက်ချလိုက်နိုင်ပါ၏။

သို့ရာတွင် မလုပ်စဖူးလုပ်နေ၍ ဤသို့အသုံးချသဖြင့် ခေတ်လုံး တန်ခိုးသိဒ္ဓိ လျော့သွားသည် အယူရှိလျက်နှင့် အခလျော့ခံ ပြီး ပစ္စည်းများ တိုက်နေတာလားဟု မဝေခွဲနိုင်အောင်ရှိ၍ ရုတ်တရက် မသောက်နိုင်ဘဲ ငေးနေမိသည်။

ကျွန်မအဖို့အရာတွင် ဓာတ်လုံးရေစိမ်တိုက်ရန်မလိုဘဲ စေတနာ မေတ္တာဖြင့်ပင် လုံလောက်၍နေပါမပြီ၊ သည်စေတနာမျိုး၊ သည်မေတ္တာတန်ခိုးဖြင့်ပင် လာမည့်ဘေးရန် ကင်းဝေးသွားနိုင်စေလိမ့်မည်။

"ကြီးကြီးခင်သောက်ရင် လျော့မသွားဘူးလား, လျော့မယ် အယူရှိရင် နေပါစေ"

"အို...ကိစ္စမရှိပါဘူး၊ သောက်....သောက်"

မျက်မှောင်ကြီးကုတ်လျက် ခေါင်းတခါခါဖြင့် ဇွတ်အဓမ္မ ပြောနေ၍ ကျွန်မလည်း ငွေဖလားထဲမှရေများကို မြန်မြန်အကုန်မော့သောက်ချလိုက်ရာ ဓာတ်လုံးမှာ အရှိန်နှင့် လိမ့်ပါလာလျက် နှုတ်ခမ်းနှင့် ထိတိုက်သွားသည်။

ကျွန်မအား အင်မတန်မေတ္တာကြောင့် မလွဲသာ၍ ထုတ်တိုက်ရပုံမှာ ကြီးကြီးခင်၏မျက်လုံးထဲ၌ တစ်နေရာရာမှာ တွေ့ရသလိုလို စိတ်ထဲက အောက်မေ့ရသဖြင့် နှုတ်ခမ်းနှင့်ထိလာသော ဓာတ်လုံးကို ဓာတ်လုံးဟု မမှတ်ချင်ဘဲ ကြီးကြီးခင်၏ အသည်းနှလုံးကဲ့သို့ သဘောထားကာ နှလုံးမှသွေးကို သောက်မျိုလိုက်ရသကဲ့သို့ ရင်နှင့်မဆန့်နိုင်အောင် နင့်သွားကာ ပြည့်လေး၍သွားသည်။



ကျွန်မနှင့် ကြီးကြီးခင်မှာ ဝေးနေကြရပြန်၏၊ သိမ်ချောင်းရွာ၌ ခေတ္တနေရစဉ် ကံဘဲ့သို့ တစ်ခေါက် နှစ်ခေါက် ကူးလာသည်။ အင်္ဂလိပ်ဝင်ကာနီး တစ်မြို့လုံး သဲသဲမဲမဲ ဝိုးကြနေသဖြင့် ဒေါ်ဒေါ်တို့ ကျွန်မတို့နှင့်အတူ သိမ်ချောင်းရွှေ့နေကြရန် အတင်းခေါ်မိသည်။ ဒေါ်ဒေါ်နှင့်စုစုမှာ ကျွန်မတို့နှင့် လိုက်ရ ကောင်းနိုးနိုး ဝေနေကြသည်။

"ဘာမှမဖြစ်ရဘူးစိတ်ချ၊ ဘေးရှိရင်ပြောမှာပေါ့ မသိန်းရယ်၊ ဒီအိမ်က ဘာမှမဖြစ်ရဘူး၊ ငါသိပါတယ်လေ.... အင်း....ငါပြောတာ ယုံကြစမ်းပါ"

အနီးအနားက လူတွေ ပြောင်းရွှေ့ပြေးကြ၍ လူရိပ် သူရိပ်မှ မမြင်ရသလောက်ဖြစ်နေသော ကံဘဲ့၌ ကိုယ့်ထီးထီး နေသင့် မနေသင့် ဒေါ်ဒေါ်စဉ်းစားနေသည်။

ကြီးကြီးခင် ထသွားပြီးလျှင် 'နေပါစေတော့ လှိုင်ရယ်.... သိမ်ချောင်းမပြောင်းတော့ဘူး၊ ဒီဟာမကြီးကလဲ ဘေးမရှိရဘူးလို့ ပြောနေတယ်'ဟု သိမ်ချောင်းလိုက်ရန် ငြင်းလိုက်သည်။

ကြီးကြီးခင်၏ ပြောပုံဆိုပုံ လုပ်ပုံကိုင်ပုံတွေကို ကြည့်မရ၍ တစ်လျှောက်လုံးနှိမ်လာခဲ့သော ဒေါ်ဒေါ်ပါးစပ်မှ ကြီးကြီးခင်၏ စကားကို ယုံကြည်ကိုးစားပုံ သည်တစ်ခါသာ ကြားဖူး၏။



ဒေါ်ဒေါ်သည် ကြီးကြီးခင်အား အယုံမရှိဘူးဟု နောက်နောက်က နားလည်ထားခဲ့ရာ ထိုစကား တစ်ခွန်းကြားရမှ ဒေါ်ဒေါ်ကိုယ်တိုင်လည်း မယုံဘူးလည်းမဟုတ်၊ ယုံသည်လည်း မဟုတ်ပါကလားဟု အောက်မေ့လိုက်ရ၏။

ဂျပန်များ ပြေးကုန်ကာ အင်္ဂလိပ်စစ်တပ် ဝင်လာသည်နှင့် ဒေါ်ဒေါ်က ကျွန်မတို့ကို သိမ်ချောင်းက အမြန်ရွှေ့ခဲ့ရန် မှာလိုက်လေသည်။

ကျွန်မတို့မှာ ပစ္စည်းတွေအကုန်ဆုံးကာ အဝတ် တစ်ထည် ကိုယ်တစ်ခုနှင့် အိပ်ရာလိပ်ပင် မရှိကြသည့်ဘဝမျိုး ဖြစ်နေကြ၏။

ဒေါ်ဒေါ်၏အိမ်နှင့် ကျောချင်းကပ် လူထွက်ပြေးသည့် အိမ်လွတ် တစ်အိမ်ကို ကျွန်မတို့လာလျှင် အဆင်သင့်တက်နေနိုင်ကြအောင် ယူထားကာ အမြန်လာရန် မှာပြီး ရွာက ပြောင်းဖို့ ရွှေ့ဖို့အတွက် စုစုပါထည့်လိုက်၏။

သိမ်ချောင်းရွာမှ မထွက်ခင်တစ်နေ့ ဦးချစ်မောင်မှာ နိုင်ငံရေးကိစ္စဖြင့် ရွာကတစ်ရက်ကြိုတင်ထွက်သွားရသဖြင့် ဒေါ်ဒေါ်တို့ထံသို့ ကလေးများကို ပို့ရန် ထည့်လိုက်ကာ စုစုနှင့် ကျွန်မတို့သာ ရွာ၌ ရှိသည်။

နံနက် ဦးချစ်မောင်လာခေါ်လျှင် ရေတက်နှင့် ပုဇွန်တောင်ချောင်းက ထွက်ကြရမည် ဖြစ်၍ စာအုပ်တွေကို သမ္ဗန်ပေါ်သို့ တစ်ညလုံးသယ်ချထားကြရာ မိုးချုပ်မှ ပြီးသွားလေသည်။



ညဘက်၌ မမှောင်လင်းဘဲ စုစုနှင့်ကျွန်မမှာ ဓားပြလက်ထဲမှ သီသီကလေး လွတ်ထွက်ပြေးခဲ့ကြရကာ မှောင်မိုက်ထဲ၌ ဇွတ်ပြေးလာကြရင်း ကမ်းနားစပ်ရှိ အိမ်တစ်အိမ်ပေါ်သို့ အတင်းပြေးတက်ကာ ပုန်းနေကြရ၏။

နံနက် ဦးချစ်မောင်ရောက်မှ ပုန်းနေရာ အိမ်က ထွက်ရဲကြကာ ကံဘဲ့သို့ ပြန်ခဲ့ကြသည်။

ကျွန်မမှာ သိမ်ချောင်း၌ ညက ဖြစ်ပျက်ခဲ့သော အကျိုးအကြောင်းတွေကို ဒေါ်ဒေါ်အားစုံလင်အောင်ပြောမနေနိုင်ဘဲ ကြီးကြီးခင်ရှိရာ မီးဖိုထဲသို့ ပြေးသွားကာ....

"ကံကောင်းလို့ပေါ့ ကြီးကြီးခင်.... သေမလို့.... သီသီလေးရယ်"ဟု မောကြီး ပန်းကြီး ပြေးပြောပြလိုက်သည်။

"အို....ဖြစ်မှဖြစ်ရလေ လှိုင်ရယ်၊အင်းပေါ့....ကံကောင်းလို့ပေါ့၊ ကြားရတာ ကြောက်စရာပဲနော်"

ကြီးကြီးခင်သည် သည်မျှလောက်သာ ပြန်ပြောကာ လုပ်စရာရှိတာ ဆက်လုပ်နေသည်။

သိမ်ချောင်းသို့ မပြောင်းခင် ကျွန်မအားဘေးရန်မြင်သလိုလို ပြောကာ ဓာတ်လုံး ရေစိမ် တိုက်လွှတ်လိုက်ခြင်းကို အလျင်း

မေ့နေသလို လုပ်နေသော အမူအရာလို အလွန် အံ့ဩသွားမိသည်။

ကျွန်မတို့ မားပြလက်ထဲမှ အလွတ်ရုန်း ထွက်ပြေးလာကြစဉ်က တစ်ညလုံး ပုန်းနေကြသော အိမ်ပေါ်မှနေ၍ ကြီးကြီးခင်ကို သိပ် သတိရမိသည်။

ခေတ်လုံးရေစိမ်တိုက်ပုံမှာ တစ်ညလုံး မျက်စိထဲမှ မထွက်ဘဲ ဖြစ်နေခဲ့သည်။

စိတ်ထဲ၌ မကျေနပ်၍ မျက်နှာလွှဲသွားသော ကြီးကြီးခင်အား မေ့နေလျှင်လည်း သတိရအောင် ရည်ရွယ်လျက်....

"ခေတ်လုံး ကျေးဇူး ထင်ပါရဲ့နော်.... ကြီးကြီးခင်" ဟု အနားတိုးပြီး ပုတ်ပြောလိုက်သည်။

ကြီးကြီးခင်သည် သည်စကားမျိုး အပြောမခံလိုသော မျက်လုံးနှင့် တုံ့ပြန်ကြည့်ကာ အားတုံ့ အားနာလိုလို မျက်နှာ ခပ်ကြောင်ကြောင်ဖြင့် ပြောင်ပြောင်ကြီး လွှဲဖယ်၍ ပြောသည်။

"ဖြစ်လာတာပဲ လိုင်....အင်း....ကြီးကြီးခင်လေ ဖြစ်လာတာပဲ"



ခေတ်လုံးကို ကျေးဇူးတင်မိသလိုလို ဘာလိုလို အောက်မေ့မိသော စိတ်များသည် ပေါ့ပျက်ပျက် ဖြစ်သွားကာ ကြီးကြီးခင်နှင့် စကား မပြောတတ်တော့သလောက် ကြောင်တက်တက်ဖြင့် အိမ်ရှေ့သို့ ပြန်ထွက်လာခဲ့ရသည်။

* * *

၈

ကံဘဲ့ အိမ် ရောက်ပြီး မကြာမီ ဦးချစ်မောင် ဆေးရုံ၌ ဆုံးသွားလေ၏။

သည်အိမ်တွင်ဆက်လက်၍နေမဖြစ်တော့သဖြင့်ပန်းဆိုးတန်းသို့ ပြောင်းရွှေ့ရလေသည်။

ပန်းဆိုးတန်းသို့ သွားကာနီး ကြီးကြီးခင်ကို သွားကန်တော့သည်။

မျက်ရည် အရောင်တွေ့ သန်းလျက်ဖြင့် တရား ထိန်းထားသော ဣန္ဒြေကို ဆောင်ကာ ကောင်းမွန်စွာ သံနေသံထားနှင့် ဆုပေးနေ၏။

ဒေါ်ဒေါ်မှာ ကျွန်မဘေးတွင် မျက်ရည် မဆည်နိုင်အောင် ဖြစ်နေလေသည်။

ဒေါ်ဒေါ်တို့ အိမ်သို့ လာနေစဉ် တုန်းက သားအငယ် မိုးဟိန်းမှာ ၂-လသား လောက်ကလေးရှိကာ မကျန်းမာ၍ ဒေါ်ဒေါ်က သူနှင့်အတူသိပ်လျက် မွေးပေးခဲ့သည်။

ကျွန်မတို့ ဘယ်ပြောင်းပြောင်း မိုးဟိန်းမှာ ကံဘဲ အိမ်တွင် နေရစ်ခဲ့ကာ ကြီးကြီးခင် တစ်လှည့် ဒေါ်ဒေါ်တစ်လှည့် တလဲစီ ယူအိပ်ကြလျက် နို့ဘူးတိုက် မွေးခဲ့ကြသည်။

မိုးဟိန်းမှာ ၂-ခါလည်ကျော် အရွယ်ရောက်ကာ အိမ်ချင်း ကပ် နေကြသော ကျွန်မတို့ အိမ်သို့ပင် ကူးမလာလိုဘဲ ကြီးကြီး ခင်ကိုသာ အမြဲ ကပ်နေသည်။

ကြီးကြီးခင်မှာ အိမ်အတွက်ရော ကျွန်မတို့ တစ်အိမ်သားလုံး အတွက်ပါ မီးဖိုထဲ၌ တစ်ယောက်တည်း ချွေးတလုံးလုံးဖြင့် ရိုင်ခံချက်ပေးနေသည်။

ကျွန်မတို့ အိမ်၌ ပန်းချီ ဦးအုန်းလွင်၊ စာရေးဆရာ ဦးစော ဦး တို့ပါ လာနေကာ လူများလာ၍ ကြီးကြီးခင် ချက်ကျွေး နေခြင်းကို အားနာလွန်းသဖြင့် အတင်း အိုးခွဲစားကြရသည်။





ကျွန်မ အပေါ်တွင် ထားရှိသည့် စေတနာ မေတ္တာထက် မိုးဟိန်းပေါ်၌ သားသယ်အမေလို အနွံအတာခံပြီး မွေးပေး သည့် ကျေးဇူးက ကြီးလှ၍ မခွဲခင် ကျေးဇူး တရားတွေကို ပေါင်းဦးချ ရှိခိုးနေရ၏။

"လှိုင်ရယ်....မိုးဟိန်းအတွက် စိတ်ချ၊ ကြီးကြီးခင် ရှိပြီ ကော....ကိုယ့် အလုပ်အကိုင်သာ ဖြစ်အောင် ဆက်လုပ်၊ ဖြစ်လာမှာပါ....ဖြစ်လာမှာပဲ၊ အင်း...."

ဒေါ်ဒေါ်လည်း ငိုရင်းပင် ဆုပေးကာ မြို့ထဲသို့ ကျွန်မ တစ်ယောက်တည်း ပြောင်းသွားရတော့မည့် အဖြစ်ကို သူ့ ရင်ထဲ၌ မချိမဆန့်ဖြစ်လျက် အခန်းထဲသို့ ထဝင်သွားသည်။

"ကြီးကြီးခင် ကျွန်မ ပေါ့မနေပါဘူး၊ စိတ်ချပါ၊ ဆရာ ကြီး သခင် ကိုယ်တော်မှိုင်းဆီလဲ သွားပြီး အဂ္ဂိရတ်ပညာ ဆွေးနွေး ကြည့်ပါဦးမယ်၊ မရ ရအောင် ကြိုးစားနေ ပါ့မယ်....နော်"

ကြီးကြီးခင်သည် ညင်သာစွာ ခေါင်းညိတ်ကာ တံခါး ဝသို့ အတူ ထလိုက်လာပြီး ကျွန်မ၏ ပခုံးကို ကိုင်ကာ....

"ကြိုးစားပါ လှိုင်....၊ ပြီးရင်လေ ပြီးတာပဲ အားလုံး အားလုံး၊ အင်း....ဒီလဲ ခဏခဏ လာခဲ့နော်"



ကျွန်မ မြို့ထဲသို့ ရောက်လာပြီးနောက် ကံဘဲသို့ ထင်သလို ခဏ ခဏ မရောက်နိုင်ဘဲ အားလပ်မှသာ ရောက်သွားနိုင်၏။

ဂျာနယ်ကျော် လုပ်ငန်း၊ ပုံနှိပ်လုပ်ငန်းများကို ဦးစီးလျက် အလုပ်များလွန်း၍ အိပ်ချိန်စားချိန်လည်း မမှန်၊ ပင်ပန်းလာကာ တဖြည်းဖြည်း နေတိုင်မကောင်း ဖြစ်လာသည်။

အင်္ဂလိပ်ဆေး၊ မြန်မာဆေး၊ ဘယ်ဆေးမှ မစားဘဲ ပေတေ နေခိုက် ပုသိမ်မှ ကျွန်မ၏ အစ်ကို အစ်မများ ပေါက်လာ ကြသည်။

ရောက်သည့်နေ့ပင် အပြင်ထွက်ဖို့ရန် ပြင်နေ၏။

"ရန်ကုန်မှာ မြန်မာဆရာကြီးတစ်ယောက်ရှိတယ်၊တို့လဲ မသိဘူး၊ ပန်းတနော် ဦးသန့်အစ်ကို ဝန်ထောက် ဦးသောင်းက ညွှန်လိုက်လို့ ကြည့်မြင်တိုင်မှာ သွားရှာ ဦးမယ်"ဟု ပြောကာ ထွက်သွားကြ၏။

ကျွန်မမှာ တစ်နေ့လုံး အလုပ်များ လုပ်နေရကာ ညကျမှပင် အစ်မနှင့် ထမင်းပွဲ၌ ဆုံရသည်။

"ညည်းလုပ်ရတာ ပင်ပန်းလိုက်တာအေ၊ နေကောင်း တာလဲ မဟုတ်ဘူး၊ တရှောင်ရှောင်နဲ့ ဘာဆေးမှလဲ





မစားဘူး၊ ကြည့်မြင်တိုင်က ဆရာကြီးဆီ တို့သွားရင် ညည်း လိုက်ခဲ့ပါလား"

ကျွန်မမှာ ဘယ်လို ပြောနေနေ ဆေးကုရန် စိတ်မပါဘဲ ဖြစ်နေသည်။

အင်းမလှုပ် အဲမလှုပ် လုပ်နေ၍ ဆက် မပြောကြတော့ဘဲ နေကြသည်။

နောက်တစ်နေ့ ထမင်းဝိုင်းတွင် ဆုံကြပြန်သည့်အခါ သူတို့ လင်မယားနှစ်ယောက် အချင်းချင်း ဆရာကြီး အကြောင်းတွေ ထမင်းစားရင်း ပြောနေကြသည်။

အလုပ်သာ ကျွန်မ စိတ်စောနေလျက် ကပျာကယာ စားပြီး တလိုက်သည်။

"ညည်း မနက် ဆရာကြီးဆီ လိုက်ခဲ့ပါလား၊ ဆေးကု သိပ်တော်တာပဲလို့ ဦးသောင်းက ပြောလိုက်တယ်၊လူနာ နာမည် မေးပြီးမှ ဆေးပေးတယ်"

"နာမည်မေးပြီးမှ ဆေးပေးတာ ဘာဆရာလဲ မမ....၊ တော်အိ ရော်အိ ဆရာတွေနောက် တော်တော် လိုက်၊ ကျွန်မတော့ အယုံ မရှိပါဘူး"

ကျွန်မသည် ခပ်ဆတ်ဆတ် ပြောကာ ထသွား၏။

စားပွဲခုံတွင် စာရေးနေစဉ် သူတို့အချင်းချင်း ပြောနေကြသည့် စကားထဲမှ....

"ဆရာကြီးပြောတာ မှတ်မိရဲ့လား၊ မှားတာဟာ ဘယ်တော့မှ မမှန်ဘူး၊ မှန်တာဟာ ဘယ်တော့မှ မမှားဘူးတဲ့"ဟု အစ်ကိုကြီးက ပြောနေလျက် မမက....

"မသိတာလဲ မစားနဲ့တဲ့....မသိတဲ့စကားလဲ မပြောနဲ့လို့ ပြောလိုက်သေးတယ် မဟုတ်လား"ဟု ဆက်လိုက်၏။

ကျွန်မမှာ ငွေစာရင်း နေရာမှ ကြားလိုက်မိသော စကားများကို နှစ်သက်လွန်း၍ ခေါင်းထောင်လာကာ မမ ဘက်သို့ လှည့်ပြီး...

"မမ အဲဒီ ဆရာကြီးကနာမည် ဘယ့်နှယ်ခေါ်သလဲ"ဟု လှမ်းမေးလိုက်သည်။

"နေလ ဝိဇ္ဇာ ဆရာကြီး ဦးဘခိုင်"

ကျွန်မမှာ စာကို ဆက်ရေးနေသော်လည်း စိတ်က တခြားရောက်နေလေသည်။





'နေ လ ဆိုတာ အပူအအေး ပြောတာပဲ၊ ဝိဇ္ဇာကတော့ အတတ်ပညာ ပြောတာ၊ အပူအအေးတတ်ရင် အဂ္ဂိရတ်သဘောတော့ မုချ နားလည်မှာပဲ၊ နည်းနည်းပါးပါး ဆွေးနွေးကြည့်ရရင် ကြီးကြီးခင်အတွက် အထောက်အပံ့ အစအနများ ရလေမလား'

ကျွန်မသည် ကြီးကြီးခင်အတွက် စိတ်ကူးရသည်နှင့် ဆရာကြီးထံသို့ နက်ဖြန် သူတို့သွားရင် လိုက်သွားရန် ဆုံးဖြတ်လိုက်သည်။

တဲတွင်း၌ စားပွဲခုံဟောင်းဘေးတွင် ဘဲဥပုံ ရေအိုး နှုတ်ခမ်းကြီး ချထားလျက် ကုလားထိုင်စုတ်တစ်လုံးနှင့် ထိုင်နေသော ဆရာကြီးကို တွေ့တွေ့ချင်း အင်္ကျီရှပ်ကို လေးလေးနက်နက် အကဲခတ် ကြည့်လိုက်သည်။

ပညာရှိ ရုပ်သွင်ဆောင်လျက် မျက်နှာထား ကြီးကြီးနှင့် ညိုပြိုမ်သော မျက်နှာမျိုးကို တွေ့ရ၏။

"ဆရာကြီးရယ်၊ ဒါ ကျွန်မ ညီမပါ၊ ကောင်းကောင်းလဲ မမာဘူး၊ အင်္ဂလိပ်ဆေးလဲ အားမထားလို့ မစားဘူးတဲ့၊ မြန်မာဆေးလဲ လုံးလုံးမစားဘူး၊ အလုပ်က သိပ်ပင်ပန်းတာမို့ ဆရာကြီးဆီ ခေါ်လာရတယ်"

ဆရာကြီးသည် ကျွန်မကို စူးစိုက်ကြည့်ကာ....





"နာမည် ဘယ့်နှယ် ခေါ်သလဲ"ဟု မေးလိုက်၏။

ကျွန်မ ငြိမ်နေ၍ ကျွန်မ အစ်မကပင် ကျွန်မ၏ နာမည်ကို ဂျာနယ်ကျော် မမလေးဟု ဝင်ပြောရာ....

"နာမည်ကို မေးပြီး ဆေးပေးတာ သူက နားမလည်ဘူးတဲ့ ဆရာ"ဟု ရယ်သွမ်း သွေးကာ ရယ်မောပြောပြနေသည်။

ဆရာကြီးသည် ကျွန်မကို တွေစိုက်ကြည့်ကာ ပြုံးလိုက်၏။

ထို့နောက် တေ တေ ဆိုင်ဆိုင် ပြန်ကြည့်ကာ တစ်လုံးချင်း တစ်လုံးချင်း ခပ်ပြတ်ပြတ် ပြောဆိုသည်။

"နာမည်ကို မမေးဘဲ ကုတဲ့ ဆရာများ တွေ့ဖူးသလား၊ ဥပမာ လူမမာရှင် တစ်ယောက်က ဆရာကို လာပင့်တဲ့အခါ မမာတဲ့သူ ဘယ်သူလဲ၊ ဘာဖြစ်လို့လဲမှ မမေးရဘူးလား၊ ရှေးက ဘယ်ဆရာ့မဆို မမာတဲ့သူ ဘယ်သူဘယ်ဝါ စုံလင်အောင် မေးပြီးမှ လိုက်ကြရိုး ထုံးစံပဲ၊ လူမမာ့နာမည် မမေးဘဲ လူမမာ မနည်းဖြစ်လို့ ဆရာကြုံပါဆိုပြီး လိုက်သွားရင် ဘယ်သူ့ကို ဆေးတိုက်ခဲ့မလဲ၊ နာမည် ထည့်ပြီး ခေါ်တာတောင် ဆရာကိုယ်တိုင် မှားခဲ့ဖူးသေးတယ်"





ဆရာကြီးနှင့် မမသာ ပြုံးရယ်နေကြလျက် ကျွန်မမှာ ခပ်မှိန်းစိမ်းပင် ငြိမ်ထိုင်နေသည်။

"ဆရာဖြစ်ကာစ တယ်လဲ လူမမာကုချင်တာကို၊ မောင်ပြား ဆိုတဲ့ အသိ တစ်ယောက်က သုတ်သီး သုတ်ပျာ လာတဲ့ပြီး 'ဆရာ .... ကျွန်တော်တို့ အိမ်က ဘိုက်ကြီး ဆီးချုပ် ဝမ်းချုပ်ဖြစ်လို့ အသက်ကလေး တစ်ချောင်း ကယ်မသော အားဖြင့် ကြုပါခင်ဗျာ' လို့ ရှိုရှိုသေသေ ခြေကြွခကလေး ရှေ့ချပြီး မခေါ်တာကိုး၊ ဆရာလဲ ဆေးအိတ်လွယ်ပြီး မောင်ပြား ခေါ်ရာနောက် လိုက်သွားတယ်၊ အိမ်ရောက်တော့ အိမ်ရှေ့ ခလှကားက အိမ်ပေါ်မတက်ဘဲ အိမ်ဘေးကနေပြီး နောက်ဖေးဘက်သွားတော့ သည်ကောင် တပိုတပါး သွားတာလားလို့ အောက်မေ့ပြီး သူ့နောက် မလိုက်ဘဲ အိမ်ရှေ့က ရပ်စောင့်နေတာ နောက်ဖေးက ပြန်ထွက်လာပြီး 'ဆရာဆရာ....အိမ်ဘေးက ကြွခဲ့ပါ'လို့ အော်ခေါ်တယ်၊ ဆရာလဲ စမ်းတဝါးဝါးနဲ့ သည်ကောင် နောက်ဖေးကိုခေါ်တာ ဘယ့်နှယ်လဲလို့ စဉ်းစားရင်း သူ ခေါ်တဲ့ဆီ သွားရတာပေါ့၊ နောက်ဖေးရောက်တော့ လား-လား အမြှုပ်တစီစီထွက်နေပြီး လဲနေတဲ့ နွားကြီးတစ်ကောင်ကို ပြတော့မှ မောင်ပြားရာ ငါကတော့....ဘိုက်ကြီး မမာလို့ဆိုတော့ လူလားမှတ်တယ်၊ နွားပါလားကွယ့်လို့ ပြောလိုက်မိတယ်၊

"နာမည်ပြောပြီး လိုက်လာတာတောင် လူမဟုတ်တဲ့ လွဲပြီး နွားဖြစ်နေရင် နာမည် မမေးဘဲများ လိုက်သွားရင် ဘယ်ထိအောင်များ လွဲကြမယ် မသိပါဘူး"

မမမှာ ဟက်ဟက်ပက်ပက် ရယ်မောနေခလသည်။

ကျွန်မလည်း ဂွခြေမဆည်နိုင်၍ ပြုံးနေသော်လည်း စိတ်ထဲက ဆရာကြီး စကားကို မူလပညတ်နှင့် ဝေါဟာရ ပညတ် ခွဲကာ ကျွန်မ နားလည်သလိုမှ မမ နားလည်လိုက်ရဲ့လားဟု အောက်မေ့လိုက်မိသည်။

ဆရာကြီးသည် စာရွက် လေး ပေါ် တွင် ကျွန်မ အတွက် ဓာတ်စာ ရေးချကာ ကမ်းပေးပြီး....

"မြန်မာ စာပေ ကျမ်းဂန်များ ကြည့်ဖူးသလား"ဟု မေးလိုက်၏။

"အသင့်အတင့်တော့ ဖတ်ဖူးပါတယ် ဆရာ၊ အင်္ဂလိပ်ဆေးကို အားမထားမှ သာပြီး ကြည့်ပါသေးတယ် သဘောမပေါက်ပါဘူး"

အထူးသဖြင့် လောကီစာပေထဲက အင်္ဂရတ် အကြောင်းနှင့် ပတ်သက်၍ အသင့်အတင့် ဖတ်ဖူးသော ဗဟုသုတကို မြှုပ်ကာ အရိုင်းမေး စ မေးကြည့်သည်။



"ကျွန်မ ခသိလို့ မေးပါရစေဆရာ၊ အင်္ဂရတ် ပညာမှာ ဓာတ်တွေကို ထိုးတတ်ရင် ရွှေဖြစ်တယ်လို့ ဆိုထားတယ် တကယ်သာ ဝိဇ္ဇာတွေ ရွှေဖြစ်အောင် အလွယ်လေးနဲ့ လုပ်နိုင်ရင် ဘာဖြစ်လို့ မီးလောင်ပြာကျ ဆင်းရဲသားတွေကို ဒါလကား မပေးနိုင်ကြသလဲ ဆရာ"

ဆရာကြီးသည် ကျွန်မ အမေးကို ကျေနပ်စွာ ပြုံးလျက် ခေါင်းညိတ်၏။

ကျွန်မ မေးသည့် အဓိပ္ပာယ်ကို စိတ်ရှည်လက်ရှည် ရှေလည် အောင် ရှင်းပြောပြသည်။

"ရှင်အဇ္ဇဂေါဏ လက်ထက် တုန်းက ရွှေတွေကို အမြောက်အမြား စုပုံ လုပ်ကိုင်ပေးခဲ့တာ မကြားဖူးဘူးလား၊ အဲဒီတုန်းက လူတွေရဲ့ မူလဘူတ ပညတ်က မှန်နေတာ ရွှေတွေ မြင်တွေ့လို့ ဂမ်းမသာဘဲ ထိုအရှင်ရဲ့ ပညာကိုသာ လိုလား နှစ်သက်ကြတယ်၊ ခုခေတ်မှာ လူများများ စည်ကားတဲ့လမ်းဆုံမှာ ရွှေတွေစုပုံပြီး ယူကြလော့ ပေးလိုက်ရင် ရွှေပုံကြီးက ယုတ်လျော့ နည်းပါးမသွားဘဲ ရွှေပုံနားမှာ သူ့ထက်ငါ လုယက် သတ်ဖြတ်ကြလို့ အလောင်းချင်း ထပ်နေကြတော့မှာပေါ့၊ ဒါကြောင့် ဒီခေတ်မှာ ရွှေပေးတဲ့ခေတ် မဟုတ်ဘူး၊



ရွှေငွေဖြစ်စေတတ်တဲ့ ပညာကိုသာ ပေးတဲ့ခေတ် ဖြစ်တယ်"

"ဒါဖြင့်....ဒီပညာသင်ရင် တတ်ရင် ရွှေတွေအများကြီး လုပ်တတ်မှာပေါ့ ဆရာ"

ဆရာကြီးသည် ကျွန်မအား စိန်းစိန်းစားစားကြည့်ကာ သိလို စုံစမ်းသော မျက်နှာထားဖြင့် ခေါင်းသည် ရှေ့သို့ ငိုက်လာလျက် မျက်မှောင်ကုတ်၍ မေးလိုက်သည်။

"နေပါဦး.... မေးစမ်းပါရစေဦး ရွှေတွေလုပ်တတ်လို့ အများကြီးရပါပြီတဲ့၊ ဒီပစ္စည်းတွေရဲ့အရသာကို ပျော်ပျော်ရွှင်ရွှင် ခံစားဖို့ မမလေးက ကျန်းမာရဲ့လား၊ ကျန်းမာရေး လက်ကိုင်ရှိသလား၊ မကျန်းမာနေရင် ရွှေတွေ ငွေတွေရဲ့အရသာကို ဘယ်လိုများ ခံစားမလဲ"

ကျွန်မသည် ဆရာကြီးကို အဓိပ္ပာယ်လေးနက်စွာ ပြန်စိုက်ကြည့်နေကာ ပြောကြားသောစကားများကို ထိထိရောက်ရောက် စဉ်းစားဝေဖန် သုံးသပ်နေမိသည်။

"ချမ်းသာတာရဲ့အစ ကျန်းမာတာက၊ ပညာအစ နေနဲ့လ၊ မှတ်ထား၊ မကျန်းမာရင် ချမ်းသာဖို့ ခဲယဉ်းမယ်၊ နေနဲ့လ မရှိရင်လဲ အလင်းရောင်မရဘဲ မှောင်အတိနဲ့ တွေ့ပြီး သွားရာလမ်းကြောင်း မဖြောင့်ဖြစ်တော့မယ်"





ဆရာကြီးစကားကို အဓိပ္ပာယ်ပေါ်အောင် ခပ်နက်နက် တွေးယူကာ သေချာရှင်းလင်းအောင် 'ကျန်းမာရေး၊ ချမ်းသာရေးအတွက် ပညာအစ နေနဲ့လဆိုတာ အကြမ်းဖျဉ်းလောက် ရှင်းပေးပါ ဆရာ'ဟု ထပ်မေးတောင်းပန်လိုက်သည်။

"သူရိယဆိုတဲ့ နေမင်းဟာ သူ့သဘာဝအတိုင်း အရှေ့ကျွန်းက ထွက်ပေါ်စပြုလာပြီး ဘယ်သူ့ကိုမှ ဂရုမမူဘဲ သတ္တဝါမှန်သမျှ အလင်းရောင်ပေးပြီး အနောက်ကျွန်းကို ဝင်သွားတယ်၊ ဒီနေမင်း လမင်းတို့ထွက်ပေါ် ထွန်းလင်း အရောင်ရှိန်ပြင်းတဲ့အခါ ဘယ်သူက မုန်းတီးလို့ပဲ ဆဲဆဲဆိုဆို အရောင်ရှိန်မပျက်ဘဲ သွားရာလမ်းကြောင်း အတိုင်းပင် သွားမယ်၊ ဘယ်လိုလူပလီမျိုးတွေကပဲ ချစ်ကြည်ညိုပြီး ရှိခိုးဦးချနေပစေ၊ သူ့သဘာဝက ပိုလွန်ပြီး မသွားဘူး သွားမြဲတိုင်းသွားတယ်၊ ဒါကြောင့် သူရိယတည်းမှူသော တနင်္ဂနွေနေမင်း၏ အလင်းရောင် ကျေးဇူးကို မမလေးခံစားတတ်ခဲ့ရင် တနင်္လာ လမင်းရဲ့ အလင်းရောင်ကို ခံစားပြီးဖြစ်လာရော"

ကျွန်မမှာ ဆိုဆုံးမသြဝါဒကို နာယူလွယ်နိုင်သော ပါရမီအခံနှင့် ဗဟုသုတကလေးအနည်းငယ်ရှိ၍ လောကမှာ 'ကျန်းမာတာကို ပထမအသေအချာ ပိုင်နိုင်မှ အင်္ဂရတ်ပညာကို သဘောပေါက်နိုင်မည်'ဟု တရေးရေးတွေးမိလာလေသည်။

"နေနဲ့လ၊ မူလ ၂-ပါးကိုမမေ့နဲ့၊ အပည်ပညတ်က နေ၊ စာက ဘနုဂ်နွေ၊ ဗျည်းက အ၊ ဂဏန်းက ၁၊ ဓာတ်က ဥဏှတေဇော၊ အရသာက အပူ"

ကျွန်မလည်း ကြားရတာနှင့် နှစ်သိမ့်အားရစွာ ဖြစ်သွားလျက် 'ဆရာကြီး ကျွန်မ ဆေးပညာတတ်ချင်ပါတယ် တပည့်အဖြစ် အပ်ပါရစေ'ဟု ခွင့်ပန်ကြားလိုက်သည်။

"ထိုက်ရင် ရမှာပေါ့"

ကျွန်မမှာ ကြီးကြီးခင်၏ မျက်နှာကို မြင်ယောင်လိုက်ကာ တဖြည်းဖြည်းတော့ တစ်နေ့ သူ့အလိုဆန္ဒ ပြည့်နိုင်မှာပဲဟု နှစ်ထောင်းအားရ ဖြစ်သွားမိသည်။

* * *

၉

ကျွန်မ၏အားလပ်သောအချိန်ပိုင်းကို သတ်မှတ်လျက် ဆရာကြီးထံ၌ ပညာသင်ကြားရန် ကွမ်းရွဲတန်းသို့ သွားနေရ၏။

တဲထဲ၌ ကျောက်သင်ပုန်းအတိုအပြတ်တစ်ခုကို ခနိဖက် နံရံဖြင့် မှီထောင်ထားကာ မြေဖြူနှင့် ရေးသားပြသသွားသောအချက်တွေကို အမှီလိုက်၍ ကူးမှတ်ရသည်။

ဆရာကြီး နှုတ်မှ ရှင်းပြသွားသော အဓိပ္ပာယ်တွေကို နားထောင်ကာ မှတ်ဉာဏ်ထဲ၌လည်း အဘိုကောက် ဖေးမှတ်ထားရသည်။

ကြီးကြီးခင်ထံမှယူထားသော တာဝန်အတွက် သိလိုသည့် ဗျို့ဝှက်အက္ခရာများ၏ အဖြေကို ကိုယ်၌ မကြံဆတတ်သေး၍



တစ်ခဏ်ခတ် နှစ်ချက်ပြတ် ဖြစ်နိုင်သော လမ်းစပေါ်ရာနောက်သို့ လိုက်ပြန်ကာ လုံ့လဝီရိယကြီးစွာဖြင့် ဆည်းပူးအားထုတ်သင်ကြားနေသည်။

ကျောက်သင်ပုန်းပေါ်၌ ၁-၂-၃-၄ စာမထွေးနှင့်ဟု ထရေးလိုက်ပြီးလျှင် ဆရာကြီးသည် ကုလားထိုင်ပေါ် ပြန်ထိုင်ကာ ဆေးတံ သောက်နေ၏။

သင်ပုန်းပေါ်က စာတန်းကို ငေးစိုက်ကာ ကျွန်မ သင်ယူရမည့် ပညာမှာ လွယ်ကူသောပညာမျိုးမဟုတ်ဘဲ သူ့အသက်ကို သေနိုင် ရှင်နိုင်သော ဆေးပညာအတတ်ဖြစ်၍ ဓာတ်ကို မနိုင်မပိုင်လျှင် လူသတ်သမားအဖြစ်နှင့် အပြစ်လွတ်မည် မဟုတ်ကြောင်းကို တွေးတော စဉ်းစားနေမိသည်။

ဆရာကြီးသည် ဆေးတံကို ဖွာရှိုက်ကာ ပါးဆောင်တွင် ခဲကိုက်လျက် 'အခုခေတ် ဆရာဝန်ဖြစ်ချင်ရင် ဆေးကျောင်းမှာ ဘယ်နှစ်နှစ်သင်ရသလဲ'ဟု မေး၏။

"၇-နှစ်လောက် သင်ရပါတယ်ဆရာ"ဟု ဖြေကြား လိုက်သည်။

"သည် ပညာကလဲ နှစ်ကြာကြာ ဆရာနဲ့သင်ပြီးမှ တတ်တဲ့ ပညာမျိုး၊ ရှေးတုန်းက ဇီဝကတို့လဲ တက္ကသိုလ်



ကျောင်းတက်ပြီး ဆရာ့ဆီမှာ သွားသင်ရတာ သည်ပညာပဲ၊ အခုတော့ ဆရာမှာ့ဘဲ ဆေးကျမ်းတွေကြည့် ဆေးကျမ်းထဲပါတဲ့ သင်္ဂြိုဟ်တွေကို အလွတ်ကျက်ပြီး ဆေးကုနေကြတယ်၊ သင်္ဂြိုဟ်တင်လို့ ဆေးကုတတ်မှဖြင့် သံဃာတော်တွေ ဆရာခေါ်စရာ မလိုတော့ပါဘူး၊ သင်္ဂြိုဟ်ထဲမှာလဲ ပွေးကိုင်း ၅၊ ဇာသီး ၂-ခဲ၊ စမ်းမျိုးငါးပါး ၄-ပဲစီ၊ အားလုံးအလေးချိန် မင်းကိုကာကဲ့လို့ ဆရာတော့ မတွေ့ဖူးပါဘူး၊ ဆေးကျမ်းတွေ များများထွက်တာ၊ ကာနာဂူမိုရာဆိုတဲ့ စာအုပ်ရောင်းစားတဲ့ ကုလားသာ ကျေးဇူးများပြီး အရင်ထဲမှာတော့ လူမမာများနေတယ်၊ ဆရာများရင် သားသေတယ်ဆိုတဲ့ စကားဟာ သွေးထွက်အောင် မှန်မနေဘူးလား၊ မမလေးကော ဆေးကျမ်းတွေ ဖတ်ဖူးခဲ့သလား"

ကျွန်မပြုံး၍ ခေါင်းညိတ်ကာ 'အနည်းအပါး ပါပဲဆရာ' ဟု ပြောလိုက်သည်။

"ဆေးကျမ်းတွေဟာ များသောအားဖြင့် အထက်သားတွေ အရေးများတယ်၊ ဒါကြောင့် ဆေးမြစ်တွေဟာ များသောအားဖြင့် အထက်အရပ်က အပင်တွေကိုသာ ရေးထားတာတွေရတယ်၊ ဥပမာ ကတက်ပင် ဆိုပါတော့၊ အညာက ကတက်မှ ပိုလို့ စွမ်းသလိုလို ပြောကြတယ်၊ အောက်အရပ်က ကတက်ပင်က ဆေးဘက်မဝင်

တော့ဘူးလား၊ ကျောက်ဖရုံသီးကို မီးသွေးနဲ့ထိတော့ ပုတ်သွားတာဟာ အထက်အရပ်က မီးသွေးနဲ့ထိမလား၊ အောက်အရပ်က မီးသွေးနဲ့ထိမလား၊ ထိချင်တဲ့ မီးသွေးနဲ့ထိ ပုတ်မှာပဲ”

ဆရာကြီးသည် ကုလားထိုင်မှထကာ ကျောက်သင်ပုန်းပေါ်တွင် မူလနှစ်ပါးဟု ရေးလိုက်၏။

## မူလနှစ်ပါး

၁

| | |
|---|---|
| အမည်ပညတ်အားဖြင့်-နေ၊ | ဂဏန်းအားဖြင့်-၁၊ |
| စာအားဖြင့်-တနင်္ဂနွေ၊ | ဓာတ်အားဖြင့်-ဥက္ကာတေဇော၊ |
| ဗျည်းအားဖြင့်-အ၊ | အရသာအားဖြင့်-အပူ၊ |

၂

အမည်ပညတ်အားဖြင့်-လ၊
စာအားဖြင့်-တနင်္လာ၊
ဂဏန်းအားဖြင့်-၂၊
ဓာတ်အားဖြင့်-အာပေါ၊
အရသာအားဖြင့်-အအေး၊





ကျောက်သင်ပုန်းကို လက်ညှိုးထိုးပြကာ 'မူလ ၂ ပါးရဲ့ ဂဏန်းတွေ ၁ နဲ့ ၂ မြင်ပလား'ဟု ပြော၍ ကျွန်မက လိုက်ကူးရေးရင်း ခေါင်းညိတ်လိုက်သည်။

“ရုပ်မှန်သမျှ အပူအအေးသာ ဖောက်ပြန်တယ်၊ အပူအအေး ၂ ပါးကြောင့် သတ္တဝါတွေ ဝေဒနာ ရကြတယ်၊ ကုဋ္ဌနူနာ၊ လိပ်ခေါင်းရောဂါ၊ အူအတက်ပေါက်ရောဂါ၊ ကျောက်ကပ်ထဲရေဝင်ရောဂါ၊ သွေးတိုး ရောဂါ၊ ခုလို ဒေါ်ဝေ နာမည်ပေးနေတဲ့ ရောဂါတွေဟာ မရှိဘူး၊ ကေန်စင်စစ်ရှိတာက အေးမှု ပူမှု ၂ ပါးက ဖောက်ပြန်နေတာကြောင့် ပူသည့်အနာနဲ့ အေးသည့် အနာပဲရှိတယ်”

ကျောက်သင်ပုန်းပေါ်က စာပိုဒ်များ၏ ၁-၂ အောက်တွင် ပူသည့်အနာက-၁၊ အေးသည့်အနာက-၂ ဟု ဖြည့်ရေးပြလိုက်သည်....

“မမလေး ၁ နဲ့ ၂ ကို ပိုင်းခြားဝေဖန်စိစစ်ပြီး သဘောအဓိပ္ပာယ်ကို အကျယ်တဝင့် အနုစိတ်သိအောင် သင်ယူကြိုးစား အားထုတ်ရင် ၃ နဲ့ ၄ ကို နားလည်ပြီး ဖြစ်သွားလိမ့်မယ်၊ ဒါကြောင့် ၁-၂-၃-၄ စာမထွေးနဲ့”

ကျွန်မရင်ထဲ၌ မျိုဝက်ထားသော အကွာရာတွေ အဖြေရှာဖို့ ရေးထက် ၁ နဲ့ ၂ ၏အဖြေ အကျယ်ကို အနုစိတ်ကာ အစင်



အကြယ် မှန်ကန်တိကျအောင် နားလည် တတ်သိဖို့ အရေးကပင် မလွယ်လှပါကလားဟု မှားစွာစိတ်အိုက်သွားတော့သည်။

ဂျာနယ်ကျော် ထုတ်ဝေသော ပုံနှိပ်လုပ်ငန်းက တစ်ဖက်၊ ကွမ်းရွှဲတန်းသွားကာ တဲကလေးထဲတွင် ဆေးကျောင်းတက်၍ ပညာသင်နေရသည်က တစ်ဖက်နှင့် မအားရသဖြင့် ကံတဲ့သို့ မရောက်တာ ကြာနေလေ၏။

တစ်နေ့တွင် ကံတဲ့သို့ ထွက်သွားလေသည်။

ကြီးကြီးခင်သည် ကျွန်မကို မြင်မြင်ချင်း မို့ရသောမျက်နှာဖြင့် ဆီး၍ကြိုရင်း ဝမ်းသာအားရ ပြောပြ၏။

“လှိုင်ရေ.... ညောင်လေးပင်က ရွှေကျင် ဆရာတော်ဘုရားဂုတ်မှာ အနာပေါက်လို့ ရန်ကုန်ကို ဆေးကုကြလာတယ်။ ဟိုဘက်က ဦးဘိုးထင်အိမ်ကလေးမှာပဲ ခဏပင့်ထားပြီး ဆေးကုနေရတယ်”

ကြီးကြီးခင်သည် ဆရာတော်ဘုရား ကြွလာ ဆေးကုခြင်းကို ဖွယ်ဖွယ်ရာရာ ဆွမ်းချက်ကပ်နေရသဖြင့် သူ့အကြိုက်တွေ့ကာ ဆွေ့ဆွေ့ခုန်လောက်အောင် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေလေ၏။



ရဟန်းသံဃာနှင့် နီးနီးနားနား ဆည်းကပ်ကိုးကွယ်ရခြင်းကို သူ့ဘဝတွင် စိတ်အချမ်းသာဆုံး ဖြစ်သေသည်။

ဆေးလာကုသောဆရာတော် အနာပျောက်ကင်းချမ်းသာ၍ ညောင်လေးပင် ပြန်ကြွမှာကို ပြန်မကြွစေရအဲ ညီမ ၂ ယောက် အတင်းတားကြ၏။

ဒေါ်ဒေါ်သည် အိမ်နှင့်မနီးမဝေး ကွက်လပ်မြေယာကြီးကို ဆိုင်ရာတွင် သာသနာ့မြေအဖြစ် ကြိုးစားပမ်းစား လျှောက်ထားကာ ၅ ရက်အတွင်း ကျောင်းဖြစ်အောင် ဆောက်ကြသည်၊

ညောင်လေးပင်ဆရာတော်ဘုရားအား 'တပည့်တော်မတို့ကို ချီးမြှင့်ပါဘုရား၊ ပြန်မကြွပါနှင့်'ဟု ပူဆာလျှောက်ထားချက်ကို ငဲ့ကွက်ကာ ညောင်လေးပင်သို့ ပြန်မကြွတော့ဘဲ ဆောက်ပေးသော ဝါးကျောင်းကလေးတွင် အတူပါလာသော ဦးပဇ္ဇင်း ၂ ပါးနှင့် ကျောင်းထိုင်လိုက်ရတော့၏။

ဆရာတော်ဘုရား ကံတဲ့တွင် အခြေစိုက်ကာ ကျောင်းထိုင်ပြီး မကြာမီ ကျွန်မလည်း ကံတဲ့သို့တစ်ခေါက် ညနေဘက် ရောက်သွားပြန်သည်။

မနက်မှပြန်ရန် ဒေါ်ဒေါ် အတင်းဆွဲထားသဖြင့် ကံတဲ့၌ ညဉ့်အိပ်ရလေသည်။

ည ၁ ချက်လောက်တွင် ဆူညံသံကြား၍ အိပ်ရာမှ လန့်နိုးသွားသည်။

ဒေါ်ဒေါ်နှင့် ကြီးကြီးခင်တို့မှာ အချိန်မတော်ထ၍ ရန်ဖြစ်နေကြ၏။

“အစောကြီးရှိသေးတယ်လို့ ပြောတဲ့ဥစ္စာ၊ ဒီအချိန်မျိုး တံခါးဖွင့်ဖွင့်ထွက်တာ ဘယ်တော့ အနုကြမ်းစီးခံရမလဲ၊ မသွားနဲ့ဦး၊ စောသေးတယ်”

ဒေါ်ဒေါ်၏အသံမှာ မာကျောလှသည်။

“ဘယ်စောရမလဲ မသိနိုင်ရယ်၊ ညနေက ဟင်းအိုးတွေ လုံးရုံပဲလုံးထားခဲ့တာ၊ မပြီးသေးဘူး၊ သွားမှချက်ရမှာ သွားရမယ်”

ဆူညံသံမစဲ၍ ခြင်ထောင်ထဲမှထွက်ခဲ့ကာ ‘ဒေါ်ဒေါ်တို့ ဘာဖြစ်နေတာလဲ’ဟု ဒေါ်ဒေါ်၏အိပ်ရာခြေရင်းက ရပ်မေးလိုက်သည်။

ကြီးကြီးခင်မှာ နောက်ဖေးဘက်သို့ ထွက်သွားသည်။

ဒေါ်ဒေါ်သည် အိပ်ရာထဲမှ ထ၍ အပြင် ထွက်လာကာ ‘ပြောလို့ဆိုလို့ မရဘူးလှိုင်ရယ်၊ ကျောင်းမှာ အရုဏ်ဆွမ်း



သွားချက်တာ စောပါသေးတယ်လို့ တားတာ မရဘူး၊ ညတိုင်း ဒီလိုပဲ အချိန်မဟုတ် အချိန်ဟုတ် ထထွက်သွားတာပဲ၊ အာရုဏ်တက်ဖို့ အများကြီးလိုသေးတယ်’ဟု မကျေမချမ်းသံဖြင့် ပြောဆို ဒေါပွနေ၏။

ကျွန်မမှာ ကြီးကြီးခင်၏ဘဝကို ‘သည်အတိုင်း မြင်ရမှာပဲ’ဟု တွေးတောကာ ကုလားထိုင်၌ အသာငြိမ်ထိုင်နေလိုက်သည်။

ကြီးကြီးခင်မှာ ကျောင်းဝေယျာဝစ္စက တိုးလာသဖြင့် ကျောင်းသို့သွားကာ အရုဏ်ဆွမ်းချက်ပေးရန် ရှိ၍ ဘုရားမီးများကို သန်းခေါင်ကျော်လောက်က ထွန်းပူဇော်ထားနှင့်လေသည်။

“ပေါက်ပွင့်....ပေါက်ပွင့်”

နောက်ဖေးမှ ကြီးကြီးခင်၏အသံကို ခပ်တိုးတိုး ကြားရသည်။

ဒေါ်ဒေါ် မွေးစားထားသည့်၉-နှစ်သားလောက်ရှိမည့် သူငယ်လေးကို ကျောင်းသွားဖို့ သူနှင့် အဖော်လိုက်ရန် နိုးနေခြင်းဖြစ်၏။

နောက်ဖေးဘက်သို့ ထသွားကာ ‘ဟုတ်သားပဲ ကြီးကြီးခင် စောပါသေးတယ်’ဟု သွားပြောမိသည်။



“မစောဘူးလှိုင်ရဲ့၊ သံဃာက ၃-ပါး၊ နောက် ကျောင်းသားတွေကရှိသေးတာ၊ သူဘာသိလို့လဲ၊ အရမ်းပြောနေတာ”

ကြီးကြီးခင်သည် မှောင်ထဲတွင် ခေါင်းကိုစမ်းဖြီးလျက် ဘီးစပတ်ကြီးပတ်လိုက်ကာ အရုဏ်မမီမှာကို ပူပန်သောဇောဖြင့် ကပျာကသီ အဝတ်လဲနေ၏။

အိမ်ထဲ၌ တစ်ယောက်တည်း ပျာယာခတ်လျှောက်သွားနေပြီးလျှင် မီးဖိုထဲဝင်လျက် ယူစရာကလေးတွေ ခြင်းတောင်းထဲ ယူဝင်ထည့်ကာ မီးဖိုလှေကားတံခါး ဖွင့်လိုက်သည်။

ကြီးကြီးခင်က ခြင်းတောင်းနှင့်ရှေ့က၊ ပေါက်ပွင့်က လက်ဆွဲ မီးအိမ်ကလေးဆွဲကာ နောက်က လိုက်လျက် လှေကားမှ ကမန်းကတန်း ဆင်းသွားကြလေသည်။

ကျွန်မသည် မီးဖိုတံခါးကို ပိတ်လိုက်ကာ အိမ်ရှေ့ ပြတင်းပေါက်သို့ သွား၍ သံတိုင်ကြားမှ ကြီးကြီးခင်တို့ကို ရပ်ကြည့်နေသည်။

အပြင်ဘက်တွင် မှောင်မည်းနေသည်။

လမ်းပေါ်က လူသံကြား၍ ခွေးတွေ ဝိုင်းဟောင်နေကြသည်။



တစ်အိမ်တစ်အိမ်မှထွက်၍ ဟောင်ကြသည့် ခွေးဟောင်သံတစီစီနှင့် မှောင်ထဲတွင် သုတ်သုတ် သုတ်သုတ် လျှောက်သွားကြသော ကြီးကြီးခင်တို့ ကွယ်ပျောက်သွားမှ ပြတင်းတံခါးကို ဆွဲပိတ်ကာ လေးလံစွာ ရင်ကို ပင့်၍ သက်ပြင်းကြီး ချလိုက်မိ၏။

ကံဘဲ့သို့လာတိုင်း ကြီးကြီးခင်သည် လျှို့ဝှက်အကျရာ အကြောင်းကို အစလုပ်၍ မေးလားစမ်းလားမလုပ်ဘဲ ဆိတ်ဆိတ်နေ၏။

ကျွန်မက စပြောမှသာ ဝမ်းသာအားရ ခေါင်းညိတ်လျက် ‘ကြိုးစားပါနော်....ကြိုးစားပါ’ဟု ဆိုတတ်၏။

နံနက် ၆-နာရီလောက် ကျောင်းကပြန်ခဲ့ကာ မီးဖိုထဲ တန်းဝင်သွားလျက် ကံဘဲ့ရှိ အခြားဘုန်းကြီးကျောင်းများအတွက် နေ့ဆွမ်းနှင့် အိမ်သားများ စားကြဖို့အတွက် ထမင်းဝင်ချက်နေပြန်၏။

ကျွန်မမှာ စကားပြောစရာရှိ၍ မီးဖိုထဲ လိုက်ပြောရသည်။

“ကြီးကြီးခင်၊ ကျွန်မ အခု ဆရာကြီးတစ်ယောက်ဆီမှာ ဆေးပညာသင်နေတယ်၊ ဆရာကြီးက ဓာတ်သဘောတွေ တော်တော်နားလည်တယ်၊ နီးတော့နီးစပ်တာပဲ”

ကျွန်မစကားမဆုံးခင် 'ကိုယ့်ဘာသာကိုယ်ကြံစည်နေ၊ဘယ်သူ့မှ ဒါကို သွားမမေးလိုက်ပါနဲ့နော်'ဟု ထိတ်ထိတ်ပျာပျာ ဝင်ပြောနေ၍ မျက်နှာကို စိမ့်စိမ့်ပြူးကြည့်လိုက်ကာ 'ကျွန်မက ကြီးကြီးခင်ထက် လုံသေးတယ်၊ စိတ်သာချ'ဟု ပြန်ပြောလိုက်သည်။

"ဆရာကြီး သခင်ကိုယ်တော်မှိုင်း ဆီကော ရောက်သေးသလား"ဟု စစ်မေး၍ကျွန်မက ဆရာကြီးအလိုရှိသော ငွေ ၃၀ဝိကို သွားပို့ရင်း ရောက်ခဲ့ကြောင်းနှင့် အင်္ဂလိပ်ပညာကို တစ်ခွန်း နှစ်ခွန်းလောက်သာ ဆွေးနွေး ကြည့်ရသေးကြောင်း ပြောပြလိုက်သည်။

"ကြီးကြီးခင်ကော ကြံစည်ကြည့်သေးသလား"

ကြီးကြီးခင်သည် ခေါင်းကို လေးလေးသာ ယမ်းနေကာ အဖြေ မပေးချေ။

"ဒီအက္ခရာဟာ ခေတ်တွေကို ပြောတာ ဖြစ်မှာပဲ ထင်တယ်၊ ဒီစကားလုံး ဖော်နိုင်ရင် ခေတ်ကို သိရမှာမျိုးနဲ့ တူတယ်"

"ခေတ်ကို ပြောတာ ဟုတ်မယ်ဲ မထင်ဘူး"ဟု ဆိုလိုက်၍ ကျွန်မမှာ ပက်လက်လန်သွားမလောက်ဖြစ်သွားကာ....



"နို့....ဘာကို ခေါ်ရမှာတုံး ကြီးကြီးခင်ရဲ့ ဒီအက္ခရာက ရတဲ့အဖြေနဲ့ ဆက် ထိုး ရမယ် ဆိုတော့ ကျွန်မက ခေတ်ပြောတာပဲ ထင်ပြီး ကြံဖန် အားထုတ်နေလိုက်ရတာ ခေတ်မဟုတ်လို့ ဘာကို ကြံပေးရမှာလဲ ကြီးကြီးခင်ရဲ့"

"ဆရာတော်ဘုရားရဲ့ စာအရဆိုရင် 'ခေတ်'ရှာဖို့ ပြောတာတော့ ဟုတ်မယ် မထင်ဘူး၊ ဒီအခြေအနေ ရောက်အောင် ခေတ်တွေနဲ့ ထိုးလာပြီးသားပဲ၊ ဒီပြင် ပစ္စည်းများလား မဆိုနိုင်ဘူး၊ ကြီးကြီးခင်လဲ မဇာ္ဘူးတာဘူး လွှိုင်ရယ်"

ကြီးကြီးခင်မှာ ကာယကံရှင်၏ စာကို ဆုပ်ထားသူ ဖြစ်၍ သူက ကျွန်မထက် ပို၍ တွေးဆနိုင်စရာ လမ်းရှိသည်။

အဖြေ မှန် မမှန် သူ့လက်ထဲတွင်ရှိ၍ ဒါကိုလည်း မပြောနိုင်ဘူးဟု ငြင်းခဲ့သဖြင့် ခေတ်ပစ္စည်း ဟုတ် မဟုတ်ကို သူက ကျွန်မထက် ပိုသိနိုင်ပေလိမ့်မည်။

အကယ်၍ ကျွန်မသာ မှန် မမှန် ပြမည့် အဖြေကို ကြိုတင်သိထားခွင့် ရပါက ခုလောက် ခဲခဲယဉ်းယဉ်း ငုံထား နေရမည် မဟုတ်ဟု ထင်မိသည်။



မှန် မမှန် ပြမည့်အဖြေကို သိလျက်နှင့်မကြံတတ်နေခြင်းသည် အလွန် အခံရခက်စရာ ကောင်းပေမည်။

အဖြေကို မည်မျှသိချင်ရှာမည်နည်း။

ကိုယ်တိုင်လည်း မကြံနိုင် ဘေးက ကြံဖန်ပေးရန်လည်း သည်အတိုင်းဆိုလျှင် ခဲယဉ်းနေ၏။

ကြီးကြီးခင် လည်ပင်းထဲက ခေတ်လုံးအခြေအနေမျိုးရောက်အောင် ကိုယ်တိုင် အင်္ဂလိပ် ထိုးရတော့မတတ် ဖြစ်ကာ ၊ခေတ်လုံးချင်း တူညီလာသည့် အခြေအနေမျိုး ရောက်မှ ရှေ့ဆက်ရမည့် ခရီးတစ်ထစ်ကို ဖော်ကောင်း ဖော်နိုင်လိမ့်မည့်အဖြစ်မျိုး ဖြစ်နေတော့၏။

မတွေးနိုင် မအန်နိုင် ဖြစ်နေရှာသော ကြီးကြီးခင်၏ဘဝကို ကျွန်မရင်ထဲ၌ ပြောဖွယ်ရာ မရှိအောင် သနား ကြင်နာ သွားမိသည်။

ခေတ်ပစ္စည်း ဟုတ်ဘူးဆိုလိုက်၍ အဖြေနှင့် ဝေးသထက် ဝေးသွားကာ ရှေ့ဆက် ကြံဆပေးရန် စိတ်အား လျော့ကျသွားမိသည်။

"ခေတ်တွေ မဟုတ်ဘူးဆိုတော့ အဖြေရှာဖို့ ခက်သားပဲ ကြီးကြီးခင်၊ အက္ခရာတွေ ဆိုတာကတော့ ရှိကြတာပဲ၊



ဗေဒင်ပညာမှာလဲ အက္ခရာနဲ့ဂဏန်း ရှိတာပဲ၊ဆေးပညာမှာလဲ အက္ခရာနဲ့ ဂဏန်း ရှိတာပဲ၊ အင်္ဂလိပ်မှာလဲ အက္ခရာနဲ့ ဂဏန်းပဲ၊ အင်းအိုင်ခလဲ့ လက်ဖွဲ့တို့မှာလဲ ဒီ အက္ခရာနဲ့ ဂဏန်းတွေချည်းပဲ၊ ဗျည်းတွေရဲ့ ဆိုလိုချင်တဲ့ အဓိပ္ပာယ် တောက်ဖို့က ဉာဏ်မီသလောက် ကြံစည်ကြည့်တော့ အင်္ဂလိပ်နယ်ပယ်ထဲမှာ အသုံးချဖို့ပြထားတဲ့ အက္ခရာဟာ ဘော်တို့၊ ဟင်းရိုင်းတို့၊ ဆေးဒန်းတို့၊ ဒီလို ခေတ်မျိုးတွေထဲက ကောက်ယူဖို့ ပြဘာပဲလို့ ထင်လိုက်မိတယ်။ မဟုက်ဘူးဆိုရင် ကျွန်မ အားထုတ်ခဲ့တာတွေ တက်တက်စင် လွဲနေတာပေါ့"

ကျွန်မက ပြောပြီး စိတ်ပျက်စွာ ငေး၍ နေ၏။

ကြီးကြီးခင်သည် ချဉ်ပေါင်ရွက်များကို ဇလုံထဲသို့ ခြွေချနေရင်း စိတ်က တခြားရောက်ကာ တွေးတောနေသလို ရှိပြီး....

"ခေတ်တော့ မဟုတ်ဘူး လှိုင်ရဲ့၊ သူ့ကို နောက်ဆုံး ကျွေးရတဲ့ အစာပဲ၊ အဲ့ဒီအစာကို သူနဲ့ လုံထဲ ထည့်ပြီး ကျွေး လိုက် ရ မှာ၊ ခေတ်မဟုတ်ဘဲ ဒီပြင် ဘာများ ကောက်ယူနိုင်သေးသလဲလို့ ကြံစမ်းပါ၊ဒီပြင်ဟာ ကြံပါ လှိုင်ရယ်၊ ဖြစ်လာမှာပါ"

ကံဘဲ့မှ ပြန်လာခဲ့ပြီးနောက် ကျွန်မမှာ ပြောင်းလဲသွားလေသည်။

ရှေးကလောက် စိတ်အား ထက်သန်ခြင်း မဖြစ်တော့ဘဲ၊ ဘာအဓိပ္ပာယ်များပါလိမ့်ဟုသာ သတိရရုံ တွေးမိကာ ပျောက်သွားလေသည်။

တာဝန် ဝတ္တရားကြီးတစ်ခု မရမနေ ကြိုးစားချင်သော ဆန္ဒမှာလည်း အေးသွားကာ အားထုတ်ချင်သော လုံ့လလည်း လျော့သွားသည်။

သို့ရာတွင် စွဲလမ်းထားသော လျှို့ဝှက် အက္ခရာကား မေ့ပျောက်ခြင်း မရှိဘဲ ဆရာကြီးထံ၌ ပညာသင်ယူနေသည့် အချိန်အတောအတွင်း၌ အက္ခရာများနှင့် ပက်သက်၍ ရှင်းလင်း သင်ကြားနေလျှင် လျှို့ဝှက် အက္ခရာတွေကို သွား၍ သတိရလိုက်ကာ ပျောက်နေရာမှ ပြန်ပေါ်လာတတ်သည်။

တစ်နေ့ ဆရာ့ထံ၌ ပညာ သင်ကြားနေစဉ် ဆရာကြီးသည် ကမ္ဘာ့တံဆိပ် ဖြစ်သော ထူးဆန်းသော ဗျည်း ဗ်အက္ခရာများကို စပ်မိသလို လျှောက်ပြောပြသွားသည်။

"လှုပ်ရှဲချက်မှာ ဝတံဆိပ် ခတ်နှိပ်လျက် ပါရှိတယ်၊ ခတ်အားဖြင့် ပထဝီခတ်၊ ခြေထောက် နှစ်ချောင်းရှိပြီး လယ်ကွင်းထဲမှာ ကျင်းနဲ့နေတဲ့ လယ်ပုစွန်လုံးရဲ့ကျောကုန်းပေါ်မှာ ပထက်ချက် တံဆိပ် ခတ်နှိပ် ပါရှိတယ်၊ ခတ်အားဖြင့် အာပေါခတ်၊ ဥခေါင်းငှက်ရဲ့ အမြီး အတောင်မှာ ဓအောက်ချက် တံဆိပ် ခတ်နှိပ်ပြီး ပါရှိတယ်၊ ခတ်အားဖြင့် တေဇောခတ်၊ ငါးရံ့ရဲ့ အမြီးမှာ စလုံးတံဆိပ် ခတ်နှိပ်ပြီး ပါရှိတယ်၊ ခတ်အားဖြင့် ဝါယောခတ်၊ သဏ္ဌာဝါ လေးမျိုး ခတ်လေးပါးကို မှတ်ထား"

ကျွန်မ ခေါင်းထဲ၌ သိုထားသော လျှို့ဝှက် အက္ခရာများ ဘားခနဲ ပေါ်လာကာ ကိုယ်မသိမမြင်နိုင်သည့် အနက်အဓိပ္ပာယ်ကို ဟိုနည်း သည်နည်းဖြင့် ကြံဆ တွေးတော ငေးငိုင်နေမိသည်။

* * *

၁၀

လှပသော နံနက်ခင်း ဖြစ်သည်။

ကောင်းကင်မှ ထွက်ပြူစနေရောင်သည် ပူနွေးနေ၏။

ကံဘဲ့ အုတ်နီလမ်းဘေးရှိ ကုန်းမြင့်ပေါ်၌ မြကဲ့သို့ စိမ်းညို့နေသော အညွန့်အခက်များ အုပ်ဝေနေသည့် သစ်ပင်များသည် စိုလျက် ပျိုလျက် အရောင်ထွက်လျက် နေကြ၏။

ပတ်ဝန်းကျင် တစ်ရပ်လုံး ဆိတ်ငြိမ် အေးချမ်းစွာဖြင့် ရိုးရိုးကလေး ရှိနေခြင်းပင် သာယာ တင့်တယ်နေသည်။

ကျွန်မသည် မှန်ခုံရှေ့၌ ရပ်ကာ မှန်ခုံအနောက်ရှိ ပြတင်းပေါက်မှ နံနက်ဦး ငြိမ်ဝပ်စွာ လှပ ဖူးလင်းနေသော ကံဘဲ့ ရပ်ကွက်၏ ရှုခင်းကို လှမ်းမျှော်ကြည့်နေမိသည်။

"လှိုင်ရေ....မြန်မြန်လုပ်၊ ကျောင်းမှာ တချို့ ဧည့်သည် တွေတောင် လာနေကြပြီတဲ့၊ ဒေါ်ဒေါ် သွားနှင့်မယ်"

ဒေါ်ဒေါ်သည် ဖြီးလိမ်း ဝတ်စားပြီးနေပြီ။

ခေါင်းတွင် ဘီးစပတ်ပုံ ပုံ ကလေးပတ်ထိုးထားလျက် ဆံထုံး ပေါ်၌ အုပ်ထားသော ပိုက်လေးမှာ သပ်သပ်ရပ်ရပ် ပီ နေသည်။

ပခုံးမှာ အင်္ကျီ အဖြူတွင် ဆီးဖြူသီးလုံးလောက် ရှိမည် နီညို ရောင် ပယင်းကြယ်သီး အလုံးကြီးကြီးကို တပ်လျက် ဇင်းမယ် လုံချည် ဝတ်ထားသည်။

အရပ် အလုံးမှာ အပျိုကလေး ကိုယ်လုံးပင် သေးသေး ပြတ်ပြတ်နှင့် နုလည်း နုသည်။

ပျိုလည်း ပျိုနေသေးသည်။

အသက် ၅၀-ရွယ် အမယ်ကြီးမျိုးနှင့် မတူ။

ဇင်းမယ် လုံချည်စကို ပေါင်ကနေ ဆုပ်ကိုင်၍ အခန်းထဲမှ လျှင်လျှင် မြန်မြန် လှမ်းကာ ရွှရွလေး နင်း ထွက် သွား ပုံကို နောက်ကနေ ကြည့်လျက်....





"ဒေါ်ဒေါ်က သိပ်ကြည့်ကောင်းတာပဲ၊ သွားနှင့်ပါ၊ လာခဲ့မယ်"ဟု လှည့်ပြောလိုက်သည်။

ရယ်မောသွားသော ဒေါ်ဒေါ်၏ ကြည်လင်သော အသံ သည် တစ်ကိုယ်လုံးသို့ ပျံ့နှံ့၍ သွား၏။

ဒေါ်ဒေါ်၏ ကိုယ်မှ မွှေးနေသော ရေမွှေးနံ့သည် အခန်း ထဲတွင် ထုံသင်း ကျန်ရစ်ခဲ့သည်။

ယနေ့နံနက် မေဗိနီ တောရကျောင်းကလေး၌ ကထိန်ပွဲရှိ၍ ကျွန်မမှာ ကံဘဲ့သို့ ညဘက် လာအိပ်ရသည်။

ကြီးကြီးခင်သည် ယားလို့မှ မကုတ်အားအောင် အလုပ် များနေလေ၏။

ရဟန်းသံဃာများအတွက် အရုဏ်ဆွမ်း နေ့ဆွမ်းနှင့် ကထိန် ပွဲသို့ လာသမျှ ပရိသတ် ကျွေးမွေးဧည့်ခံရန် အုန်းနို့ခေါက်ဆွဲ စီစဉ်ကာ အလှူအတွက် အားလုံး စားမှု သောက်မှု တာဝန် တွေကို တစ်ယောက်တည်း ကျုံးလုပ်နေရှာသည်။

ညကလည်း အိမ်၏ တစ်ဖက် ဦးဘိုးထင်၏ ခြံကလေးထဲမှ ပိန္နဲပင်တွင် လက်ဆွဲဓာတ်မီးများ ချိတ်လျက် ဟင်းလျာအိုးများ တစ်အိုးပြီး တစ်အိုး တစ်ညလုံးလိုလို ချက်နေပေသည်။



"ကြီးကြီးခင် မမောသေးဘူးလား၊ အိပ်ပါဦးတော့"ဟု အိမ်ပေါ်မှ လှမ်းအော် ပြောလိုက်ရာ....

"မမောပါဘူး လှိုင်ရေ...၊ အိပ်ပါ၊ အုန်းသီးတွေက မနည်းဘူး ခြစ်ရဦးမှာ၊ ခေါက်ဆွဲဟင်းကတော့ ပထမ တန်နိုပဲ"ဟု အားရပါးရ အော်ပြောနေသည်။

အစာလည်း မစားဘဲ သည်လောက် အပင်ပန်း ခံနိုင်တာ မတွေ့ဖူး၍ သူက မမောဘဲ သူ့ကိုမြင်သူတိုင်းကပင် မောသွား ကြတတ်၏။

ကျွန်မမှာ ဒေါ်ဒေါ် လောသွား၍ ကပျာကယာ ဖြီးလိမ်း ဝတ်စားရကာ ကျောင်းသို့ ထွက်လာခဲ့သည်။

ကျယ်ဝန်းသော ကျောင်းဝင်းကြီးထဲ၌ ဆွမ်းစား ဇရပ် တစ်လုံးနှင့် ဆရာတော်နေသော ကျုံထရံ ဝါးကျောင်းကလေး သာ ရှိသည်။

ကြီးကြီးခင် စိုက်ထားသော သရက်ပင် ပိန္နဲပင်တို့မှာ ဝင်း ထဲတွင် ပင်ပေါက် ပင်ပျိုကလေးတွေသာ ရှိကြသေး၍ အရိပ် အာဝါသ နည်းနေလေသည်။

ငှက်ပျော၊ မာလကာ၊ ကင်မွန်း၊ ဓန့်ဒလွန် စသည့် စားပင် သောက်ပင်တို့ကား တစ်ထွာ တစ်တောင်လောက် ရှိနေကာ ကြီးလျှင် ပြိုင်တူ ကြီးလာကြမည့် လက္ခဏာရှိသည်။



နောက်သုံးနှစ်လောက်ဆိုလျှင် သည်ကျောင်းတော့ သာသာ ယာယာ ရှိမှာပဲဟု ပင်ပျိုပင်ပေါက်ကလေးတွေကို စိတ်ကူးဖြင့် ကြီးထွား ဖန်ဆင်းကြည့်မိသည်။

မြေကွက်လပ်တွင် ရွက်ထည်ရှည်မိုးလျက် ဧည့်သည်များ ဧည့်ခံ ရန် စားပွဲ ကုလားထိုင်များ ခင်းကျင်း ပြင်ဆင်ထားလေသည်။

ဧည့်သည်များ အချို့ရောက်ကာ ထိုင်နေကြသည်။

ကျွန်မသည် ဆွမ်းစား ဇရပ်ထဲသို့ တန်းဝင်သွားကာ ကြီး ကြီးခင်ကို ရှာလေ၏။

မီးခိုးများ ခိုးလွှန်း၍ မျက်ရည်တွေ ကျနေကာ ချွေးတလုံး လုံး ဖြစ်နေသော ကြီးကြီးခင်ကို မီးဖိုနား၌ တွေ့ရသည်။

ဖိုပေါ်ရှိ ဟင်းအိုးကြီးထဲသို့ စိတ်ကူးရသလို အဆာတွေ တစ်မျိုးပြီးတစ်မျိုး ပစ်ထည့်ကာ မွှေချက်နေသည်။

"လှိုင်....သွားလေ၊ ဒီမှာ မီးခိုးတယ်၊ အပြင်ထွက်၊ အရုဏ် ဆွမ်း ပြီးလို့ ဟင်းပွဲတွေ ဇရပ်ပေါ်မှာ ရှိတယ်၊ ဆာရင် အဆာပြေလေးလေ စားလိုက်ပါလား"

ကျွန်မလည်း မီးဖိုနားတွင် ထိုင်ချကာ ကြီးကြီးခင်ကို ပြုံး ကြည့်နေသည်။

ကြွေရည်သုတ် ဟင်းခတ်ဇွန်းကြီးဖြင့် ဟင်းရေများကို အိုးထဲမှ ခတ်ယူလျက်....

"ငြိမ်းစမ်းပါလိုင်....၊ အပေါ် အင်း ဘယ့်နှယ်လဲ.... ကောင်းရဲ့လား"

ဟု လာမေး၍ အနည်းငယ်မှတ်သောက်လိုက်ပြီး 'မမြည်းဘဲနဲ့ ချက်တဲ့ဟင်းက အစပ်တဲ့လိုက်တာ ကြီးကြီးခင်ရယ်၊ ကောင်းတာမှ ပထမတန်းပဲ'ဟု ပြောလိုက်သည်။

ကြီးကြီးခင်သည် နှစ်နှစ်ခြိုက်ခြိုက် ရယ်နေလေ၏။

ချိုနေသောမျက်နှာဖြင့် ရွှန်းရွှန်းစားစားကြည့်ကာ 'သံဃာတော်တွေ ဆွမ်းဘုဉ်းပေးတာ အားရစရာ ကောင်းလိုက်တာ လိုင်ရယ်၊ အရှက်တက်က လာကြည့်ပါတော့ ဟင်းတွေကောင်းလွန်းလို့ ဘုဉ်းပေးလိုက်ကြတာ မြိန်စရာကြီး'ဟု ပလုတ်ပလောင်း ပြောပြနေသည်။

"သံဃာဘယ်နှစ်ပါးရှိသွားပြီလဲ ကြီးကြီးခင်"

"အခုလား၊ ၁၂-ပါးလောက်ဖြစ်လာပြီ၊ ကြည့်ပါ လိုင်ရယ်၊ နောက် လေးငါးနှစ်ကြာရင်ကြည့်ပါ၊ ဒီဝင်းကြီးထဲမှာ ကျောင်းတိုက်တွေပြည့်လာမှာပဲ၊ သံဃာတွေလဲ များလာမှာပဲ၊ ဆွမ်းစရိတ် လစဉ် လိုက်အလှူခံတာ





တစ်လ ၃၀၀-လောက်ရနေပြီ၊ ပရိယတ္တိ သာသနာ ပြန့်ပွားအောင် ဆရာတော်က သိပ်အားထုတ်တာ ဖြစ်လာမယ်....ဖြစ်လာမယ်....သိပ်စည်ကားလာမယ်"

ကျွန်မမှာ ကြီးကြီးခင် မြိန်ရေရှက်ရေ ပြောနေပုံကို စိုက်ကြည့်ကာ ကြီးကြီးခင်ပြောသည့်အတိုင်း ကျောင်းတွေ သံဃာ တိုးလာခဲ့ရင် ကြီးကြီးခင် ဘယ်လောက်ပင်ပန်းလိုက်မလဲ တွေးနေမိသည်။

"ကြီးကြီးခင် စိုက်ထားတဲ့ သစ်ပင်တွေ ပြီးတော့ လျှောက်ကြည့်စမ်းပါ၊ အုန်း၊ မန်းပင်တွေလဲ အားကြီးပွင့်တာပဲ၊ ဘုံဘိုင်နဲ့ ရေသွယ်လို့ရတော့ အပင်တွေ သိပ်သန်လာတာပဲတဲ့။ လူတိုင်း သဒ္ဓါတရားဖြစ်ပါတယ် လိုင်ရယ်၊ လိုတာလှူသွားတာပဲ"

ကျောင်းက ဘုန်းကြီးကို မပြောနှင့် ကျောင်းရောက်သည့်သူ ကြီးကြီးခင်ကို မြင်တာနှင့် သဒ္ဓါတရား ဖြစ်စရာကောင်းသည်။

သိုလ်ရေး ကောင်းမှုရေးအတွက် စိတ်အားတက်စရာ ကောင်းလှသည်။



သဒ္ဓါတရားထက်သန်ကြ၍ သံဃာတော်များအတွက် အရက် ဆွမ်းတစ်နပ်ကပ်လှူမည့် ဒကာပေါ်လျှင် ကြီးကြီးခင်မှာ ထခုန်မတတ် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေလေ၏။

ဆွမ်းကပ်လိုသည့် ဒကာ ဒကာမကိုယ်တိုင် လာချက်ပြုတ်၍ ကပ်နေစရာမလိုပဲ ကြီးကြီးခင်လက်ထဲသာ သံဃာကုန် ဆွမ်းတစ်နပ်အတွက် ကုန်ကျမည့်စရိတ်ကို သဒ္ဓါတရားရှိသလောက် ပေးလှူသွားရုံပင် ဖြစ်သည်။

ကြီးကြီးခင်သည် လာသမျှ အလှူရှင်အတွက် သူက ဒိုင်ခံ ချက်ပေးလေ၏။

နံနက်အရုဏ်ကျမှ လာ၍ ကပ်လှူရန် အဆင်သင့် လုပ်ပေးထား၏။

ဆွမ်းတစ်နပ်စာ ဝင်ခုသည့်အတွက် ဆွမ်းစရိတ်အလှူငွေထဲမှ တစ်နေ့အတွက် သက်သာသွားသဖြင့် လှူသူတန်းသူတို့ ပေါ်များလေလေ ကြည်နူးဝမ်းသာ၍မဆုံးလေ ဖြစ်နေလေသည်။

ထုံးစံအတိုင်းပင် ဒေါ်ဒေါ်နှင့် ကြီးကြီးမှာ တကျက်ကျက် ရန်ဖြစ်ကြသည်။

ဒေါ်ဒေါ်မှာ သံဃာများအတွက် ဆွမ်းစရိတ်ရရန် ကိုယ်ကိုင် လည်ကောက် အလှူခံခြင်းကို ပင်ပန်းလှ၍ ကြည့်ရှုသုံးနေ



တဖွဖွပြောနေသည့်ကြားထဲမှ ကြီးကြီးခင်က ကျောင်းကနေပြီး ကုန်ကုန်ခန်းခန်း ဝိုးပေါလအောချည်း လုပ်နေသဖြင့် မျက်နှာချင်း ဆိုင်တာနှင့် ရန်ဖြစ်ကြသည်။

"ကြည့်လုပ်ပါဦး မစိန်ခင်ရဲ့၊ ဆီတွေကလဲ သုံးလိုက်တာ အရမ်းပဲ၊ တော်ရုံမဟုတ်ဘူး၊ အလှူငွေ ပြတ်သွားတိုင်း စိုက်ရတာချည်းပဲ၊ စိုက်ရတာကထားပါတော့၊ ကုန်သင့်မှ ကုန်ပါစေ"

"ကုန်ရင် ဖြစ်လာမှာပေါ့၊ ဖြစ်ဖြစ်သာဘာပဲ မဟုတ်လား"

ဒေါ်ဒေါ်သည် သည်းမခံနိုင်လောက်အောင် ဖြင်သွားကာ သည်လိုပြောရမလားဟု နှင်းကန် ဆူပွက်နေသည်။

ကျွန်မမှာ ဟင်းအိုးနားတွင် မီးခိုးလွန်း၍ ဇရပ်၏ နောက်ဖေးကပြင်ပေါ်သို့ တက်ရှောင်လိုက်ကာ 'ကြီးကြီးခင် အခု အိမ်ကို မိုးချုပ်မှ ပြန်တယ်ဆို'ဟု လှမ်းမေးလိုက်သည်။

"အင်းလေ ... ခုတော့ မနက်အိမ်က ၃-နာရီလောက် ထလာပြီး မိုးချုပ်မှပဲပြန်တော့တယ်၊ တယ်နားမှတယ် လှိုင်ရယ်၊ မသိန်းဟာ ကြီးကြီးခင်ကို မြင်တာနဲ့ ဆူတာ ပဲ၊ ဒီမှာ ...

အရက်ကပ်ပြီး တစ်ခါ နေ့ဆွမ်းကပ်၊ နေ့လယ် သံဃာတွေ စားချနေတဲ့အချိန် ကြီးကြီးခင်က ခြံထဲမှာ သစ်ပင်တွေ လျှောက်စိုက်နေပြီး ညနေကျပြန်တော့ မနက်အရက်ဆွမ်းဟင်းအတွက် စုစု ဈေးက ဝယ်ပို့လိုက်တဲ့ ဟင်းရံတွေကို အကုန်ချက်ပြုတ်ထားခဲ့ပြီး မှောင်မှ အိမ်ပြန်အိပ်တာပဲ"

"ကြီးကြီးခင် ဒါနဲ့ပဲ အချိန်ကုန်မှာပါပဲ"

ဟု ကျွန်မက ညည်းလိုက်မိသည်။

ကြီးကြီးခင်သည် လက်မလည်အောင် လုပ်နေရင်းပင် ပြန်ပြောသည်။

"အချိန်မရောက်သေးလို့ပေါ့ လှိုင်ရယ်၊ အချိန်ရောက်တော့လဲ အင်း....ဒီလိုပေါ့၊ လှိုင်ကော ကြံစည်လို့မရသေးဘူးလား"

ကျွန်မက ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

ကြီးကြီးခင်အဖြစ်ကိုလည်း ရယ်ချင်၏။

ကျွန်မအဖြစ်ကိုလည်း ရယ်ချင်၏။



ကြီးကြီးခင်၏ အလိုဆန္ဒကိုဖြည့်လိုသည့် စေတနာအကြောင်းပြု၍ ကျွန်မအလိုဆန္ဒ အလိုလိုသွားပြည့်ကာ ဆေးပညာကျင့်စဉ်း အထောက်ပေါက်နေသော အခြေအနေသို့ ရောက်နေပြီး လောကဥ္စ အကျိုးတရား အကြောင်းတရားများသည် ဆန်းကြယ်စွာ ဆက်စပ်နေတာ ကျွန်မဘဝတွင် သင်ခန်းစာ အမျိုးမျိုးရလှက် အထူးအဆန်းကြီး ကြုံတွေ့နေရသည်။

"ကြံလို့ မရသေးပါဘူး ကြီးကြီးခင်ရယ်၊ ကျွန်မ အခုသင်နေတဲ့ ပညာက တစ်နေ့ ကြံလို့ရအောင် ပို့ပေးမှာပါပဲ၊ အချိန်ကာလသာ ကြာချင်ကြာမယ်၊ တစ်နေ့အဖြေတော့ရမှာပဲ၊ အလုပ်ကလဲ မအားဘူး ကြီးကြီးခင်ရဲ့၊ ပုံနှိပ်လုပ်ငန်းကတစ်မျိုး၊ ပညာသင်ရတာကလဲ တစ်မျိုး၊ ဒါကြောင့်လဲ မရောက်တာ"

ကြီးကြီးခင်သည် သူ့အလုပ်ကို ချလျက် ကျွန်မအနားသို့ လာကာ 'လှိုင်ပြောသွားတာလေ သိပ်မှန်တာပဲ၊ ကြီးကြီးခင် နှင်းဆီပင်တွေ ဝါးလုံးထောက်ပေးတာ သိပ်သန်လာတာပဲ၊ ပိန္နဲပင်တွေလဲ လှိုင်ပြောသလို ခဲတွေစုပုံလိုက်တာပဲ၊ ကြီးစားသင်ပါ လှိုင်ရယ်၊ လှိုင် တစ်နေ့ ဓာတ်ဆရာဖြစ်မှာမုချပဲ'ဟု လာပြော၍ ကျွန်မလည်း အတောမသတ် ရယ်မောကာ ညှော်ခံရမည့်အတွက် နေရာမှသလာခဲ့၏။

ဤသို့ဖြင့် တစ်နှစ်ကုန်၍ တန်ဆောင်မုန်းသို့ ရောက်လာတိုင်း ကံဘဲ့ တွင် ကထိန်ခင်းသော အလှူလုပ်နေ၏။



အလှူဘယ်နှစ်ကြိမ်မြောက် ဟူသော ကထိန်ဖိတ်စာများ နှစ်တိုင်း ရိုက်နှိပ်ကမ်းဝေခဲ့သည်။

တနှစ်က မုန့်ဟင်းခါး၊ တစ်နှစ်က ကြာဇံကြီးခေါက်ဆွဲ၊ တစ်နှစ်က ကြက်သားပလာတာ၊ ရေခဲမုန့် စသည့်အားဖြင့် လူတွေ ပြောစမှတ်ပြုလောက်အောင် အရသာရှိရှိ ကျွေးမွေးညှော်ခံကာ နှစ်စဉ်မပျက် မြိုင်မြိုင်ဆိုင်ဆိုင်ကြီး ၊ လှူဒါန်းလာနိုင်ခဲ့ကြလေသည်။

ကြီးကြီးခင် ပြောသည့် အတိုင်း ပင် ၃-၄ နှစ်ရှိသည်နှင့် ကျောင်းဝင်းကြီးထဲတွင် ကျောင်းဆောင်တွေ တစ်ဆောင်ပြီး တစ်ဆောင် တိုးချဲ့ဆောက်လာရ၏။

သံဃာတော်တွေကား အပါး ၆၀-ကျော် ရောက်လာ စာသင်နေကြ၏။

စာပြန်ပွဲများတွင် မေဓါဝီကျောင်းက ဆွတ်ခူးသော အောင်ပွဲစာရင်းများမှာ နှစ်စဉ် တိုးတက်လျက်သာရှိနေသည်။

ကြီးကြီးခင်မှာ ညအိပ်အိမ်ပြန်ခြင်းမရှိတော့ဘဲ ဓါတ်ဓါတ်၏အဆွေအမျိုးလှူတော်အောင် နားအေးပါးအေး ဆွမ်း စား ဇရပ်သို့ အပြီး ပြောင်း ရွှေ့နေတော့ကာ ကျောင်းကပ္ပိယမကြီးအဖြစ် ဆွမ်းချက်ကျွေးနေတော့၏။



သံဃာ ၆၀-ကျော်အတွက် ည ၂-နာရီက ထ၍ ဆွမ်းချက်ရ၏။

ဆွမ်းအိုးဟင်းအိုးကြီးလာ၍ ဦးပဉ္ဇင်း ကိုရင်များက ဝိုင်းကူလုပ်ပေးကြရသည်။

ကျောင်းဝင်းထဲ၌ ကိုယ်တိုင် စိုက်ပျိုးထားသော သစ်ပင်ပန်းပင်တွေကား စိမ်းလန်းအုပ်ဝေနေကာ စားပင်သောက်ပင်များပါ စုံလင်စွာစိုက်ထားသည့်အတွက် အဝယ်ရပင် သက်သာလာတော့သည်။

နေ့စဉ်နှင့်အမျှ ပင်ပန်းကြီးစွာ မီးဖိုထဲဝင်နေငြားလည်း မောသည် ပန်းသည်မရှိ၊ ရုပ်ဆင်းမကျ၊ တစ်နှစ်လာလည်း သည်လိုပဲ၊ တစ်နှစ်လာလည်း သည်လိုပဲဟု လူတိုင်းပါးစပ်များက ပြောလာကြသည်။

ကြီးကြီးခင် နေမကောင်းဘူးဟူသော သတင်းစကားမှာ နားမှလေသံပင် မကြားစဖူးကြအောင် ကျန်းမာရေး ပြည့်စုံသဖြင့် နီးစပ်သူတိုင်းကပင် 'ကြီးကြီးခင် အစာလဲမစားဘူး၊ မကျန်းမမာလဲ မဖြစ်ဘူး၊ ပင်ပန်းလဲ ခံနိုင်တယ်၊ ဆေးကောင်းတော့ ရှိပြီထင်တယ်'ဟု ရယ်စရာ နောက်ပြောင် ပြောဆို နှုတ်ဆက်တတ်ကြသည်။

အတွင်းသိ အစင်းသိသူတို့က 'ခေါက်လုံးတန်ခိုး'ဟု နောက်ပြောင် ပြောကြသည်။

ကြီးကြီးခင်လည်းပင်းထဲ၌ ခေါက်လုံးရှိသည်ဆိုသော သတင်းမှာ ဒေါ်ဒေါ်နှင့်စုစုတို့မှတစ်ဆင့် တစ်စတစ်စ သိရှိ ရိပ်မိလာကြကာ အဆင့်ဆင့် ပြန့်ပွားကုန်သောကြောင့် နီးစပ်သူတိုင်း သိလာကြသည်။

ကျွန်မမှာ ခေါက်လုံးအကြောင်း လူသိ သူသိ များနေသဖြင့် ကြီးကြီးခင်နှင့်တွေ့တိုင်း 'သတိထားနော် ကြီးကြီးခင်၊ လူသိတိုင်း ကောင်းတာမဟုတ်ဘူး'ဟု ပြောမိသည်။

"သိတာသိတာပါ၊ မပြုပါဘူး"

ဟု ပြောသော်လည်း ကျွန်မကို ပြုဖူးသောထုံးကိုထောက်ရှုကာ အတင်းပြုနိုင်းရင် ပြုမှာပါဟု စိတ်ထဲ၌ ထင်မိသည်။

ကြီးကြီးခင်သည် သူ့ဘဝကို အကျေနပ်ကြီး ကျေနပ်လျှက် စက်ကဲ့သို့ မှန်မှန်ကြီးခုတ်မောင်းကာ အချိန်ရှိသ၍ မီးဖိုထဲ၌သာ အချိန်ကုန်လွန်ပစ်နေလေ၏။

ကျောင်းထဲသို့ညှိသည်လာလျှင် လုပ်ရာကိုင်ရာက ထ၍ ပြေးကြိုကာ ဆရာတော်ထံသို့ သွားပို့၏။





ကျောင်းအတွက် သဒ္ဓါတရား မပွားများ ပွားများအောင် နှိုးဆော်လုပ်တတ်လေသည်။

လာသမျှ ဧည့်သည်ကို ဧည့်ဝတ်ကျေစွာ လိုလေသေးမရှိ ဧည့်ခံဆက်ဆံတတ်ခြင်းကြောင့် တစ်ခါတစ်ရံ ဒေါ်ဒေါ်ကပင် 'ရှေ့ကြိုလေ ကျောင်းမှာရှေ့ကြိုသွားလုပ်နေတယ်'ဟု ကျွန်မကို ပြောတတ်သည်။

ကျွန်မနှင့်ကြီးကြီးခင်မှာ ယခင်ကလောက် ခဏခဏ မတွေ့နိုင်ကြဘဲ အဆက်ပြတ်နေသည်။

ကျွန်မမှာ အားသည့်အချိန်ကို ပညာသိ ဆည်းပူးအားထုတ်ကာ ခေါက်တွေကို လက်တွေ့စမ်းသပ်နေခြင်းဖြင့် အချိန်ကုန်နေသည်။

အဋ္ဌော၊ ဂဗ္ဘော၊ စရေ၊ ဝံသော စသည့် ခေါက်ကြီးလေးပါးကို မှုပ်ခေါက် နာမ်ခေါက်၊ အဖိုအမ၊ အဘေးအပူနှင့်တကွ ပိုင်းခြားတိတိ သိမြင်အောင် စမ်းသပ်ကြီးစား အားထုတ်လွန်းရသဖြင့် လျို့ဝှက်အကျွရာများကို ဆက်လက် ကြံစည်ဖို့ နေနေသာသာ လောကခေါက်သဘောအရ ကျွန်မသင်ကြားသော ခေါက်ပညာမှ ကြံနိုင် သိနိုင်ရန် ခက်ခဲလွန်းလွန်းလှ၍ အခြားအရာများကို သတိမမူနိုင်အားဘဲ အချိန်ရသ၍ အမွှမ်းကုန် လုံ့လထုတ်ကာ ကြိုးစားကြံဆ သင်ကြား ဆည်းပူးနေသည်။



ပန်းဆိုးတန်းမှ ဘောက်ထော်သို့ ပြောင်းရွှေ့ နေထိုင်ခဲ့ပြီးနောက် တစ်မနက်စောစောကြီး ကြီးကြီးခင်သည် ပေါက်ပွင့်နှင့် အိမ်သို့ပေါက်လာကြသည်။

ကျွန်မလည်း မလာအားခြင်းကို ခွင့်လွှတ်ရန် ဆီး၍ တောင်းပန်ရသည်။

မလာစဖူးလာ၍ အကြောင်းကို မေးရာ ကြီးကြီးခင်သည် မရွှင်ပျသောမျက်နှာဖြင့် တော်တော်နှင့် မပြောဘဲ နေ၏။

မေးပါများမှပင် 'လှိုင်ရယ်၊ ကြီးကြီးခင် ဆွမ်းစားဇရပ် နေရတာ ကျဉ်းကြပ်လွန်းလို့ ကြီးကြီးခင်နေဖို့ ဇရပ်ကလေးတစ်ခု မြန်မြန်ဆောက်ပေးစမ်းပါ'ဟု ဖွင့်ပြောသည်။

ကျွန်မမှာ ကလေးတွေ ဒါဂျီလင်ကျောင်းသို့ ပို့ထားရသဖြင့် စရိတ်အကုန်အကျ များလွန်းသောကြောင့် ချက်ချင်းမဟုတ်သည့်တိုင်အောင် တဖြည်းဖြည်း ဆောက်ပေးပါမယ်ဟု ပြောလိုက်သည်။

ကြီးကြီးခင်သည် ငေးငိုနေလေသည်။

အနားတွင် ပေါက်ပွင့်ထိုင်နေ၍မလွှတ်လပ်သောပုံဖြင့် ကျွန်မကို အိမ်ပေါ် သွားရန် မျက်ရိပ်ပြလိုက်သည်။





"လာ....ကြီးကြီးခင်၊ အပေါ်တက်ပါဦး၊လေ၊ပေါက်ပွင့် မင်းစောင့်နေဦးနော်"

ဟု ဆိုခဲ့ကာ ကြီးကြီးခင်ကို အိမ်ပေါ်သို့ ခေါ်တင်လာခဲ့သည်။

ကုလားထိုင်ပေါ်တွင် ငြိမ်သက်စွာ ထိုင်နေကာ ကျွန်မ၏ မျက်နှာကို ခပ်ငေးငေးကြည့်လျက်ရှိပြီးနောက် 'လှိုင် အချိန်ကျနေပြီ၊ ကြီးကြီးခင် ဘယ်လိုလုပ်ရမှန်းမသိဘူး'ဟု ပြောလေ၏။

ကျွန်မမှာ နားမလည်၍ အံ့ဩသွားကာ 'ဘယ်လိုအချိန်ကျတာလဲ ကြီးကြီးခင်ရဲ့၊ ဘယ်လိုဖြစ်လို့လဲ' ဟု မေးကြည့်ရသည်။

"ညကအိပ်မက်သလိုပဲ၊ အချိန်တွေနှောင်းနေတာ သတိပေးသလိုလိုဖြစ်တာနဲ့ လှိုင့်ဆီထွက်လာတာပဲ"

"ဘယ်သူက သတိပေးတာလဲ"

ကြီးကြီးခင်သည် မျက်နှာပျက်လျက် တစ်စုံတစ်ခုကို ပြောသင့် မပြောသင့် ချီတုံချတုံလုပ်နေကာ အကြာကြီး ထိုင်စဉ်းစားနေသည်။

ကျွန်မမှာ ကြီးကြီးခင်အတွက် ရင်လေးသွားကာ မှုန်မှုန် မှိုင်းမှိုင်း မြင်နေပြီး မစဉ်းစားဘတ်ကာ ခေါင်းထဲ၌ မူးနောက် နောက် ဖြစ်လာသည်။

"ဘာများ တိုင်ပင်ချင်လို့လဲ ကြီးကြီးခင်၊ ပြောပါ" ဟု ထပ်တိုက်တွန်းလိုက်သည်။

"ကြီးကြီးခင် မြန်မြန်ပြီးချင်တာပဲ လို့ရယ်၊ ပြီးအောင် လုပ်ဖို့ ထွက်သွားရကောင်းမလားလို့"

"ကြီးကြီးခင်အဖြေရလို့ ထွက်သွားမှာလား"

ဟု ကောက်မေးလိုက်ရာ ခေါင်းယမ်းနေသဖြင့် ကျွန်မမှာ စိတ်အိုက်သထက် အိုက်သွားသည်။

"အဖြေမရရင် မသွားနဲ့ဦး ကြီးကြီးခင်ရဲ့၊ ကြံဦးပေါ့၊ ကျွန်မလဲ ကြံမှာပဲ၊ တစ်နေ့မရ တစ်နေ့ရမှာပဲဟာ၊ အဖြေရတော့ ကြီးကြီးခင် သွားလိုရာ သွားတာပေါ့၊ မဟုတ်ဘူးလား"

ကြီးကြီးခင်သည် ငြိမ်ငေးလျက်နေပြီး ခေါင်းကို ညိတ်ကာ ထိုင်ရာမှ ထလိုက်၏။



"ပြန်မယ်လိုင်၊ နေ့ဆွမ်းအတွက် လုပ်စရာရှိသေးတယ်" ဟု ပြောပြောဆိုဆို ဆင်းသွားလေသည်။

ကျွန်မလည်း ခြံဝထိ လိုက်ပို့လိုက်သည်။

ရေ ခဲ ချည် စောင် ကလေး ကို ခေါင်းတင်ကာ ခပ်မြန်မြန် ပျောက်သွားသော ကြီးကြီးခင်ကို သမ်းချုံး၍ ပျောက်ကွယ် ၍းသည်အထိ ခြံဝက ရပ်ကြည့်နေရင်း ရင်ထဲတွင် မျှိသိပ်ထား သော ပဟေဠိအလုံးမှာ ရင်ခေါင်းတက်၍ မတင်မကျ နင်နေ ည်။

* * *

၁၁

"ဘုရားရေ"

ကျွန်မမှာ မဟုတ်နိုင်ဘူးဟု တွေး၏။

မဖြစ်နိုင်ပါဘူးဟုလည်း ထင်လိုက်၏။

မဖြစ်နိုင် မဟုတ်နိုင်ဘူးဟု ထင်ခြင်းတွေးခြင်းသည် မဖြစ် သချင် မဟုတ်သချင်ခြင်းဘက်က ကာကွယ်လျက် တွေးခြင်းသာ ဖြစ်သည်။

ကျွန်မ၏အတွေးကို နိုင်လုံသည်ဟု စိတ်မချဝံ့သဖြင့် ရှင်း အောင် ထပ်မေးရပြန်သည်။

သေချာအောင် ထပ်မေးရပြန်သော်လည်း သေချာတစ်အပ် ပြောလိုက်မှာကို နားနှင့် မထောင်ရဲသလောက် တုန်လှုပ်နေသည့်အဖြစ်သို့ သတိပြုမိသည်။

"ဘယ်က နားစွန်နားဖျား ကြားလာတာလဲ၊ ဟုတ်ကဲ့လား"

"ဒီလိုပဲကြားတာပဲ၊ ခာတ်လုံး သူများယူပြေးလို့ စိတ်တောင် နောက်တောက်တောက် ဖြစ်နေသလို ဆိုလားပဲ"

ကျွန်မသည် ခေါင်းချာစိုင်းလာလေ၏။

ဘောက်ထော် ဘူတာရုံလမ်းအတိုင်း သွားနေလျှင် ကြာသည်ထင်၍ စာရေးတန်းမှ ဖြတ်ကာ ဘောလုံးကွင်းကို ကျော်လျက် ကဲဘဲဘက်သို့ ထွက်လာခဲ့သည်။

မြေနီလမ်းမှာ ကြမ်းလှသည်။

ချိုင့်ခွက်တွေ ထူထပ်လွန်း၍ ရှောင်ကာ မြန်မြန် ရောက်အောင် လမ်းကောင်းကို ရွေးလျှောက်မှ ပိုကြာသည်ဟု ထင်လေသည်။





အိမ်ဆိုင်ကလေးတွေကို ဖြတ်ခဲ့လျက် အဆောက်အအုံများ တစ်ခုပြီးတစ်ခု ကျော်သွားတိုင်း ရောက်ခါနီးပြီဟု အား းလာခဲ့ရသည်။

နေမှာ ချစ်ချစ်တောက်အောင် ပူနေလေသည်။

ကျွန်မရောက်လိုသည့် လမ်းအကွေ့ကား အမြင်သာနီးသော်လည်း အတော်ကြီး လျှောက်နေရသည်။

ကျွန်မစိတ်ထဲ၌ သည်လောက် ကြာကြာ လျှောက်နေရ တာက်အောင် ဝေးသည့်ခရီးလမ်းမဟုတ်၊ သို့ရာတွင် မရောက်သေး၍ အဝေးကြီးလျှောက်နေသလို လျှောက်နေရလေသည်။

ပိန္နဲပင်အရွက်များ အုပ်ကွယ်နေသည့် သွပ်မိုးကျောင်းကြီး လှမ်းမြင်ရသည်။

ကျောင်းမှာ ဆေးအနက်သုတ်ထားကာ နှစ်ထပ်ကျောင်း ၍ ဘောက်ထော်ဘက်က လာလျှင် ဂုဏ်ဆွမ်းစားကျောင်းကို မြင်ရသည်။

ဆွမ်းစားကျောင်း အောက်ထပ်၌ ကြီးကြီးခင်သည် ဤ ၌ ရှိစမြဲ ဖြစ်သည်။



ကျွန်မသည် မြန်မြန်လျှောက်လာခဲ့ကာ ကျောင်း၏ ခြံစည်းရိုးထောင့်သို့ ရောက်လျှင် ထရံသီးဆူးကြီးတန်းနား ကပ်သွားလျက် 'ကြီးကြီးခင်....ကြီးကြီးခင်'ဟု နှစ်ခွန်း သုံးခွန်း ဟစ်ခေါ် ကြည့်သည်။

ကျောင်းအပေါ်ထပ်မှ စာဖတ်နေသော ဦးပဉ္စင်းတစ်ပါးသည် စာအုပ်ကို ပိတ်ကာ အောက်သို့ ငုံ့ကြည့်လျက် 'ဒီမှာမရှိဘူး ဒကာမကြီး အိမ်မှာရှိတယ်'ဟု ပြောလိုက်၏။

ခာတ်လုံး သူများယူသွားလို့များ စိတ်နောက်သွားလို့ အိမ် ရောက်နေသလားဟု လန့်ထိတ်သွားလျက် ကျောင်းဝင်းထောင့် အဆုံးအထိ မြန်မြန်လျှောက်လာခဲ့၏။

ဝင်းထောင့်သို့ ရောက်သောအခါ လမ်းမကမသွားဘဲ ကျောင်းခြံစည်းရိုးနားက ကပ်လျှောက်သွားကာ ကျောင်းကို လှည့်မှ လမ်းပေါ်သို့ ကွေ့ဆင်းလျက် အိမ်ဆီသို့ သုတ်သုတ် သွားရလေသည်။

ကြီးကြီးခင်နှင့် တွေ့ပြီးနောက် နိုင်ငံခြားသို့ ခရီးထွက်သွား ရသည်။

ရောက်ပြန်လည်း အလုပ်ကိစ္စများဖြင့် မြို့ထဲသို့သွားနေရလျက် မိုးချုပ်မှ အိမ်ပြန်ရောက်တတ်သဖြင့် ဘယ်မှ မသွားအားဘဲ ဖြစ်နေလေသည်။



ယခုလာခဲ့တော့မှပင်ကြီးကြီးခင်နဲ့မတွေ့ရတာငါးလလောက်ရှိသည်ဟု တွက်ကြည့်မိသည်။

ကျွန်မနှင့် မတွေ့ကြသည့်အတွင်း ခာတ်လုံးကို ဘယ်သူအား သည်ပြု၍ ဘယ်သူက ယူပြေးမှန်း သေချာကနု မသိခဲ့ရခြင်းကြောင့် မတွေးတတ် မစဉ်းစားတတ်နှင့် ခေါင်းရှုပ်လာကာ သတင်း မဟုတ်ပါစေနှင့်ဟု တစ်လမ်းလုံး နင်းကန် ဆုတောင်းလာမိသည်။

လမ်းပေါ်မှ အိမ်၏ ကုန်းမြင့်ကလေးပေါ်သို့ တက်လာခဲ့သည်။

ခြံတံခါးမှာ ပိတ်ထားသည်။

အိမ်ပေါ်၌ လူရိပ်လူခြေ မမြင်ရဘဲ အိမ်ရှေ့ပြတင်းတံခါးများ အားလုံး ပိတ်ထားသည်။

အမြဲ စည်ကားနေတတ်သော အိမ်တစ်အိမ်တံခါးများ ပိတ် တိတ်ဆိတ်နေခြင်းသည် အိမ်ထဲ၌ တစ်စုံတစ်ရာ ဖြစ်နေကြ န်အထင်နှင့် တွေးကြည့်သည်။ အထင်နှင့် ဒိတ်ဒိတ်-ဒိတ်ဒိတ် ခုန်လာသည်။

ခြံတံခါးကို လက်နှိုက်၍ ကလန့်ကို ဆွဲဖွင့်လိုက်ကာ အထဲ သို့ ဝင်လာသည်။

လှေကား ခြေရင်းကနေ၍ 'ဒေါ်ဒေါ်....ဒေါ်ဒေါ်'ဟု တစ် ခေါ်လိုက်သည်။

အိမ်ထဲမှ 'လာပြီ...လာပြီ'ဟု ခပ်ဝဲဝဲ အသံတစ်သံ ကြား ရသည်။

ထိုအသံမှာ ဒေါ်ဒေါ်အသံလည်းမဟုတ်၊ ကြီးကြီးခင်အသံ လည်း မဟုတ်၊ လူစိမ်းတစ်ယောက်အသံ ဖြစ်နေသည်။

အိမ်ရှေ့တံခါးပွင့်လာကာ ကျွန်မ မမြင်ဖူးသည့် မိန်းမကြီး တစ်ယောက် တံခါးဖွင့်ပေးတာ တွေ့ရလေသည်။

'ဒေါ်ဒေါ်ကော'ဟု လှမ်းမေးရင်း ပြေးတက်လာသည်။

"အထဲမှာ ဖျားနေတယ်"

ကြီးကြီးခင်ကို သတင်းမေးရန် လာခဲ့ရာတွင် ဒေါ်ဒေါ် ဖျားနေသည့် သတင်းကြားရသဖြင့် အိမ်မရောက်တာ ကြာနေ ခြင်းကို မျက်နှာပူပူဖြင့် တက်ခဲ့ရသည်။

"လိုင်လား၊ လာ....လာ....ဒီအထဲကို ဝင်ခဲ့ပါ"

ဒေါ်ဒေါ်၏ အသံလာရာ အခန်းထဲသို့ စွတ်ဝင်သွားသည်။





ဒေါ်ဒေါ်သည် ပိန်ချုံးလျက် အိပ်ရာပေါ်တွင် လှဲနေကာ ဒေါ်ဒေါ်၏ အနီး၌ ဂျပန်ပြည် သံအမတ်ကြီး လုပ်သွားသော ဒေါက်တာဦးသိန်းမောင်၏ ဇနီး ဒေါ်ဒေါ်ကြီး ဒေါ်ခင်လတ် ရောက်နေလေသည်။

ဒေါ်ဒေါ်ကြီးကို ပြုံးနှုတ်ဆက်လိုက်ကာ....

"ဘယ့်နှယ် ဒေါ်ဒေါ် ဖျားနေတာ ကြာပလား" ဟု သတင်းမေးရင်း ကျွန်မမျက်လုံးမှာ ကြီးကြီးခင်ကို လျှောက်ရှာ နေလေသည်။

"ဖျားတာ ကြာပါပြီ၊ ခုမှ အစာစားနိုင်တာ၊ လိုင်လဲ အတော် အလုပ်များနေတယ်လို့ ကြားရတယ်၊ ကလေး တွေကိုကော နေကောင်းရဲ့လား"

ဒေါ်ဒေါ် အနား၌ ထိုင်လိုက်ကာ ဘယ်မေးခွန်းမှ မဖြေဘဲ "ကြီးကြီးခင် ခေါင်းတိုက်သလို ကြီးကြီးခင်လဲ တစ်မျိုးဖြစ်နေတယ် ကြားတာနဲ့ ကျွန်မ ထွက်လာခဲ့ တယ်၊ ဒေါ်ဒေါ်ဖျားတာ မသိပါဘူး၊ ကြီးကြီးခင် ကော"ဟု မေးလိုက်၏။

"ရှိတယ်၊ ဒေါ်ဒေါ်ဖျားလို့ ဒီလာနေတယ်၊ ခြံနောက် ဖေးမှာ ထင်ပါရဲ့၊ ခေါင်းလုံးအကြောင်းတော့ မပြော ပါနဲ့ လိုင်ရယ်"





ခေါင်းလုံး သတင်းကို အမြန် ကြားချင် သိချင်လှပြီ ဖြစ်၍ မဆိုင်းနိုင်အောင် အရင်လိုလျက်....

"ပြောပါဦး ဒေါ်ဒေါ်ရယ်၊ ဘယ်လို ဖြစ်တာလဲ"ဟု မြန်မြန်ပြောရန် ဆက်မေးရသည်။

"ကျောင်းက ဦးပဉ္စင်းတစ်ပါးကို သူ ထုတ်ပြတယ်လေ၊ ဦးပဉ္စင်းက သူ့ကို အယုံသွင်းပြီး သူ့ အကြိုက်ချည်း လိုက်နေတာ အဟုတ်ထင်ပြီး ထုတ်ပြတော့ သုတ်ပြေး တာပေါ့"

"ပြေးပြီ၊ ဘယ်ကို ပြေးသလဲ ဒေါ်ဒေါ်"

ကျွန်မ ရင်ခုန်ပုံသည် ရင်ထဲကဟု မထင်ရ၊

ရင်တွင်းက မဟုတ်ဘဲ ရင်ညွန့်နား ကပ်ခုန်နေသလို ဇတ်ဇတ် ဇတ်ဇတ် ဖြစ်နေလေသည်။

"ညောင်လေးပင် ပြေးတာပေါ့၊ ညောင်လေးပင်က ကရင်စပ် ဘုန်းကြီးပဲ၊ ညောင်လေးပင် အဆက်နဲ့ ဒီ ကျောင်းရောက်လာတာ၊ ဦးပဉ္စင်းလဲ ခေါင်းလုံးယူ လစ် ကရော၊ ဝိဇ္ဇာမှုလဲ အရူးကြီးဖြစ် ကျန်ရစ်ခဲ့တာပေါ့"

ဘယ်လို ရူးကျန်ရစ်ခဲ့သည်ကို ကျွန်မအား အကျယ်တဝင့် ပြောပြနေစရာ မလိုပေ။

အပ္ပမာ ဒေန သမ္ပာ ဒေထ



ကျွန်မ မျက်စိထဲတွင် ခေါင်းလုံး ယူပြေး၍ ကြီးကြီးခင် ယောက်ယက်ခတ်သွားမည့် ပုံပန်းကို သေသေချာချာ တတ်အပ် မြင်နေရသည်။

ကြီးကြီးခင်ထံမှ ခေါင်းလုံး ယူပြေးသော ဦးပဉ္စင်းသည် ညောင်လေးပင်သို့ ထွက်ပြေးကာ လူဝတ်လဲလေ၏။

လူဝတ်လဲကာ ဖိုထိုး၍ နေလေ၏။

ဖိုထိုးနေပြီး မကြာမီ ဝတ်ပုံစားပုံ နေပုံထိုင်ပုံတွေ ပြောင်းလဲ လာကာ ပြောင်ပြောင် ရောင်ရောင် ဖြစ်လာရုံမက ဖောဖော သီသီကြီး သုံးစွဲနေပုံကို အရပ်က မသင်္ကာစပြုလာကြသည်။

မေဗိန္ဒီကျောင်းက ပြန်လာပြီးမှ လူဝတ်လဲကာ ဖိုထိုးနေရင်း ဖြုံးခနဲ 'သူဌေး' ဖြစ်နေခြင်းကို ဆန်းနေကြစဉ် မေဗိန္ဒီကျောင်း တွင်နေသော ကြီးကြီးခင်၏ ခေါင်းလုံး ခိုးယူလာသည့် သတင်း သည် တစ်စွန်းတစ်စ ညောင်လေးပင်သို့ ရောက်သွားသည်။

ညောင်လေးပင်တွင် ရှိကြသော ကြီးကြီးခင်၏ မိတ်ဆွေ များသည် တစ်စွန်းတစ်စ ရသည့် သတင်းဖြင့် ရှင်လူထွက်ကို မပြတ် အကဲစောင့်ခတ်လျက် ချောင်းနေကြသည်။

ရှင်လူထွက်သည် ရွှေတွေ ငွေတွေ လက်ဖျား သီးနေကာ ငင်ဝါ မောက်ကြွားလျက် ရှိနေပြီး ခေါင်းလုံးကို ရွှေဖြစ်အောင် ထိုးလျက် ရွှေတွေကို ရောင်းချ သုံးစွဲနေသည်။

ကျွန်မမှာ ဓာတ်လုံးကို ရွှေမထိုးနဲ့ ထိုးရင်ပျက်သွားလိမ့်မယ် ဟု ကာယကံရှင် ဆရာတော်ဘုရား မှာကြားသွားခဲ့သည်ဆိုသော အချက်ကို သတိရလိုက်ကာ ပြီးပါပြီဟု စိတ်မကောင်းဖြစ်သွားမိသည်။

"ကြီးကြီးခင် ဓာတ်လုံးမှန်း အရပ်က မသိကြတော့ဘူးလား၊ ဒီလိုပဲ ကြည့်နေကြသလား" ဟု ဆိုလိုက်၏။

ကြီးကြီးခင်၏ ရင်းနှီးသော မိတ်ဆွေများက ညောင်လေးပင်မြို့ရှိ မိတ်ဆွေတစ်ဦးထံသို့ သွားကြကာ ရှင်လူထွက်၏ အဖြစ်ကို သတင်းသွားပေးကြသည်။

ထိုမိတ်ဆွေမှာ ကြီးကြီးခင်ကို ခင်မင်သော မိတ်ဆွေဖြစ်၍ ကြားကြားချင်းပင် 'ရှင်လူထွက်'ကို ခေါ်၍ စစ်လေ၏။

ရှင်လူထွက်သည် ပထမ ငြင်းကွယ်နေပြီးမှ နောက်ဆုံး ငြင်းကွယ်၍ မရတော့သဖြင့် ဓာတ်လုံးကို ယူပြေးခဲ့သော်လည်း ထိုဓာတ်လုံးမှာ သူ့လက်တွင် မရှိတော့ဘဲ ဓားပြတိုက်သွားကြောင်း အစစ်ခံလေသည်။

ရှင်လူထွက်၏ အစစ်ခံချက်ကို မယုံကြည်ဘဲ ဓာတ်လုံးကို ပေးအပ်ရန် အတင်းအဓမ္မ စစ်လားဆေးလား လုပ်ကြတော့မှပင် ရှင်လူထွက်လည်း ကာယကံရှင်၏ လက်ထဲသို့ သူ ကိုယ်တိုင်



ထည့်မည် ဘယ်သူ့မှ မပေးနိုင်ဘူးဆိုနေ၍ ရှင်လူထွက်ကို ကားပေါ်တင်ကာ ညောင်လေးပင်မှ မိတ်ဆွေ ကိုယ်တိုင် ကဘဲ မေဓိနီ ကျောင်း ဝင်းထဲသို့ လိုက်ပို့ရသည့်အထိ ဖြစ်ပျက်ခဲ့လေ၏။

"ကျောင်းရောက်တော့ အားလုံးရှေ့မှာပဲ သူလည်ပင်းထဲက ဓာတ်လုံးကို အံထုတ်ပြီး ဝိဇ္ဇာမလက်ထဲ ပြန်အပ်တယ်၊ ဓာတ်လုံး ပြန်ရလို့ပေါ့၊ မရရင် ခုလောက်ရှိ သွက်သွက်လည်နေမှာပဲ"

သူများ မပြရန် အတန်တန် သတိပေးပါလျက် ယခုလိုအဖြစ်မျိုး ရောက်ရသည်ဟု ကြီးကြီးခင်ကို စိတ်ထဲက အပြစ်တင်နေမိသည်။

ထိုအချိန်တွင် ကြီးကြီးခင်သည် ခြံထဲမှတက်လာကာ အခန်းထဲသို့ ဝင်လာ၏။

ကျွန်မကို မြင်လျှင် မျက်နှာပျက်သွားသည်။

"လှိုင်....ရောက်နေသလား" ဟု ခပ်လေးလေးငင် နှုတ်ဆက်၏။

"ဟော ဒီမှာ ရှင့် အကြောင်း ပြောနေကြတယ်" ဟု ဒေါက်တာ ဦးသိန်းမောင် ကဘော်ကြီးက ပြောလိုက်၍ မျက်နှာ ပို၍ ပျက်သွားပြန်ကာ ကျွန်မအနားသို့ ထိုင်လိုက်သည်။



"ဘယ်မလဲ ဒီဓာတ်လုံး ပြစမ်းပါ"

ကျွန်မသည် ကြီးကြီးခင်ကို လှည့်ကြည့်လိုက်သည်။

ကြီးကြီးခင်လည်း ဓာတ်လုံးပြရန် တောင်းနေသော ဒေါ်ဒေါ်ကြီး၏ မျက်နှာကို မချိပြုံး ပြုံးလျက် ကြည့်နေ၏။

"ပြစမ်းပါ၊ ကြည့်ချင်လို့ပါ၊ လည်ချောင်းထဲမှာပဲ ထားသလား၊ ခဏပြစမ်းပါ"

ကြီးကြီးခင်သည် ငြင်းလည်း မငြင်း၊ အားနာနာနှင့် ပါးစပ်ထဲမှ ဓာတ်လုံးထုတ်ယူကာ ဒေါ်ဒေါ်ကြီး၏ လက်သို့ ကမ်းပေးလိုက်သည်။

ထိုသို့ အလွယ်တကူ ကမ်းပေးလိုက်ပြန်၍ ကျွန်မမှာ ငေးကြည့်နေရင်း ဦးပဉ္စင်းလဲ ဒီလိုပြခဲ့မှာပဲဟု အောက်မေ့လိုက်ကာ ခေါင်းကို ယမ်းနေမိတော့သည်။

ဒေါ်ဒေါ်ကြီးသည် ဓာတ်လုံးကို ကြည့်ကာ ကျေနပ်သည့် မျက်နှာဖြင့် ပြုံး၍....

"ဟော....မရှိတော့ဘူး" ဟုအော်လိုက်ကာ ဓာတ်လုံးကို ဖွက်လိုက်၏။





ကြီးကြီးခင်သည် မျက်နှာငယ်ကလေးဖြင့်....

"မလုပ်ပါနဲ့ မမကြီးရယ်" ဟု ဆိုကာ မျက်လုံးများ ဝိုင်းလာလေသည်။

"ဟုတ်တယ်၊ ကိုင်ထားရင်း ဘယ်ရောက်သွားမှန်း မသိဘူး၊ ဟောဒီမှာကြည့်"

ကြီးကြီးခင်အား လက်ဝါးနှစ်ဖက်ကို ဖြန့်လျက် ပုတ်ခါပြလိုက်ကာ မျက်လုံးပြူးပြီး ခေါင်းကို ယမ်းခါနေသည်။

ကြီးကြီးခင်သည် ပထမ ကျီစားသည် ထင်နေပြီးလျှင် လက်ဝါး ခါပြလိုက်မှ မျက်နှာမည်းသွားကာ....

"မလုပ်ပါနဲ့ မမကြီးရယ်....၊ ပေးပါ မမကြီးရယ်" ဟု ဆိုကာ ရှိခိုးမတတ် တစာစာ တောင်းပန် ပြောဆိုနေသည်။

ကြီးကြီးခင်ကို မျက်ရည် လည်ဝိုင်းလာသည်အထိ ပြီးမှ ဓာတ်လုံးကို ပြန်၍ ကမ်းပေးလိုက်သည်။

ကြီးကြီးခင်လည်း ဓာတ်လုံးကို ပါးစပ်ထဲ ငုံလိုက်ကာ နေရာမှ ထသွားသည်။

ကျွန်မသည် ဒေါ်ဒေါ်နှင့် စကားပြောပြီး အိမ်ရှေ့မှ ကျော်ကာ မီးဖိုထဲသို့ ဝင်သွားသည်။

"ကြီးကြီးခင်"

ကြီးကြီးခင်၏ရှေ့၌ မျက်နှာချင်းဆိုင် ရပ်လျက် မျက်နှာကို ငေးကြည့်ကာ ကစ်ခွန်းသာ ခေါ်မိသည်။

စကားကို မပြောနိုင်ဘဲ ရပ်ကြည့်နေမိသည်။

ကြီးကြီးခင်သည် ညှိုးငယ်လျက် မှိုင်တိမှိုင်တိုင် ဖြစ်နေကာ နှုတ်က ပြောချင်သည့် စကားများမှာ အပြင်သို့ ထွက်ရန် ခေါင်းလုံး ထုတ်လိုက်ဖို့ထက် ခဲယဉ်းသော အခြေသို့ ရောက်နေတော့သည်။

* * *

၁၂

ကျွန်မသည် အလောင်း ခြေရင်းမှ နေ၍ ကြီးကြီးခင်၏ မျက်နှာကို တစိမ့်စိမ့် ထိုင်ကြည့်နေရင်း ကျွန်မနှင့် နောက်ဆုံး အဖြစ် တွေ့ကြသည့်နေ့က မီးဖိုထဲတွင် ကျွန်မအား စကား တစ်ခွန်းမှ မပြောနိုင်လောက်အောင် ဆို့လျက် မှိုင်တိ မှိုင်တိုင် ဖြစ်နေရှာသော မျက်နှာကလေးကို ကွက်ခနဲ မြင်ယောင် လာသည်။

မျက်တောင်သာ မခတ်ပေသည့် အသက်ထွက်နေသော မျက်နှာသည် မှိုင်တိ မှိုင်တိုင်ပင် ထင်နေရ၏။

ကြီးကြီးခင်သည် မသေမီကပင် စိတ်ထိခိုက်လောက်အောင် ကျရာ ဒဏ်ချက် ရသွားလေသည်။



သူ့ခေါင်းလုံးကို သူတစ်ပါးက ရွှေဖြစ်အောင် အသုံးချခြင်းသည် သူ့အသည်းကို ဓားနှင့်မွှန်းပြီးသား အနာတရကြီးဒဏ်ရာ ရလိုက်ပေပြီ။

ကျွန်မကို မြင်လျှင် အကြောင်းသိခြင်းမို့ ပို၍သာ စိတ်မချမ်းမသာ ဖြစ်သွားမည်ကြောင့် ဤအတောအတွင်း စမ်းနည်းနည်း ဖြင့် မတွေ့ဘဲ နေလိုက်မိသည်။

ကြီးကြီးခင် သေပြီဟူသော အသိသည် အသည်းကို ဆတ်ဆတ်ခါ နာနေတော့သည်။

တစ်ဘဝလုံး ကိုယ်တိုင်လဲ မစားဘဲ မီးဖိုချောင် အလုပ်ကို ပင်ပန်းကြီးစွာလုပ်ပေးနေရင်း နောက်ဆုံးအမောကြီးမောသွားကာ မီးဖိုနား၌ပင် ခေါင်းချသွားလေပြီ။

ကျွန်မအနားတွင် ငိုင်းထိုင်နေကြသော အမြတ်တော်ကြေ ဝန်ထောက်ကတော် ဒေါ်ပြုံးနှင့် မမြစိန်၊ ခင်ခင်စုတို့လည်း ကျွန်မကဲ့သို့ စိတ်မချမ်းမသာ ဖြစ်နေကြသည်။

တရှုံ့ရှုံ့ ငိုနေကြသည်။

ကျွန်မသည် ပါးပေါ်သို့ စီးလိမ့်ကျလာသော မျက်ရည် ပေါက်ကြီးကို သုတ်လျက်....

"အသက် ထွက်တာ ဘယ်အချိန် လောက်ကလဲ" ဟု ခင်ခင်စုကို လှမ်းမေးကြည့်သည်။





"၇-နာရီလောက်ကပဲ၊ အသက်မထွက်ခင် ကရာဝန်ကို သူ့လည်ပင်းထဲမှာ ခေါင်းလုံး ရှိတယ်လို့ ပြောပြကြတော့ ပါးစပ်ကို ဇွန်းနဲ့ ကလန့်ပြီး နှိုက်ဖို့ ကြည့်သေးတယ်၊ မရပါဘူး မမရယ်၊ ဝမ်းထဲများ ရောက်သွားသလား မသိပါဘူး"

ကြီးကြီးခင်၏ ပါးစပ်ထဲ၌ ခေါင်းလုံး ရှိနေမှန်း လူသိသွားသည် များကြသည်။

သူတစ်ပါး မယူနိုင်အောင် လုံလုံခြုံခြုံ ဖွက်ထားပါလျက်နှင့် သူတစ်ပါးလက်ထဲသို့ ရောက်မိအောင် ရောက်သွားရသေးခဲ့ခြင်း ကြောင့် ယခု အသက်ပျောက်၍ ဝမ်းထဲ ရောက်သွားသယောင် ယောင် ထပ်ပြီး လူသိသူသိ များကြဦးမယ်ဆိုလျှင် မသေတော်ကို သချိုင်းလိုက်၍ ဖိုက်ခွဲပြီးများ ယူချင်လိမ့်ဦးမလားဟု မြော်မြင် ထိတ်လန့်ကာ ကြက်သီးများပင် ထသွားမိသည်။

"မသေခင်ကလေးက မမရယ်၊ မကြာသေးဘူး သတိ သွားသေးတယ်၊ လေယာဉ်ပျံနဲ့ သွားလို့ မင်္ဂလာဒုံကို လိုက်ပို့လိုက်ရသေးတယ်"

"သထုံ ဘာသွားလုပ်တာလဲဟင်" ဟု အံ့အားသင့်စွာ မေးလိုက်သည်။

"အို.... မမကမှ မသိဘဲ၊ မသေခင် သိပ်ယောက်ယက် ခတ်သွားတာပေါ့၊ ပဲခူးရွှေမော်ဓောဘုရားကြီး တည်ကြ တာ သူ မကူညီရင် ဘယ်နည်းနဲ့မှ ပြီးမှာမဟုတ်ဘူး၊ သူ့

တာဝန်ကျနေပြီ၊ ဒီဘုရားမှာ သူ ဌာပနာမှ ပြီးလိမ့်မယ်၊ နို့မို့ရင် မပြီးနိုင်သေးဘူးဆိုပြီး ယောက်ယက်ခတ် နေတာပဲ”

“ဘာ ဌာပနာရမှာတဲ့လဲ”

ကျွန်မသည် အလန့်တကြား မေးလိုက်သည်။

ဖျတ်ခနဲ ခေါင်းထဲသို့ ဝင်ရောက်လာသော အသိတစ်ခုဖြင့် တစ်ကိုယ်လုံး ထုံထိုင်းသွားလေ၏။

လူလည်း ဖြူဖပ်ဖြူရော် ဖြစ်သွားကာ အသံမထွက်ဘဲ ရင်ထဲ၌ ဟာစ်အော် ငိုနေမိသည်။

“သူ ကိုးကွယ်တဲ့ သစ်ကနက်သား ဒက္ခိဏာသာခါဘုရားကို သံထုံအိမ်မှာထားတာ အဲဒါ ပြန်ယူတယ်၊ သထုံက သွားယူလာပြီး ဒက္ခိဏာသာခါကို ပဲခူး ယူသွားတယ်၊ ဌာပနာတိုက်မပိတ်ခင်ကလေး ပြေးလှူတာပဲ၊ ညနေက ဈေးသွားမယ်လို့အထွက် မူးတယ်ဆိုပြီး ထိုင်လိုက်တော့လေ သူ့လက်ထဲမှာ ပိုက်ဆံအိတ်ကလေး ကိုင်ထားတယ်၊ ဒီအိတ်ကလေးကို ခုနက အသက်ထွက်တော့မှ ဖွင့်ကြည့်ကြတော့ ပဲခူးရွှေမော်ဓောဘုရားမှာ ဌာပနာတိုက်ထဲ ထည့်ဖို့အတွက် ဘုရားလှူခဲ့ဘဲ့ လက်မှတ် ဖြတ်ပိုင်းကလေး တွေ့ကြတယ်”



ခင်ခင်စုသည် အလောင်းခေါင်းရင်းတွင်ချထားသော သားရေအိတ် အသေးစားကလေးကို ကောက်ယူကာ အိတ်ထဲမှ ဖြတ်ပိုင်း လက်မှတ်ကို ဖွင့် ထုတ် ယူပြီး ကျွန်မကို လှမ်း ပေး လေသည်။

“လယ်ဝန်မင်း ဦးဘိုးဦး၏သမီး မအေးခင် ကောင်းမှု”

ကျွန်မမှာ ရွှေမောဓောဘုရားမှ ဌာပနာပစ္စည်း အလှူဖြတ်ပိုင်း လက်မှတ်ကလေးကို ဖတ်လိုက်ကာ မျက်ရည်များ မဆည်နိုင်အောင် ဖြစ်နေမိသည်။

မာတ်လုံးကို ရွှေဆက် ကြဲစည်ဖို့ရာတွင် လမ်းခုလတ်၌ သူ တစ်ပါးဝင်နှိပ်စက်သွားသဖြင့် လမ်းဆုံးသွားတော့သည့်အဘွက် မျှော်လင့်ချက်ကလေး ကုန်ဆုံးသွားကာ မချိတင်ကဲဖြင့် နောက်ဆုံး ရွှေမှော်ဓောဘုရား ဌာပနာတိုက်ထဲ၌ ဓာတ်လုံးကိုထည့်ပြီး ဌာပနာငိုက်ခြင်းဟု ဤသို့ထင်ကာ၊ ဤသို့အတင်ဖွဲ့ကာ၊ ဤသို့ ပင် အောက်မေ့လိုက်မိတော့ကာ ရွှေမော်ဓော၌ ဌာပနာခဲ့သော ဒက္ခိဏာသာခါဆင်းတုတော်ထဲ၌ တစ်နည်းနည်းဖြင့် ဓာတ်လုံးပါသွားလေပြီလားဟူသော အတွေးအထင်တို့သည် သာမန် ရိုးတိုးရိပ်တိတ် ထင်သလိုမထင်ဘဲ တန်းတန်းစွဲ ထင်နည်းမျိုး ထင်လိုက်မိတော့သည်။

ရှင်လူထွက်လက်ထဲမှ ဓာတ်လုံး သူ့လက်ထဲ ပြန်ရောက်လာပြီးသည့်နောက်ပိုင်း၌ ရွှေမလုပ်ရန် ဆရာတော်ဘုရား တားမြစ်



ခဲ့သလို မဖြစ်ရလေခြင်းအတွက် ဘယ်လောက်များ ယူကျုံးမရ ဖြစ်လိုက်မည်နည်း။

ဘယ်လောက်တိအောင် စိတ်ဒုက္ခကြီး ရောက်သွားရလိမ့်မည်နည်း။

ရွှေမော်ဓောဘုရားသို့ သွားရောက်မလှူခင် အတောအတွင်း ကြီးကြီးခင် ခံစားသွားရမည်ဖြစ်သော မချိတင်ကဲ ဝေဒနာသည် ဘယ်နှစ်ရက် ဘယ်နှစ်လ ခံစားသွားရသော ဝေဒနာဆိုးမျိုးလဲ မှန်း ရှင်လူထွက် သိပါလေစ။

ကျွန် မသည်....

“သနားလိုက်ပါရဲ့ ကြီးကြီးခင်ရယ်” ဟု ဟစ်၍အော် ပြောလိုက်သကဲ့သို့ ရင်ထဲက....

“သနားလိုက်ပါရဲ့ ကြီးကြီးခင်ရယ်” ဟု ပြောမိကာ ဆောက်တည်ရာမရ ကြင်နာသနား၍ မဆုံးနိုင်အောင် ဖြစ်နေတော့သည်။

“ကိုင်း....ကိုင်း၊ ညဉ့်နက်ပြီ၊ အလောင်းပြင်ဖို့ ရေချိုးမှ”

ကြောင်အိမ်နားတွင် ရပ်ကြည့်နေသော အဘိုးကြီးက ပြောလိုက်၍ ကျွန်မအနားက ခင်ခင်စုတို့ ထလိုက်ကြသည်။





ကျွန်မသည် နောက်ဆုံးမှ ထလိုက်သည်။

ကျွန်မ၏ မျက်စိမှာ ကြီးကြီးခင်နှင့် ခွာမရဘဲဖြစ်ကာ မတ်တတ် ရပ်နေရာကပင် မရွေ့တော့ဘဲ ရပ်မြဲ ရပ်ကြည့် နေမိသည်။

အလောင်းရေချိုးရန် ရှိသဖြင့် ခင်ခင်စုတို့ အခန်းထဲမှ ထွက်သွားကြသည်။

အလောင်းနားတွင် ဦးပဉ္စင်း ၂-၃ ပါး၊ အဘိုးကြီး အမယ်ကြီး တစ်ယောက်နှင့် ကျွန်မသာ ရှိလေသည်။

ထိုသို့ ကျွန်မ ရပ်ကြည့်နေရင်း တောင် လုပ် ရ တော့ မ လို မြောက်လုပ်ရတော့မလို ယောင်တောင်တောင် ဖြစ်နေကြသော ဦးပဉ္စင်းနှင့် အဘိုးကြီး၏ အမူအရာကို မြင်လိုက်ရတော့မှ....

အရှက် အကြောက် ကြီးကာ တစ်သက်လုံး အပျိုကြီးလုပ်လာသော ကြီးကြီးခင် အဖို့ သေကာမှ ယောကျ်ားတွေ အထူးဖြင့် ဦးပဉ္စင်းများပါ ဝိုင်းပြီး အဝတ်အစားချွတ်ကာ ရေချိုးပေးကြရတော့မည်။

ကျွန်မ တစ်ယောက်လုံး အနားတွင် ရှိနေပါလျက် မျက်နှာလွှဲသွားရန် မတတ်နိုင်လွန်းသောကြောင့် မလွှဲသာ မနေသာ

သော ဂိုဏ်ကို ဖြစ်၍ နောက်ဆုံးအားဖြင့် လုပ်ပေးရမည့်အခန်းကို လှန်၍ မြင်နှစ်သျှက် စိတ်ကို တင်းလိုက်ပြီးနောက်...

"ကျွန်မ ချီးပေးပါမယ်" ဟု ပြောလိုက်ရသည်။

ယခုအသက်အရွယ်အထိ ကျွန်မမှာ လူသေကို ရေချိုးပေးတာ တစ်ကြိမ်တစ်ခါမျှ မျက်စိဖြင့် မမြင်ဖူးခဲ့ပေ။

ကျွန်မနှင့်ဦးစင်ရာမိဘသင်သား ဆွေမျိုး ညီအစ်ကို မောင်နှမများ အသက်ပျောက်သည့် အခါမျိုး၌ပင် အသက်ထွက်သွားရင် ဖယ်ဝေဝေးတောက်ကာ မျက်ရည်ကြီးပေါက်သော ကုမ်လက် အလောင်းပြင်ရန် ရေချိုးပေးကာနီး၌ လူကြီးတွေက 'ဖယ်ကြ ဖယ်ကြ သွားကြ' ဟု ပြောတတ်ကြသည့်အတိုင်း မခြင်ကွယ်ရာ၌ ခေတ္တ ထွက်ရှောင်ပေးခဲ့သည်ချည်း ဖြစ်ခဲ့သောကြောင့် ဘယ်လို ရေချိုးပေးကြမှန်းလည်း မမြင်ဖူးခဲ့ပေ။

လူသေကို အသက်မပျောက်ခင် ဝတ်ထားသည့် အဝတ်နှင့်ပင် မချွတ်ဘဲ ချိုးလိုက်သလား၊ ချွတ်ပြီးမှ ချိုးပေးကြသလားလည်း မမြင်ဖူး၍ မသိခဲ့ပေ။

ကျွန်မမှာ ရေချိုးလှုပ် အဝတ်အစားများ ချွတ်ရမည်ကိုသာ နားလည်ကာ ကြီးကြီးခင်၏ အပေါ်၌ ခြုံထားသော အညာစောင်အစိုကို ဖယ်လိုက်ကာ အင်္ကျီလည်းကို ဖြုတ်ပေးလေ၏။



အင်္ကျီကြီးချပ် ပြီးဖို့ရဲ့ ဝတ်... ...ကို ယူလျှက် ဘုံကိုင်၌ ရေသွားခဲ့နေသည်။

ကျွန်မသောအက အမေကြီးမှာ ကုန်းတော့မလို ကိုင်းတော့မလို အမူအရာမျိုးသာ တစ်ပြတည်းရှိနေလျှက် အကယ်တင်း ကိုတွယ် ကူညီဖို့ရန် ရှိသလို ကြောက်သလို ရှိနေ၏။

အခါးတွင် ဦးပဥ္စင်းများ ငိုကြ၍ အပေါ်... ...မှ ကြယ်စီများကို အားလုံး မဖြုတ်ဘဲ အပေါ်... ...က အတွင်းမှ ဘော်လီကြယ်စီများကို ဖြုတ်လိုက်၏။

ဖြုတ်ပြီး အင်္ကျီကို မလှပ်ဘဲ လဲခဲ့သော အသား... ...ပင့်၍ ကိုယ်ကြီးကိုနှန်းလိုက် ခါးကို မ လိုက်... ...ခေါင်းရောက်အောင် ဘော်လီအင်္ကျီအောက်... ...ရင်လျှားပေးပြီး ကြယ်စီများအားလုံး ... ...လိုက်၏။

ဦးပဥ္စင်းများမှာ ရပ်ကြည့်နေကြသည်။

ကျွန်မမှာ အရှက်အကြောက် လုံ... ...ကျွတ်သွားအောင် ခက်ခက်ခဲခဲ ချွတ်ပေးနေရသည်။

ကျွန်မစိတ်ထဲတွင် အလောင်းကြီး မ... ...အတိုင်းပင် အပေါ်က ရေလောင်း၍ ချိုးပေးသည်... ...သည်။



မဟုတ်ချေတကား.... အဘိုးကြီးသည် ရေပုံးကို အနား၌ချလိုက်ကာ အလောင်းကို ပခုံးနှစ်ဖက်မှ ဆွဲထူထိုင်ပေးနေ၍ ကျွန်မလည်း ဘုမသိဘမသိထူပေးကာ ထိုင်ပေးလိုက်ရ၏။

မီးရောင်အောက်တွင် ကြီးကြီးခင်သည် ထမီရင်လျှားနှင့် ငုတ်တုတ်ကြီး ထထိုင်လေသည်။

အဘိုးကြီးက နောက်သို့ ပြန်မလဲအောင် နောက်ကနေပြီး ကျောကို ကိုင်လျက် ဖေးမ တွန်းပေးထားသည်။

ကြီးကြီးခင်၏ခေါင်းပေါ်မှ ဘီးစပတ်ကြီးမှာ ထူလိုက်သည်နှင့် ပြေကျသွားလေသည်။

ဂုတ်ပေါ်တွင် ဖားလျား ဝဲနေသော ဆံပင်ဆံတိုကလေးနှင့် ဇက်ကြီး ကျိုးကျနေသည်။

ကြမ်းပေါ်၌ လက်များ တွဲလောင်းကျနေကာ ခြေထောက်နှစ်ဖက် ဆင်းထားသည်။

အမေကြီးသည် ခေါင်းက ပြေကျသွားသော ဆံစများနှင့် ဆင်စွယ်ဘီးကို ကောက်ယူကာ လက်နှစ်ဖက်တွင် မျှကိုင် ထားသည်။

ကျွန်မမှာ ခြေရင်းဘက်က ဆောင့်ကြောင့်ထိုင်လျက် ဘေးက သံပုံးထဲမှရေကို ခွက်နှင့် ခပ်လိုက်ကာ လောင်းတော့မည်



ဖြစ်ခင် ရေခွက်ကြီးကို ရွယ်၍ ကြက်သီးတဖြန်းဖြန်း ထသွားသည်။

ကျွန်မ မျက်စိထဲ၌ ခြေဆင်း ထိုင်နေသော ကြီးကြီးခင်၏ မျက်နှာကို မမြင်ရခြင်းမှာ အဆိုးဝါးဆုံး ဖြစ်သည်။

ဂုတ်ပေါ်တွင် ဆံပင်ဖားလျားနှင့် ခြေဆင်းလျက် ဇက်ကြီး ကျိုးကျနေပုံသည် အသိသာ အမြင်သာဆုံး ဖြစ်သဖြင့် သည်တစ်ကြိမ်က လွဲ၍ နောက်တစ်ကြိမ် ဘယ်သူသေလို့မှ သည်လို လူသေကြီး ထိုင်နေပုံမျိုးကို မမြင်ပါရစေနဲ့ဟု စိတ်ထဲက ယောင်မှန်း ဆုတောင်းမိတော့သည်။

"ဟဲ့....ကလေးမ၊ သည်လိုမလောင်းကောင်းဘူး၊ ရေခွက်ကို ဘေးကနေပန်းပြီးတော့ အောက်ကို လောင်းချသွားရတယ်"

လူကောင်း ကိုရေချိုးပေးသလိုပင် လက်ထဲက ရေခွက်ဖြင့် ခုံးသို့လှမ်းကာ ပခုံးမှ ရေလောင်းချ ပေးလိုက်မိသဖြင့် အဘိုးကြီးက ဆိုလိုက်သည်။

ကျွန်မမှာ သူပြောသည့်အတိုင်း လူသေ ရေချိုးနည်း၊ ...နည်း ကျနအောင် သတိထားပြီး အတော် ကြိုးစား၍ ...လောင်းချိုးနေရသည်။

"ဆပ်ပြာတိုက်....ဆပ်ပြာတိုက်"

အမေကြီးက ဆံစုများကိုင်ထားသောလက်ဘက်ကမဟုတ်ဘဲ ဘီးကိုင်ထားသော လက်တစ်ဖက်ဖြင့် ဆပ်ပြာခွက်ကို လှမ်းယူလာပေး၍ ဆပ်ပြာခွက်ကို သူ့လက်ထဲမှ ဘီးလွတ်ကျမသွားအောင် အသာ သတိထားပြီး လှမ်းယူလိုက်ရသည်။

ရေလောင်းရုံ မဟုတ်ဘဲ ဆပ်ပြာတိုက်ပေးရမည့် အလုပ်ကလဲ ကျွန်မအဖို့ မလွယ်လှပေ၊ တတ်နိုင်လျှင် မလုပ်ချင်သောစိတ် ဖြစ်မိသည်။

သေတယ်ဆိုတော့ သေတာနဲ့ ကိုင်ချင်တွယ်ချင်သည့်သူမှ မရှိတော့ပါကလားဟု မလုပ်ချင်သောစိတ်ကို ပထမ တရားချသည်။

တရားချပြီးမှ ဆပ်ပြာတုံးကို လက်ထဲပါအောင် ပွတ်ယူလိုက်ကာ အလောင်း၏ ရင်နှင့် လက်နှစ်ဖက်ကို အနံ့အပြားပွယ်သုတ်ပေးရသည်။

လိုနောက် ခြေထောက်ကို ဆပ်ပြာတိုက်ရန် ဒူးခေါင်းလောက်အထိ လက်ကို ရေစိုထဘီအတွင်းသို့ လျှိုသွင်းလျက် လျှောက်ပွတ် ပေးရသည်။

ကျွန်မလုပ်သမျှ ဇက်ကျိုး၍ ငေးခံနေကာ ကိုယ်ငွေ့မရှိမှန်းမလှုပ်ရှားနိုင်မှန်း လူတစ်ယောက်က နောက်ကျောကို ကိုင်





ထောင် ထူပေးထားမှန်း သေနေမှန်းသိလျက် မြင်လျက်နှင့် ကျွန်မလုပ်၍ လှုပ်ယမ်းသွားလျှင် လှုပ်တာနှင့် တစ်ချက်တည်း ကျွန်မအား လှမ်းကိုင် ပုတ်လိုက်တော့မလောက် စိတ်ထဲတွင် ကယောင်ချောက်ချား ထင်မြင်ကာ ခေါင်းနပန်း ကြီးကြီးသွားခြင်းကို သည်တစ်ကြိမ်ပဲ ကြုံဖူးသည်။

ဆပ်ပြာများတိုက်ပြီးနောက် ဆောင့်ကြောင့်ထိုင်ရာက ရေကို ခပ်၍ ကုန်းထရပ်ကာ လောင်းချပေးသည်။

အလောင်းရှေ့တွင် ထိုသို့ ကုန်းလိုက်ကွလိုက် ရေခပ်လိုက်လောင်းလိုက်နှင့်ပင် ကျွန်မလက်ထဲ ဝကွက် ရောက်နေသောအလောင်းသည် ရေချိုးခြင်းကိစ္စ ပြီးသွားသည်။

အနားသို့ ဘယ်အချိန်က ရောက်နေမှန်းမသိသော မိန်းမရွယ်ရွယ် တစ်ယောက်သည် သူ့လက်ထဲမှ ထဘီတစ်ထည်ကို ကမ်းပေးသည်။

ရေချိုးနေတုန်း တစ်ချိန်လုံး အလောင်း၏ကျောကို ကိုင်ပေးထားသော အဘိုးကြီးက 'ခေါင်းကစွပ်လိုက်'ဟု ပြောလိုက်သည်။

"မလုပ်ပါနဲ့....ပေးပါဒီကို"

ကြီးကြီးခင်အသက်ရှင်စဉ်က ရေချိုးပြီးဘယ်နည်းနှင့်မှ ထဘီကို ခေါင်းက စွပ်ဝတ်လိမ့်မည်မဟုတ်သဖြင့် ကျွန်မမှာ ထိုမိန်းမ



ထဘီ ခေါင်းက စွပ်ချလိုက်မှာကို အသည်းယားသွားကာ သူ့လက်ထဲမှ ထဘီကို လှမ်းယူလိုက်သည်။

တဘီရေစိုကို ညှစ်လိုက်ကာ ထဘီခြောက်ကို ခြေထောက်က နေ၍ ရင်ခေါင်းရောက်အောင် တဖြည်းဖြည်း ပင့်မသွင်းပေးပြီး ထဘီ ရင်လောက်ရောက်သွားမှ အောက်က ထဘီရေစိုကို ချွတ်ယူရလေသည်။

အသည်းအေးလောက်အောင် အေးစက်လှသော လူသေ၏ အသားအေးပုံကြီးသည် လက်ထဲ၌ စွဲနေလေသည်။

ကျွန်မသည် ကျောထဲက စိမ့်သွားလျက် လက်၌ စွဲနေသော အအေးကို စိတ်ဖျောက်ပစ်ကာ မိန်းမလက်ထဲက အော်လီအင်္ကျီကို လှမ်းယူလိုက်သည်။

"ဟဲ့....ဟဲ့....ပြောင်းပြန်ဝတ်"

ကျွန်မမှာ အော်လီအင်္ကျီကို လက်လျှိုပြီးမှ ကမန်းကတန်း ပြောင်းပြန် ပြန်လှည့်လျှိုလိုက်ကာ ကျောတွင်သွား၍ ကြယ်သီးတပ်ပေးရသည်။

လူကို သေတာနှင့် ကြည့်မကောင်းအောင် ကိုးရိုးကားရား ပြောင်းပြန် ဇောက်ထိုး လုပ်ကြပုံကို သေသောသူက သေလို့သာခံနေတာဟု တွေးလိုက်မိသည်။





ကြီးကြီးခင်သည် ရှိဗီချ ပဒုမ္မာအင်္ကျီကိုပြောင်းပြန်ဝတ်လျက် ဘယ်သူ့ကိုမှ မကြည့်ဘဲ ရင်ပတ်နှင့် မေးစေ့နှင့် ထိလုအောင် ငုံ့ထိုင်နေကာ ဆံပင်ဖားလျား လက်ကားယားဖြင့် ခြေဆင်းထားသည်။

"ကိုင်း....ရှေ့ရအောင်၊ အပြင်မှာ ခုတင် ဆင်ထားပြီးပြီ"

ပွဲမယ့်ပို့ ခုတင်ဆောက်အောင်ပို့မှဟု အောက်မေ့ရတော့ကာ အလောင်းရွှေ့ရမည့်နေရာနှင့် အပြင်ဘက်က ခုတင်မှာ မနီးလှ၍ အဘိုးကြီးနှင့် ကျွန်မ ပွေ့ဖို့ရာ နိုင်မှ နိုင်ပါ့မလားဟု ပူပန်လိုက်မိသည်။

ကျွန်မ၏ ရှိရှိသမျှ ခွန်အားကို ထုတ်လျက် အလောင်းကြီးကို တစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်းဆိုင် သူတစ်ဖက်ကိုယ်တစ်ဖက် လက်သွင်းကာ ပွေ့ချီလိုက်ကြသည်။

ယူသွားမည့်လမ်းတွင် အဆင့်တွေ အကွေ့တွေရှိ၍ လက်ပေါ် ရောက်တာနှင့် လေးလွန်းလှသဖြင့် နိုင်မှာ မဟုတ်ဘူးထင်ကာ မျက်လုံးများပင် ပြာသွားသည်။

ကျောင်းသို့ ရောက်ရှိနေသော ပရိသတ်မှာ စုရုံးစုရုံးဖြင့် ခပ်လှမ်းလှမ်းကနေ ကြည့်နေကြလျက် ကျွန်မတို့ အလောင်းကို

ပွေ့လိုက်တာ မြင်လျှင် ရှဲသွားကြကာ နံရံသို့ သွားကပ်နေကြသည်။

ကိုယ်မချိနိုင်သော ဝန်ထုပ်ဝန်ပိုးကြီးကို ခုတင်နား ရောက်အောင် ကြိုးတိုက်၍ ချီပွေ့ရွှေ့လာခဲ့ကြရ၏။

အလောင်းကို ပွေ့လာရင်း ပျဉ်ပေါ်တွင် နင်းခဲ့ကြသော ခြေနင်းသံများသည် နားထဲတွင် တဒိန်းဒိန်း၊ တဖိုးဖိုး ပြန်ကြားနေရသည်။

အဘိုးကြီးနှင့် ကျွန်မ၏ အသက်ရှူသံသည်လည်း အင်္ဂျင်ဖိုဆွဲနေသည့် ရှူးရှဲ ရှူးရှဲ အသံမြည်နေသကဲ့သို့ မြည်နေလေသည်။

လမ်းခုလတ်တွင် ကျွန်မတို့ မနိုင်မနင်း ဖြစ်နေမှန်း မြင်၍ ထဘီ လာကမ်းပေးသော မိန်းမသည် ဖနေသာဘဲ ခြေထောက်ဘက်က ဝင်ကူမပေးလိုက်သဖြင့် ထိုမိန်းမကို ကျေးဇူးတင်မိခြင်းမှာ ပြောမပြတတ်လောက်အောင်ပင် ဖြစ်သည်။

ကျွန်မမှာ ကိုယ်ပွေ့လာသော ပစ္စည်းကို မျက်စိ၌ သေသေချာချာ မမြင်တော့ပေ။

ဇောဒုန်ဖြစ်၍ သူနှင့် ခွာသည့်အခါကျမှပင် ကျွန်မ ပခုံးပေါ်တွင် ဆံပင်ဆံတိုကလေးဝဲကျပါလာသော သူ့အား မြင်လို့မပြီး၊ မြင်လို့မဆုံး ဖြစ်နေပေလိမ့်မည်။





ခုတင်နား ရောက်လျှင် အနားတွင် ရပ်ကြည့်နေကြသော မိန်းမကြီးတစ်ဦးက....

"ပြင်ပါရစေ ပြောချနေ၊ ပြင်မယ်လို့ ပြောချ"ဟု ကတိုက်ကရိုက် လှမ်းပြောလိုက်သည်။

အကယ်၍ အလောင်းချပြီး ရှုံ့နေခဲ့လျှင် နှစ်ခါ ထပ်မပြင်ကောင်း၍ စောစောကတည်းက မချခင် ပါးစပ်က ပြောထားရမည့် စည်းကမ်းကို သဘောပေါက်သွားမိသည်။

ခုတင်ပေါ်ရှိ ပိတ်ဖြူ ခင်းထားရာပေါ်သို့ ချလိုက်ကြသည့်အခါ အလောင်းကြီးမှာ မတည့်ဘဲ စွေစောင်း ရှုံ့နေ လေသည်။

သို့သော် မူးစင်က ပြင်မယ်ဟု အရင်ပြောထားနှင့်ပြီးကြ၍ ကိစ္စမရှိ။

တစ်ခါ ပြန်မ၍ တည့်တည့် ထားလိုက်ကြသည်။

အံကြိတ်၍ မှိန်ကုပ်ကာ ရှုံ့လျက်ရှိသော ကျွန်မ မျက်နှာကို ပင်ပန်းကြီးစွာ ပင့်၍ ပြန်ဟင်းချလိုက်ပြီး ကြီးကြီးခင်၏မျက်နှာကို စိုက်ကြည့်လိုက်သည်။

လောက လူ့ဘောင်ကြီးတွင် နေရစ်ခဲ့သော ကျွန်မအား အမျိုးမျိုး အဖုံဖုံ သင်ခန်းစာများ ပေးသွားသော ကျေးဇူး



ရှင်အား သူ၏ အကျင့်သီလနှင့် စိတ် စေတနာများကို နှစ်လိုကြည်ညိုစွာ ကြည်ညိုပြီးရင်း ကြည်ညိုရင်းဖြင့် ရင်ထဲ၌ တသသကြည်ညိုနေမိလျက် နောက်ဆုံးတွင် ကျွန်မသည် မချိတရိဖြင့်ပင် စိတ်ထဲက သေသူအား ပန်ကြားတမ်းတလိုက်ကာ မည်သူ့ကိုမျှ မကြည့်ဘဲ အလောင်းနားမှ လှည့်ထွက်လာခဲ့သည်။ ဝ

"ဂူသွင်းပါမယ် ကြီးကြီးခင်"

ဂျာနယ်ကျော် မမလေး

အပ္ပမာဒေန သမ္ပာဒေထ
စာပေဆက်ဆံရေး